# ဒိုမဟသမင်

## အပြာရောင်အိပ်မက်မျှော်စင်

www.burmeseclassic.com

### နိုင်ငံရေး ဦးတည်ချက် ( ၄ ) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး


### စီးပွားရေးဦးတည်ချက် ( ၄ ) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် ( ၄ ) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





# အိုမာဆမ်

## အပြာရောင် အိပ်မက်မျှော်စင်

စီစဉ်သူ

မောင်ကျော်လှိုင် (စေတနာစာပေ)

www.burmeseclassic.com





## အခန်း(၁)

ဘယ်တုန်းကမှ စိတ်တိုင်းမကျခဲ့သော ပြင်ဆင်မှုကို ထုံးစံအတိုင်း ဘဝင်မကျစွာ အဆုံးသတ်လိုက်ရပြန်သည်။

မှန်ထဲမှာ မြင်နေရသော ပါးကွက်ထူထူနှင့် မလှမပ မိန်းမတစ်ယောက်ကို ကျောင်းသွားခါနီးတိုင်း စိတ်ပျက်စွာ မြင်နေကျပင်။



www.burmeseclassic.com

ဒါနဲ့တင် မပြီးသေး။ ခပ်ပွပွ ရုပ်အင်္ကျီတစ်ထည်ကို ဝတ်ရပြန်သေးသည်။ ခမှပင် စာခြောက်ရုပ်သာသာ မိန်းမတစ်ယောက်အဖြစ် သူမ ကျောင်းသွားရန် အသင့်ဖြစ်နေပြီဖြစ်သည်။

အခန်းဖော်သူငယ်ချင်းဆီမှ အကောင်းစားရေမွှေးနံ့နှင့် အလှပဆုံး ပြင်ဆင်မှုကို တွေ့ရပြီးနောက် ...

"သွားကြစို့"

သူမ ဆီမှာတော့ မေမေပို့ပေးသော နံ့သာဖြူနံ့ သင်းသင်းမျှသာ။

"ဘယ်လိုလဲ ... Term paper ပြီးသွားပြီလား"

"ညက နှစ်နာရီလောက်မှ ပြီးသွားတယ်"

ညက ညဉ့်နက်သွားသဖြင့် ဒီနေ့ ကျောင်းလာရတာတောင် သိပ်မကြည်လင်။

"ဒီနေ့ Term paper ဖတ်ရမယ် မဟုတ်လား"

"ဟုတ်တယ် ... အဲဒါကြောင့် လာရတာပေါ့ ... မဟုတ်ရင် အဆောင်မှာ တစ်ဝအိပ်ပစ်လိုက်မှာ"





သူမနဲ့ အဆောင်တူ အတန်းတူ နုထွေးက နာမည်နဲ့ လိုက်အောင် နုနုထွေးထွေးနှင့် ချစ်စရာကောင်းသူဖြစ်ပြီး သူမကတော့ ကညစ် ဆိုသည့် နာမည်အတိုင်း ခပ်ညစ်ညစ်ဟု ဆိုရမလိုပင်။

သူမ အမေကတော့ သူမ အမည်နဲ့ပတ်သက်၍ ဘဝင်မကျတတ်သော သူမကို ...

"ကညစ် ဆိုတာ ရှေးက စာရေးတဲ့ ကိရိယာတစ်မျိုးရဲ့ အမည်ပဲ ... စာလုံးပေါင်း များစွာကို မှတ်တမ်းတင်နိုင်အောင် ပေပေါ်မှာ ကူညီပေးခဲ့တဲ့ ပစ္စည်း ... သမီးကိုလည်း အဲဒီလို စာတွေအများကြီး ဖန်တီးနိုင်မယ့် နိမိတ်ကို ယူပြီး ကညစ်လို့ ပေးထားတာ"

ဟု အကျယ်တဝင့် ရှင်းပြလေ့ရှိသည်။

ဒါကြောင့်လည်း သူမကို မြန်မာစာမေဂျာသာ ယူခိုင်းပြီး မဟာဝိဇ္ဇာရအောင် ကြိုးစားထောက်ပံ့ပေးခဲ့ခြင်းပင်။



www.burmeseclassic.com

"ဒီနေ့ နင့်အလှည့်ဆိုတော့ ခနနဲ့တွေ့ပြီ၊ ခန အလှည့်တုန်းက နင်မေးတာတွေ သူ တော်တော်ခေါင်းကိုက်သွားခဲ့တာ၊ နင့်အလှည့် သူ ပြန်ချေလိမ့်မယ် ထင်တယ်"

သူမနဲ့ စာပြိုင်ဘက်ဖြစ်သူ ခန ဆီက ဒီလိုတုံ့ပြန်မှုကို သူမ မျှော်လင့်ပြင်ဆင်ပြီးသားပင်။

"လာလေ ... ကိစ္စမရှိဘူး ... ငါ့စာတမ်းအတွက် မေးလာနိုင်တာတွေ အားလုံးကို ကြိုတင်ရှာဖွေပြီးသား"

တစ်ယောက်နဲ့ တစ်ယောက် အားမနာတမ်း စာဆွေးနွေးကြရင်းမှ မသိမသာ ပြိုင်ဘက်ဖြစ်လာရုံမက ရန်သူအဖြစ်သို့ပင် ကူးပြောင်းလုလု ...

ဒါကလည်း ခန စာတမ်းဖတ်တဲ့ အလှည့်မှာ သူမ ခပ်ခက်ခက် မေးခွန်းကို မေးမိခဲ့သောကြောင့်ပင်။

"ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ကြည့်ကောင်းမယ့်ပွဲပဲ"

နထွေးက အကြောင်းသိဖြစ်၍ ကြိုတင်ခန့်မှန်းပြီး ပြောနေသည်။





ကျောင်းနဲ့နီးသော အပြင်ဆောင်တွင် သူမတို့ငှားနေခြင်းဖြစ်ပြီး၊ သူမတို့ ကျောင်းဝင်းထဲ ရောက်သည်နှင့် သူမတို့ဘေးကဖြတ်လျက် ခန ကားလေး ကျောင်းထဲဝင်သွားသည်။

ခနက သူမတို့ကို ကားပေါ်က ငုံ့စောင်းပြီး မကြည့်ခဲ့သလို သူမကလည်း ခန၏ကားကို မမြင်သလိုပင် နှုတ်ဆိတ်နေသော ကုံကော်ရွက်များကို ငေးလျက် ...။



www.burmeseclassic.com

Stage ပေါ်တွင် စာတမ်းဖတ်ပြီးသွားသည်နှင့် တစ်တန်းလုံးက ထုံးစံအတိုင်း တီးတိုးဝေဖန်သံတွေ ထွက်လာသည်။

"ကဲ ... ကညစ်ရဲ့ စာတမ်းနဲ့ ပတ်သက်ပြီး မေးချင်တာရှိရင် မေးနိုင်တယ် ... ဝိုင်းဝန်း ဆွေးနွေးကြပေါ့"

စာတမ်းကြီးကြပ်ပေးသော ဆရာရဲ့စကားဆုံးသည်နှင့် အားလုံးရဲ့ခေါင်းတွေ ငြိမ်ဝပ်ငုံ့လျှိုးသွားသည်။

ဒါပေမယ့် ခနကတော့ မထီတရီ အပြုံးနှင့် ခေါင်းမော့လျက် ... ပြီးတော့ နေရာမှ ထလိုက်ပြီး ...





"ကညစ်ရဲ့ စာတမ်းလေးက ကောင်းပါတယ်၊ ပြီးတော့ ... ပြဇာတ်စာပေနဲ့ ပတ်သက်ပြီး ပညာရှင်များရဲ့ အယူအဆ သုံးသပ်ချက် တော်တော်များများကို ရှာဖွေထည့်ထားပေးတဲ့အတွက် ကျေနပ်စရာပါပဲ"

ဒီလိုပဲလေ ... အစပိုင်းမှာ ချီးကျူးပြီးမှ ဖြုတ်ချတော့မယ့် အနေအထားအတွက် အားယူနေတာမျိုးလေ။

သူမ ခန ဆီက ဘယ်လိုထိုးနှက်ချက်တွေ ရောက်လာမလဲလို့ မျှော်လင့်လျက် ...

"ဒါပေမယ့် ... ကညစ်ရဲ့ သုံးသပ်ချက်၊ ကညစ်ရဲ့ ယူဆချက်တွေကိုတော့ မတွေ့ရဘူး ဖြစ်နေတယ် ... ကိုယ်ပိုင်ဆုံးဖြတ်ဝေဖန်ချက်လေးပါရင် ပိုပြီးပြည့်စုံမယ့် စာတမ်းလေး ဖြစ်သွားမှာပါ"

ထင်သားပဲ ... အပြစ်တစ်ခုခုကိုတော့ ခန ရှာနိုင်လိမ့်မယ်ဆိုတာ ...



www.burmeseclassic.com

အင်းလေ ... သူမ ကိုယ်တိုင်လည်း ခနု အလှည့်မှာ အပြစ်ရှာနိုင်ခဲ့သေးတာပဲ ...

ဆရာတွေ ဖြစ်စေချင်တာက ဝေဖန် အကြံပေးဖို့၊ ဒါပေမယ့် ... တဖြည်းဖြည်း ဖြစ်သွားတာက အပြစ်ရှာထောက်ပြသည့် လမ်းကြောင်း ဖြစ်သွားသည်။

“ကညစ် အနေနဲ့ရော ... ပြဇာတ်စာပေ တိမ်ကောသွားရတဲ့ အကြောင်းရင်းကို ဘယ်လို သုံးသပ်မလဲ ... စာရေးသူကြောင့်လား ... စာဖတ်သူကြောင့်လား ... ထင်မြင်ချက်လေး တစ်ခုခုကို ပြောပြပေးပါ”

သူမ စာတမ်းခေါင်းစဉ်က “ပြဇာတ်ရဲ့ အာနိသင်” ဖြစ်တာမို့ ဒီမေးခွန်းက အကျုံးဝင်နေသည်။

မေးလိမ့်မည်ဟု ယူဆထားသော မေးခွန်းဖြစ်၍ ကြိုတင်ပြင်ဆင်ထားနိုင်ခဲ့သဖြင့် သူမ နေရာမှ ထလိုက်ပြီး ...

“ကျွန်မရဲ့ ကိုယ်ပိုင်သုံးသပ်ချက်ကို မထည့်ခဲ့တာက





ကျွန်မကိုယ်ကျွန်မ ပညာရှင်လို့ မသတ်မှတ်နိုင်သေးလို့ပဲ၊ အားလုံး ပညာရှာနေကြတာချည်းပဲလေ ... ဒါကြောင့် ပညာရှင်တွေရဲ့ အဆိုအမိန့်ကို မယှဉ်ရဲဘူး ... ယှဉ်လည်း မယှဉ်သင့်ဘူးလို့ ယူဆလို့ပါ ...”

သူမ တစ်တန်းလုံးကိုကြည့်၍ ဖြေခြင်းဖြစ်သော်လည်း သူမရဲ့ မျက်ဝန်းတည့်တည့် စူးစိုက်တည်ရှိရာ နေရာသည် ခနု၏ မျက်ဝန်းအိမ်ပင် ဖြစ်သည်။

ခနုရဲ့ အဖြေကို မျှော်လင့်ခြင်း မဟုတ်သော သူမရဲ့ အခက်တွေ့မှုကိုသာ မြင်ချင်နေသော မျက်ဝန်းအိမ်ကို တည့်တည့်ကြည့်ပြီး ဖြေနေရတာ ကျေနပ်ဖို့ ကောင်းလေစွ။

“ပြီးတော့ ... ပြဇာတ်စာပေ တိမ်ကောသွားရခြင်းရဲ့ အကြောင်းရင်း၊ စာရေးသူနဲ့ရော စာဖတ်သူနဲ့ပါ သက်ဆိုင်တယ်လို့ ယူဆချင်ပါတယ်၊ ပြောင်းလဲ တိုးတက်နေတဲ့ Media တွေကြားမှာ ပြောင်းလဲခံစားချင်တဲ့ စာဖတ်သူနဲ့



www.burmeseclassic.com

ခေတ်ကိုလိုက်ပြီး တင်ပြရေးဖွဲ့ကြတဲ့ စာရေးသူတွေရဲ့ စေတနာကို လိုက်ပြီး တင်ပြပုံ ပြောင်းလဲသွားရလို့ပါ ... စာရေးသူ တင်ပြချင်တဲ့ Theme ကို ဘယ်လိုပုံစံနဲ့ပဲပြပြ အဓိက,က စာဖတ်သူ နားလည်လက်ခံဖို့ပါပဲ ... ဒါကြောင့် ပြဇာတ်စာပေ တိမ်ကောသွားတာဟာ အနုပညာပုံစံတစ်ရပ် တင်ပြပုံ ပြောင်းလဲသွားခြင်း သက်သက်ပါပဲ ... လုံးဝဆုံးရှုံးသွားရတာလို့ ပြောလို့မရပါဘူး"

မနက သူမအဖြေကို လက်ခံလား လက်မခံလား တော့မသိ။ အပြုံးသဲ့သဲ့ကိုတော့ နှုတ်ခမ်းမှာ တပ်ဆင်ထားသည်။

"ကျေးဇူးတင်ပါတယ် ကညစ်"

ဘာလဲ ... နင်ရှုံးသွားပြီလို့ ဝန်ခံလိုက်တာပေါ့။ သူမ ကျေနပ်စွာဖြင့် အံခိပွာယ်ပါပါ မနကို ကြည့်လိုက်သည်။

သို့သော် ...မနက သူမကို ကြည့်မနေသော ပြဇာတ်စာတမ်းစာအုပ်ကို ငုံ့ကြည့်နေသည်။





ငုံ့နေသော မနရဲ့ နဖူးကြော ပြေပြေအောက်မှ ထိဆက်လု မျက်ခုံးနှစ်ခု၏ တွန့်ချိုးနေပုံကို ကြည့်ပြီး မနရဲ့ အလိုမကျသောစိတ်ကို သူမ ခန့်မှန်းနိုင်ပြီး ဖြစ်သည်။



www.burmeseclassic.com

ရေချိုးပြီး သနပ်ခါးလိမ်းရန် သနပ်ခါးသွေးနေသော သူမကို နုထွေးက ပြုံးစစနဲ့ ကြည့်နေပြီး ...

"ကညစ်ရယ် ... တစ်နေ့လောက် အလှပြင်ပြီး ကျောင်းသွားပါလား ... ကြည့်စမ်းပါဦး ... ကညစ်ရဲ့ ပကတိပုံလေးကကို လှနေပြီ"

သွေးထားသော သနပ်ခါးကို ပါးပေါ်တင်လိုက်သဖြင့် အေးစိမ့်မွှေးမြမှုကို နှစ်သက်စွာ ရလိုက်သည်။

"မဟုတ်ပါဘူး နုထွေးရယ် ... ထင်လို့ပါ ... ပြီးတော့ ကညစ် မေမေ့ကို ကတိပေးခဲ့တာကို နုထွေးလည်း သိသားနဲ့"





နယ်မှာ တစ်ယောက်တည်း ကျန်ခဲ့ပြီး စက်ချုပ်၍ သူမကို ထောက်ပံ့နေသော သူမ အမေက သူမကို ကျောင်းလာတက်ခိုင်းစဉ် ကတိတစ်ခုကို အလေးအနက် တောင်းခဲ့လေသည်။

"သမီးက သိပ်လှနေတယ် ... အလှဘက်ကို ဦးစားပေးလွန်းရင် သမီး ပန်းတိုင်ပျောက်သွားလိမ့်မယ် ... ပြီးတော့ သမီးရဲ့အလှကို မက်မောပြီး ပိုးကြပန်းကြတဲ့သူတွေ ရှိလာလိမ့်မယ် ... အလှကို ကြိုက်ပါတယ် ဆိုမှတော့ မေတ္တာစစ် မေတ္တာမှန် ဘယ်ပါတော့မှာလဲ ... ဒါကြောင့် ... သမီး အလှမပြင်ဘဲ ကျောင်းတက်ရမယ်၊ ရှိပြီးသား အလှကိုလည်း မပေါ်အောင် တတ်နိုင်သမျှ ရုပ်ဖျက်ပြီး နေရမယ် ... အမေတို့က ဆင်းရဲပါတယ် သမီးရယ် ... တတ်နိုင်ရင် အလှအပကို စိတ်မဝင်စားတာ အကောင်းဆုံးပဲ"

သူမ အမေက တစ်ယောက်တည်းသာရှိသော သူမရဲ့ အဖော်ဖြစ်သလို၊ အမေကလည်း သူမကို စိတ်မချစွာဖြင့် ဇွတ်မှိတ်၍ ကျောင်းတက်ခိုင်းရခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

"မဟုတ်ပါဘူး ကညစ်ရယ် ... ကညစ် ဘယ်လောက်လှ
လဲဆိုတာကို နွေထွေးက ကြွားချင်လို့ပါ ... နို့မို့ဆိုရင်
ကညစ်ကို လူတွေက အထင်သေးကြလွန်းလို့"

ရုပ်အင်္ကျီဖားဖားကိုပင် အရောင်စုံအောင် မဝတ်နိုင်သော သူမကို နွေထွေးကလွဲလျှင် အားလုံးက ခပ်ရှောင်ရှောင်ပင်။

ကိစ္စမရှိ။ သူမကလည်း အာရုံအားလုံးကို စာထဲတွင်သာ ပုံထားသည်မို့ ဝမ်းမနည်းလှ။

"မနကို ကြည့်ပါလား ... စာလည်းတော်၊ ရုပ်လည်းချော၊
မိဘကလည်း ချမ်းသာဆိုတော့ အချောအလှတွေ ဝိုင်းနေ
လို့ မာန်တက်နေတာ ... ဂုဏ်ထူးတန်း အောင်စာရင်းမှာ
ကညစ် အဆင့်တစ် ရသွားတုန်းကဆို မန အစား မိန်းမ
တွေက မခံချိ မခံသာ ဖြစ်ခဲ့ကြတာ မှတ်မိသေးတယ်"

စကားလမ်းကြောင်းက သူမ အကြောင်းကနေ မန အကြောင်းကို ကူးသွားသည်။





သူမ လက်စသတ်လိုက်ပြီဖြစ်သော ပါးကွက်ကြီးကြီးက သူမ မျက်နှာပေါ်က ပါးပြင်နုနုကို ဖုံးလွှမ်းသွားသည်။

သွားပွတ်တံ မခြစ်ထားသဖြင့် သူမမျက်ခုံးမွှင်မွှင်လေးက ထူထဲသော သနပ်ခါးအောက်တွင် ပျောက်ကွယ်လျက်။

ပါဝါအနည်းငယ်သာရှိသော မျက်မှန်ကို အနက်ရောင်ကိုင်း ထူထူကြီးဖြင့် လုပ်ထားသဖြင့် သူမရဲ့ စိုလက်တောက်ပသော မျက်ဝန်း၏ အလှပင် မပေါ်လွင်ရှာတော့။

ဘယ်သောအခါကမှ ဆေးမကျူ ဖူးသောနှုတ်ခမ်းများကိုတော့ လျှာနှင့် သပ်လိုက်ရုံသာ။

"နွေထွေးရယ် ... ဘဝပေးကသိုလ်ချင်းမှ မတူတာ ... ကဲ...
ထ ထ ... ပန်းဆိုးတန်းမှာ စာအုပ်သွားငှားရအောင်"

ပန်းဆိုးတန်းရှိ စာအုပ်အဟောင်းတန်းတွင် သူမအမေရဲ့ မိတ်ဆွေဆိုင် ရှိသဖြင့် သူမ ဖတ်ချင်သော စာအုပ်များကို ငှားနိုင်လေသည်။ သို့သော် ... ဝယ်သူရှိလာရင်တော့ သူမဆီ ဖုန်းဆက်ပြီး ပြန်တောင်းလေ့ရှိသဖြင့် ခပ်မြန်မြန် ဖတ်ရသည်။



www.burmeseclassic.com

စာအုပ်အစုံ မဝယ်နိုင်သော သူမ အတွက်တော့ ငှားပေးတာကို ပင် ကျေးဇူးတင်နေရသည်။

“အပြန် သိင်္ဂီရွှေရည်မှာ လက်ဖက်ရည်တိုက်မယ်”

နုထွေးက ပျင်းရိစွာဖြင့် လဲလျောင်းနေရာမှ ထပြီး...

“စာကြမ်းပိုးနဲ့ ပေါင်းရတာ ... ပင်ပန်းလိုက်တာ ... အင်း... ဒါပေမယ့် လက်ဖက်ရည် မျက်နှာကြောင့် လိုက်ရဦးမှာပေါ့”

လောကမှာ စိတ်ဝင်စားစရာ အကောင်းဆုံးအရာသည် သူမအတွက် ထိုအချိန်က ဝါကျင်နေသော စာအုပ်အဟောင်းများသာ ဖြစ်ခဲ့သော်လည်း ...။







လက်ဖက်ရည်ကို အရသာခံ၍ သောက်လေ့ရှိသော သူမအတွက် လက်ဖက်ရည်တစ်ခွက်ကို ဆယ့်ငါးမိနစ်ခန့်ကြာအောင် အချိန်ဆွဲ၍ သောက်လေ့ရှိသည်။

ယခုလည်း စာအုပ်သုံးအုပ်ကို ငှားခဲ့ပြီး သိင်္ဂီရွှေရည်တွင် လက်ဖက်ရည် ဝင်သောက်ဖြစ်ကြသည်။

သူမ လက်ဖက်ရည်ပန်းကန် တစ်ဝက်ကျိုးခန့်တွင်တော့ ဆိုင်ထဲသို့ လူတစ်ယောက် ဝင်လာသည်။

ဆိုင်ဝကို မျက်နှာချင်းဆိုင် နေရာယူမိသော သူမအတွက် ဝင်လာသမျှလူကို မြင်နေရသည်။



www.burmeseclassic.com

သို့သော် ... အရပ်ရှည်ရှည်နှင့် မြင်နေကျ အင်္ကျီအဖြူနှင့် ပုဆိုးအရောင်ရင့်ရင့်တို့ကြောင့် မျက်နှာကိုပါ ကြည့်လိုက်စဉ် ...

"ခနဲ"

စိတ်ထဲက ခေါ်မိလိုက်သလို နှုတ်ခမ်းကပါ မပြုံးချင် ပြုံးချင် ပြုံးသွားဖြစ်သည်။

ဒါပေမယ့် အသိအမှတ်ပြု ခေါင်းတစ်ချက် ညိတ်ပြပြီး တွန့်သည်ဆိုရုံလေး နှုတ်ခမ်းအကွေးဖြင့်သာ သူမကို ပြန်ပြုံးပြခဲ့သည်။

"နှထွေး ... ခနဲ ဆိုင်ထဲဝင်လာတယ်"

နှထွေးကို တိုးတိုးသာသာ ကပ်ပြောလိုက်စဉ် နှထွေးက ပျာပျာသလဲ လိုက်ကြည့်နေသဖြင့် ...

"ဟဲ့ ... လိုက်ကြည့်မနေနဲ့ ... ငါတို့ ကျောဘက်လောက်မှာရှိလိမ့်မယ် ... သူလည်း စာအုပ်လာဝယ်တာထင်တယ်၊ လက်ထဲမှာ စာအုပ်တွေ တွေ့တယ်"





သူမ တားနေသော်လည်း နှထွေးက ခနဲကို ရှာဖွေတွေ့ရှိသွားပြီဖြစ်သည်။

"တစ်ယောက်တည်းပဲ ... ဘယ်သူ့စောင့်နေတာလဲ မသိဘူး"

"သူ ရည်းစားစောင့်နေတာ ဖြစ်မှာပေါ့"

ခပ်ပေါ့ပေါ့ပင် မှတ်ချက်ပေးလိုက်မိသည်။

"ရည်းစားဆိုလို့ ပြောရဦးမယ် ... ငါ့ကို ခနဲတို့အုပ်စုထဲက မျိုးကြီး ပြောပြတာ ... ခနဲက မိန်းမတွေကို အထင်မကြီးတတ်ဘူးတဲ့ ... အထင်မကြီးတဲ့အပြင် ... အထင်တောင် သေးတတ်သေးတယ်တဲ့ ..."

"အဲဒါ ... သူ့နားကပ်နေတဲ့ မိန်းကလေးတွေများလို့ ဘဝင်မြင့်နေတာ"

အေးစပြုနေပြီဖြစ်၍ ပို၍ ကျသလိုဖြစ်လာသော လက်ဖက်ရည်ကို တစ်ငုံ့ထပ်မြှုလိုက်ရင်း ပြောလိုက်သည်။



www.burmeseclassic.com

"ငါ့အထင်တော့ ... နင် သူ့ထက် ပိုတော်နေတာကိုလည်း သူ မုန်းနေလား မသိဘူး"

နုထွေးရဲ့ အတွေးခေါင်မှုကို သူ ရယ်ချင်သွားသဖြင့် ခပ်ပြုံးပြုံး လုပ်နေလိုက်ပြီး ...

"ယောကျ်ားတစ်ယောက်ရဲ့ အချစ်ခံရတာထက် အမုန်းခံရတာက ပိုမကောင်းဘူးလား"

သူမရဲ့ ခပ်ရွဲ့ရွဲ့ စကားကို နုထွေးက နှာခေါင်း ရှုံ့လိုက်ပြီး ...

"ဘာပဲဖြစ်ဖြစ် ကညစ်က ပင်ပင်ပန်းပန်း ကြိုးစားရတာ၊ သူ့လို ရေကန်အသင့် ကြာအသင့် ကြိုးစားနေရတာ မဟုတ်ဘူး ... ဟော ... ပြန်တော့မယ် ထင်တယ် ... ထ သွားပြီ"

အတန်းဖော်ချင်း ဖြစ်ပါလျက် ပြုံးပြရုံကလွဲပြီး ရင်းနှီးမှုမရှိတာကတော့ သူမရော ခနပါ တစ်ယောက်ကိုတစ်ယောက် မရင်းနှီးလိုကြခြင်းပင်။





ဆံပင်ညှပ်ပြီးခါစလား မသိ။ ခနရဲ့ ကုပ်ပိုးတစ်လျှောက် ရှင်းလင်းပြေပြစ်နေသည်ကို သူမ အမှတ်မထင် မြင်မိလိုက်သေးသည်။ ပြီးတော့ ... ပိုက်ဆံရှင်းပြီး သုတ်ခနဲ ထွက်သွားလေတော့သည်။

အံ့ဩစရာ ကောင်းသည်မှာ သူမ ပိုက်ဆံရှင်းချိန်တွင် သူမတို့ဝိုင်းအတွက် ခနက ရှင်းပေးသွားသည်ဟု သိလိုက်ရသောကြောင့်ပင်။

အပြုံးကိုပင် စေးနည်းချို့တဲ့စွာ ပြုံးပြသွားသူက သူမတို့အပေါ်တွင် မိတ်ဆွေဝတ္တရားကို ဖြည့်ပေးသွားခဲ့သည်ဟု မယုံချင်စရာ။

"တောက် ... လည်ချောင်းတောင် ယားချင်လာသလိုပဲ ... ခန တိုက်တဲ့ လက်ဖက်ရည်သောက်မိလို့ ထင်တယ်"

ဒေါသ မဖြစ်မိသော်လည်း စိတ်ထဲတွင်တော့ အနှောင့်အယှက် ဖြစ်သွားသည်။

နုထွေးကမူ ...



www.burmeseclassic.com

"ဒီလိုတော့လည်း လူမှုရေး နားလည်သားပဲ"

"ဟဲ့ ... အဲဒါ လူမှုရေး နားလည်တာ မဟုတ်ဘူး ... ငါတို့အပေါ် အမြတ်ထုတ်သွားတာ ... ငါတို့အကြွေး သူ့ဆီ တင်သွားအောင်လုပ်တာ ... ကျောင်းရောက်မှ ပိုက်ဆံပြန်ပေးဦးမယ်"

"ဟာ ... ကညစ်ကလည်း ... ကလေးမဟုတ် သူငယ်မဟုတ် ... ပြန်မပေးပါနဲ့ အားနာစရာကြီး"

"အဲဒီ အားနာစရာကြီးကြောင့် ငါ အမြဲတမ်း သူ့ကို ကျေးဇူးတင်ချင်ချင် မတင်ချင်ချင် တင်နေရမှာပေါ့"

နွေထွေးက သူမအကြောင်း ကောင်းကောင်း သိထား၍ ထပ်မထားတော့။ ထား၍လည်း မရမည်ဆိုတာကို သိထားသောကြောင့်ပင်။

"ငါကတော့ ... ခနေ တိုက်တဲ့ လက်ဖက်ရည်မို့သား မသိဘူး ... စိမ့်ပြီး နွေးနေတာပေါ့"





သူမ မကျေမနပ်ဖြင့် ထိုးလိုက်သော မျက်စောင်းကို နွေထွေးက ရယ်ကျဲကျဲနှင့် တုံ့ပြန်လျက် ...



www.burmeseclassic.com

စားပွဲထိုးကောင်လေး ပြန်ပေးသော ပိုက်ဆံကို နားမလည်စွာဖြင့် သူမ ပြန်ကြည့်လိုက်စဉ် ...

"အစ်မလေး ရှင်းခိုင်းတဲ့ ပိုက်ဆံကို ဟိုအစ်ကိုက လက်မခံဘူးခင်ဗျ ... ပြန်ပေးလိုက်ပါဆိုလို့"

မနေ့က သူမတို့ ကျောင်းအဆင်းတွင် လက်ဖက်ရည်ဆိုင်၌ ခန ထိုင်နေသည်ကို တွေ့ရသဖြင့် ပိုက်ဆံရှင်းပေးခဲ့ခြင်းဖြစ်သည်။ ယခု ထိုဆိုင်မှ စားပွဲထိုးကောင်လေးကပင် ပိုက်ဆံလာပြန်ပေးသဖြင့် အံ့ဩသလိုလို ရှက်သလိုလို ဖြစ်သွားသည်။

"တွေ့လား ... ငါ မပြောဘူးလား"





အရေးထဲ နွေးထွေးက ဝင်၍ ထောက်ခံနေသေးသည်၊

"ပေး ... ရတယ် ... သူ့နည်းနဲ့သူ ပြန်ဆပ်တာကို လက်မခံချင်တော့လည်း အခြားနည်းနဲ့ ပြန်ပေးရတာပေါ့"

စားပွဲထိုး လက်ထဲက ပိုက်ဆံကို ဆတ်ခနဲ ဆွဲယူပြီး ခန ရှိနေတတ်သော နေရာသို့ သူမ ထွက်လာခဲ့လိုက်သည်။

ထမင်းစားချိန်တိုင်း Cafe Aroma တွင် ကော်ဖီသွားသောက်လေ့ရှိသည်ကို သူမ သိထားသည်ဖြစ်၍ ထိုကော်ဖီဆိုင်လေးဆီသို့ ထွက်လာခဲ့ခြင်းပင် ဖြစ်သည်။

ကမန်းကတန်း လိုက်လာသော နွေးထွေးကမူ ...

"ကညစ်ရယ် ... ဒီအတိုင်း နေလိုက်လည်း ပြီးတာပဲ ... ဘာဖြစ်လို့ ရန်စရှည်ချင် မွှေးချင်ရတာလဲ"

"နွေးထွေးကလည်း ဒါ ရန်ဖြစ်တာမှ မဟုတ်တာ၊ အကြွေး



www.burmeseclassic.com

သွားဆပ်တာပဲ ... ငါအတင်မခံချင်တဲ့ အကြွေးကို ငါ ပြန်ပေးမှာပဲ ... ရန်ရှာတာမှ မဟုတ်တာ"

သူမကိုယ်တိုင် ဘာကြောင့် မနနဲ့ ပတ်သက်ရင် Sensetive ဖြစ်နေမှန်းမသိ။

Aroma ထဲတွင် တစ်ယောက်တည်း ထိုင်နေသော မနက စာအုပ်တစ်အုပ်ကိုဖတ်လျက် ... (သူမ မြင်ပြင်းကဏ်သည့် အချက်ထဲတွင် ထိုအမူအရာလည်း ပါသည်။)

အချိန် အလွန့်ကို ရှားပါးသော လူတစ်ယောက်ပမာ ရတဲ့အချိန်လေးမှာ စာဖတ်နေရသည့် ပုံမျိုးဖြင့် ...

အေးချမ်းဆိတ်ငြိမ်လွန်းသဖြင့် သူမ သယ်ဆောင်လာသော ဒေါသမာနလေးပင် လျော့ပါးသွားသယောင်ယောင် ...

"မန"

စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီး ဖတ်နေသော မနက သူမ ခေါ်သံကို တစ်ချက်တည်းနဲ့ မကြား။





သူမ ကိုယ်ကို နည်းနည်းငုံ့ကိုင်းလိုက်ပြီး ...

"မန ..."

"ဟင် ..."

လန့်သွားဟန်နှင့် ပခုံးတစ်ချက် ဆတ်ခနဲ ဖြစ်သွားပြီး အံ့သြစွာ မော့ကြည့်လာသည်။

အနီးကပ်ဆုံး မြင်လိုက်ရခြင်းဖြစ်၍ မန၏ မျက်လုံးများ လှပလွန်းတာကိုပါ သူမ တွေ့လိုက်ရသည်။

"ဩော် ..."

သူ့အံ့သြသံက မျှော်လင့်ထားတာကို လက်ခံလိုက်ရသည်နှယ် ...

"ထိုင်လေ ..."

ဘာမှ မဖြစ်သလို အေးအေးဆေးဆေး အသွင်နှင့် သူမတို့ကိုပင် ထိုင်ခိုင်းနေသေးသည်။

သူမ မတ်တတ်ရပ်လျက်ပင် ...



www.burmeseclassic.com

"ဟိုနေ့က သီဂီရွေရည်မှာ လက်ဖက်ရည်ဖိုး ရှင်းပေးခဲ့တဲ့ အတွက် ပိုက်ဆံလာပြန်ပေးတာပါ"

"ကျွန်တော် အတန်းဖော်ချင်းမို့လို့ တိုက်တာပါ၊ ပြန်မပေး ပါနဲ့"

"ကျွန်မလည်း ပြန်မပေးချင်ပါဘူး ... ဒါကြောင့် မနေ့က မနေ အတွက် လက်ဖက်ရည်ဖိုးကို ကျွန်မ ရှင်းပေးခဲ့တာ ပေါ့ ... ဒါပေမယ့် မနေ လက်မခံဘူး မဟုတ်လား"

သူမ အသံထဲတွင် ဒေါသများက ထင်ထားသ လောက် မဖုံးလွှမ်းနေ။

တည်ငြိမ်စွာဖြင့်ပင် ပြောနေမိသည်။

"ဪ ... မနေ့က လက်ဖက်ရည်ဖိုးက ကညစ် ရှင်းပေး တာလား ... ကျွန်တော် မသိဘူး ... ကျွန်တော်က မိန်း ကလေးတစ်ယောက် ရှင်းပေးသွားတာကိုပဲ သိတာလေ ... ဒါကြောင့် ကျွန်တော် လက်မခံတာပေါ့"





မနေ ရှင်းပြတာကို အလွယ်တကူ လက်ခံချင်သလို ဖြစ်သွားသော သူမ စိတ်ကို အံ့သြစွာ ...

သို့သော် ...

"ဒါဆိုရင်လည်း ... အခု ကျွန်မ ပြန်ပေးတဲ့ ပိုက်ဆံကို လက်ခံပေးလိုက်ပေါ့ ..."

မနေက သဘောကျသလို ဟက်ခနဲ ရယ်လိုက်သဖြင့် တစ်ဖက်တည်းသော သွားစွယ်လေးက ဖျတ်ခနဲ ပေါ်သွားသည်။

မနေ အပြုံးကို နှစ်သက်စွာဖြင့် သူမ ငေးခနဲ ဖြစ် သွားသည်။

"ဪ ... ကညစ်ရယ် ... ကလေးဆန်လိုက်တာ ... ကြုံတဲ့တစ်နေ့ ကျွန်တော် ပြန်သောက်ပါ့မယ် ... ပိုက်ဆံ တော့ မယူပါရစေနဲ့"

သူမကို မြင်ပြင်းကတ်စွာ ထိုးနှက်လိမ့်မည်ဟု သူမဘက်က ယူဆချက်ကို ရှက်ရွံ့သလို ခံစားလိုက်ရသည်။



www.burmeseclassic.com

သူမကို ကလေးတစ်ယောက်လို သဘောထားလျက်

သူ့ကိုယ်သူတော့ လူကြီးတစ်ယောက်လို ရင့်ကျက်စွာ ပြုမူလျက်...

"ဘယ်တော့ ကြုံမလဲဆိုတာကိုရော သိမှ မသိသေးတာ"

သူမ ဒုတိအကြိမ် ကလေးဆန်လိုက်မိလေပြီလား။

"ကြုံမှာပါ ... ကျွန်တော်တို့တစ်တွေ တောင်ငူဆောင်မှာ ရှိနေကြဦးမှာပါ"

သူက အေးဆေးတည်ငြိမ်စွာ အကြောင်းပြချက်ပေးလိုက်သည်။ ဒါကိုပင် သူမကလည်း အလွယ်တကူ လက်ခံပြီးသားဖြစ်နေသည်။

သူဖတ်နေသော စာအုပ်အဖုံးကို အမှတ်မထင် ကြည့်လိုက်စဉ် အင်္ဂလိပ်ဝတ္ထုစာအုပ်တစ်အုပ် ...

"Great Expectations"

မြန်မာဘာသာသို့ ဆရာကြီးရွှေဥဒေါင်း ပြန်ဆိုခဲ့ဖူးသည်ကို သူမ ဖတ်ခဲ့ဖူးသည်။





"မျှော်တလင့်လင့်တဲ့"

တိုက်ဆိုင်နေလား မသိ။

သူမ ပြုံးလိုက်မိသည်။



www.burmeseclassic.com

နွေထွေး နေမကောင်းသဖြင့် ညနေစာကို သူမ တစ်ယောက်တည်း စားရမည်ဖြစ်၍ အလွယ်တကူ လက်ဖက်သုပ်ကိုသာ ဝယ်ခဲ့လိုက်သည်။

"ကညစ် ပြန်လာပြီလား"

သူမ ပြန်လာသည်ကို နွေထွေးက အိပ်ရာထဲမှ လှမ်းမေးလိုက်သည်။

"အင်း ... နွေထွေး သက်သာလား"

မေးသာမေးရသည်။ သနပ်ခါးပါးကွက်နှင့် ရေချိုးပြီးထားပုံရ၍ နေကောင်းနေပြီကို ခန့်မှန်းမိလိုက်သည်။





"နေကောင်းပါတယ် ... နည်းနည်းခေါင်းနောက်နေတာပဲ ရှိတော့တယ် ... ဒါနဲ့ နေ့လယ်က ဦးလေးထွန်းဆီက ဖုန်းလာတယ် ... စာအုပ်လာမှာတဲ့သူရှိလို့ ဒီညနေ စာအုပ် လာပို့ပေးပါတဲ့ ..."

စာအုပ်ရောင်းသော ဦးလေးထွန်းဆီက ငှားထားသည့် သံနှင့်သွေး ဝတ္ထုက ဖတ်၍မပြီးသေး ...

မတတ်နိုင် ... နောက်တစ်ခါ ဆိုင်မှာရှိတော့မှပင် ဆက်ဖတ်ရပေတော့မည်။

"ဒါဆိုလည်း အင်္ကျီမလဲတော့ဘူး ... တစ်ခါတည်း သွားပို့ပေးလိုက်တော့မယ် ... ပြီးတောင် မပြီးသေးဘူး"

"နွေထွေးကတော့ နေ့လယ်က ဖုန်းလာတာနဲ့ ပြီးအောင် ဖတ်ထားလိုက်တယ် ... နွေထွေး ပြန်ပြောပြမှာပေါ့"

နွေထွေး အိပ်ရာဘေးတွင် ရှိနေသော ဝတ္ထုစာအုပ်ကို ကောက်ယူပြီး ပန်းဆိုးတန်းသို့ ထွက်လာခဲ့လိုက်သည်။



www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် ဒီလ အမေ့ဆီက ပိုက်ဆံပို့လာရင်တော့ စာအုပ်ကောင်းကောင်း တစ်အုပ်ကို ပိုင်ပိုင်နိုင်နိုင် ဝယ်ဖတ်လိုက်ဦးမည်ဟု စိတ်ကူးလိုက်မိသည်။

စာအုပ်ဆိုင်တွင် သူမကို စောင့်နေသော ဦးလေးထွန်းက သူမကို မြင်သည်နှင့် ...

"ကညစ်ရယ် ... လာမှ လာပါ့မလားလို့ ... ဝယ်မယ့်လူကိုလည်း ဒီညနေ ချိန်းထားမိလို့ ... အလောတကြီး ပြန်တောင်းရတာ ... ဖတ်ပြီးသွားပြီလား"

"ဟင့်အင်း ... မပြီးသေးဘူး ဦးလေးထွန်း ... ကိစ္စမရှိပါဘူး ... နောက်တစ်ခါရမှ ဆက်ဖတ်တာပေါ့"

မိုးစိုမည်စိုး၍ ကြွပ်ကြွပ်အိတ်နှင့် ထုတ်လာသော စာအုပ်ကို ကမ်းပေးလိုက်သည်။

"ဟာ ... အတော်ပဲ ... ဟိုမှာ စာအုပ်မှာထားတဲ့ လူလည်းလာပြီ"





ယောက်ျားတန်မဲ့ နီဖွေးသော ခြေသည်းခွံများကို ပိုင်ဆိုင်ထားသူအဖြစ် စာအုပ်လာဝယ်သော ခြေထောက်ပိုင်ရှင်ကို ကြည့်လိုက်စဉ် ...

"ဓနံ"

"ကညစ်ပါလား"

"ဩော် ... မင်းတို့က အသိတွေလား"

သူမ ခေါင်းညိတ်ပြလိုက်မိသည်။

"စာအုပ်ငှားထားတာ ... ကညစ်လား"

ဘာကြောင့်မှန်းမသိ။ သိမ်ငယ်သလို ခံစားချက်တစ်ခုကို ခံစားလိုက်ရသည်။

"ဟုတ်ပါတယ်"

"ဟာ ... ဒါဆို အားနာစရာ ကောင်းနေပြီ ... ဖတ်ရောဖတ်ပြီးသေးရဲ့လား"

"ဟုတ်ကဲ့... ဖတ်ပြီးသွားပါပြီ"



www.burmeseclassic.com

လိမ်ပြောခြင်းကိုသာ အကောင်းဆုံး အဖြေအဖြစ် ရွေးချယ်လိုက်ရသည်။

"ဒါဆိုလည်း ကျေးဇူးပဲ"

မနက တခြားစာအုပ်များကို ဆက်ရွေးနေပြီး သူမကတော့ ဦးလေးထွန်းနှင့် စကားဆက်ပြောလျက် ...

"ကညစ် အမေဆီက လူကြုံရောက်လာပြီ"

လစဉ် သူမအတွက် အသုံးစရိတ်ကို သူမအမေက ဦးလေးထွန်းဆီ၌ ပို့ထားမြဲပင်။

ဦးလေးထွန်း ထုတ်ပေးသော စာအိတ်တစ်အိတ်နှင့် ပိုက်ဆံတစ်ထုပ် ...

"ကညစ် စာပြန်ရေးချင် ရေးထားလေ ... နောက်တစ်ပတ် လူကြုံပြန်လိမ့်မယ်"

ခေါင်းညိတ်ပြပြီး ပိုက်ဆံများကို ထုတ်ရေလိုက်စဉ် ...





"ရှစ်ထောင်တည်းပါလား ... ခါတိုင်း တစ်သောင်းပို့နေကျပါ ..."

အမြဲတမ်း တစ်သောင်းအောက်လျော့၍ မပို့ပေးဖူးသောကြောင့် သူမ အံ့ဩမိသလို စိတ်ထဲကလည်း စိုးရိမ်သွားမိသည်။

"မေမေ ဘာဖြစ်လို့ပါလိမ့်"

"သိပ်နေမကောင်းဘူးလို့ ပြောတာပဲ ... စာထဲပါမှာပေါ့"

ဦးလေးထွန်းနဲ့ လွတ်လွတ်လပ်လပ် စကားပြောမိပြီးမှ မနု ရှိနေသေးတာကို သတိရသွားသည်။

မသိမသာ လှည့်ကြည့်လိုက်စဉ် ထုံးစံအတိုင်း စာအုပ်တစ်အုပ်ကို ရွေးပြီး စိတ်ဝင်တစား ဖတ်နေသည်ကို တွေ့ရသည်။

မဆီမဆိုင် သိမ်ငယ်သလိုလို ဘာဖြစ်လို့များ ခံစားနေရတာပါလိမ့်။



www.burmeseclassic.com

ဆင်းရဲခြင်းအတွက် သူမ ဘယ်တုန်းကမှ စိတ်မပျက်မိသလို၊ ရှက်လည်း မရှက်မိခဲ့ပေ။

ယခုမှ ... သူမအခြေအနေအား ဓနု ကြားမှာ စိုးရိမ်နေမိခြင်းကို သူမကိုယ်သူမ စိတ်ပျက်နေမိသည်။

"နင်ကလည်း ခေါင်းမာ ... နင့်အမေကလည်း ခေါင်းမာနဲ့၊ နင့်အမေ အသက်ကြီးနေပြီ ... စက်ချုပ်ပြီး နင့်ကျောင်းစရိတ် ထောက်နေတာ ကြာရင် ကျန်းမာရေး ထိခိုက်လိမ့်မယ်"

ဦးလေးထွန်းက အတွင်းသိ အစင်းသိဖြစ်၍ အားမနာတမ်း ဝေဖန်နေသည်။ သူမကတော့ ဓနု ကြားမှာ စိုးရိမ်လျက် ...

"ဒီစာအုပ်လည်းယူမယ် ဦးလေး"

ဓနုက ရွေးထားသော စာအုပ်တစ်အုပ်ကို လှမ်းပေးရင်း မေးလိုက်သဖြင့် ဦးလေးထွန်း စကားစ ပြတ်သွားသည်။

"ပြန်တော့မယ် ဦးလေးထွန်း"





တခြားကိစ္စ မရှိတော့၍ ပြန်ရန် သူမ နှုတ်ဆက်လိုက်စဉ် ...

ဓနုက ...

"ကညစ် ဘယ်ကိုပြန်မှာလဲ ... ကျွန်တော် လိုက်ပို့ပေးမယ်လေ"

ဝတ္တရားအရပဲဖြစ်ဖြစ်၊ စိတ်ရင်းအမှန်ကြောင့်ပဲဖြစ်ဖြစ် အလေးထားဖော် ရသည့်အတွက် ဓနု အပေါ် ထင်ထားသော အထင်သေးမှုများက တဖြည်းဖြည်း လျော့ကျနေသည်။

"ရပါတယ် ... ကျေးဇူးပဲ ... ကျွန်မ ဝင်စရာတစ်နေရာ ရှိသေးလို့"

မလိုက်နိုင်ပါဘူး မာပြတ်ပြတ် မပြောနိုင်ခြင်းကပင် ဓနု အပေါ် ထားသော သူမရဲ့ ပျော့ပျောင်းလာမှုပင် ဖြစ်သည်။

"ကညစ် ... ဖတ်ဖို့စာအုပ် ယူသွားဦးလေ"



www.burmeseclassic.com

သူမ မယူချင်တော့ ...

ခနှ ရှေ့မှာ ပုံမှန်မဖြစ်နေသော သူမကိုယ်သူမ အားမရစွာဖြင့် ...

"ဖတ်စရာရှိသေးတယ် ဦးလေးထွန်း၊ နောက်မှလာယူတော့မယ်"

ခနှကိုတော့ အပြုံးဖြင့် ခေါင်းဆတ် နှုတ်ဆက်လိုက်သလို ခနှကလည်း ပြန်၍ ခေါင်းညိတ်ပြလေသည်။

ခနှရှေ့က ထွက်လာသည်နှင့် ခနှနှင့် ပတ်သက်သော သူမရဲ့ ခံစားချက်များက ပြန်၍ သွေးအေးသွားပြီး မေမေနဲ့ ပတ်သက်သော စိုးရိမ်မှုများက ဝင်ရောက်လာသည်။

ဘာပဲဖြစ်ဖြစ် ဒီလအတွက် စားစရိတ်ကို သူမ ပို၍ ချွေတာရဦးမည်ပင်။

ချို့တဲ့မှုတွေနှင့် ကြိုးစားနေရခြင်းကို ပြည့်စုံ သူများနားလည်သိရှိလိမ့်မည် မဟုတ်ပေ။





အလားတူပင် ... ခနှ သည်လည်း ...

မတွေးချင်တော့၍ ခေါင်းခါလိုက်သည်နှင့် ခနှ ပျောက်ကွယ်သွားရပြန်သည်။



www.burmeseclassic.com

“စာထဲမှာ ဘာတွေ ရေးထားလဲ ကညစ်”

စာဖတ်ပြီးသည်နှင့် နုထွေးက သူမကို လှမ်းမေးသည်။

“ဘာမှ ထွေထွေထူးထူး မပါပါဘူး ... နေသိပ်မကောင်းလို့ စက်မချုပ်နိုင်ဘူးတဲ့ ... ဒါကြောင့် ပိုက်ဆံနည်းနည်းပဲ ပို့ပေးနိုင်တယ်တဲ့ ... ငါ အိမ်ပြန်ရင် ကောင်းမလား မသိဘူး”

“စာမေးပွဲဖြေဖို့ တစ်လလောက်တော့ လိုသေးတယ် ... ကညစ် ပြန်ချင်ရင် ပြန်လေ ... ဒါပေမယ့် နုထွေးက ကညစ်လို လက်ချာမြန်မြန် မလိုက်နိုင်ဘူး ... နုထွေးစာကို ကညစ် စိတ်တိုင်းကျမှာ မဟုတ်ဘူး”





စာလောဘကြီးသော သူမအတွက် နုထွေး လက်ချာကို ရောင့်ရဲနိုင်မှာ မဟုတ်တာတော့ သေချာနေသည်။

“မနနဲ့ ပြေလည်လာတယ်ဆို ... မန ဆီက ပြန်ကူးလိုက်ပေါ့”

မနနဲ့ စာအုပ်ဆိုင်မှာ ဆုံလာခဲ့ခြင်းကို နုထွေးက လိုရာဆွဲတွေးနေပြန်သည်။

“တော်စမ်းပါ နုထွေးရယ် ... မနနဲ့ ပတ်သက်တာကို ပြောချင်ရင် ဒီမှာပဲပြော ... ကျောင်းမှာ မပြောမိစေနဲ့ ... သူ့အကြောင်း ပါးစပ်ပေါ် တင်တာနဲ့တင် လွန်နေပြီ”

မေမေ့စာကို စာအုပ်တစ်ခုကြားထဲမှာ ညှပ်လိုက်ပြီး တစ်လက်စတည်း မြင်နေရသော မှန်ထဲမှ သူမကိုယ်သူမ ကြည့်လိုက်သည်။

ပထမဆုံးအကြိမ် ဝင်လာသည့် ခံစားချက်က သူမ လှလိုလာခြင်းပင်။



www.burmeseclassic.com

အမြဲတစေ အုပ်ကွယ်ထားရသော သူမအလှကို တစ်ခါတလေတော့လည်း လွတ်လပ်ခွင့် ပေးလိုက်ချင်သည်။ ဒါပေမယ့် ဒီခံစားချက်က ဘယ်က အရင်းတည် ဖြစ်ထွန်းလာရတာကိုတော့ သူမ မစဉ်းစားချင်။ သူမ အမေကတော့ သူမကို နှစ်သိမ့်ခဲ့ဖူးသည်။

"အလှပြင်တယ်ဆိုတာ ကိုယ့်အတွက် မဟုတ်ဘူး ... သူများအတွက် ... သမီး စဉ်းစားကြည့်လေ ... ကိုယ်လှတာကို ကြည့်ပြီး သူများတွေက ကြည်နူးမယ် ... သဘောကျမယ် ... ကြည့်ချင်နေကြမယ် ... ဘယ်မှာလဲ ကိုယ့်အတွက်"

သူမ မေမေ ပြောခဲ့စဉ်တုန်းက စောဒက မတက်ခဲ့မတောင်းဆိုခဲ့။

"အင်း ... ကညစ်မေမေရဲ့ စည်းကမ်းအတိုင်း ဆိုရင်တော့ ဒီဘဝမှာ ကညစ် အပျိုကြီးပဲ လုပ်ရတော့မယ် ထင်တယ်"





အလှကို အရင်းခံပြီး အိမ်ထောင်ပြုရမယ် ဆိုရင်တော့ သူမ ရုပ်ဆိုးစွာနဲ့ပဲ တစ်ယောက်တည်းဘဝကို ကျော်ဖြတ်မိမည်ပင်။

"ကညစ် ... တကယ်ပြန်မှာလား"

"စာမေးပွဲပြီးမှပဲ ပြန်တော့မယ် ... တစ်လပဲ လိုတော့တာ တောင့်ထားလိုက်ပါဦးမယ်"

တစ်လဆိုတဲ့ ကာလကို ခဏလေး ကုန်သွားလိမ့်မည်ဟု ထင်ခဲ့သော်လည်း ထိုတစ်လတာကာလက သူမနဲ့ မေမေ့ကို ဆွဲခွာပစ်ခဲ့လိမ့်မည်ဟု မတွေးမိခဲ့ပေ။



www.burmeseclassic.com

အဆောင်ရှေ့မှာ ဦးလေးထွန်းကို တွေ့လိုက်ရသဖြင့် အံ့သြသွားခြင်းနဲ့အတူ စိုးထိတ်မှုကပါ ကပ်ပါလျက် ...

သူမကို အလောတကြီး စောင့်နေပုံရပြီး သူမကို မြင်သည်နှင့် ...

"ကညစ် ... အဝတ်အစား နည်းနည်းယူပြီး အခု ကားဂိတ်ဆင်းတော့ ... ငါ ကားလက်မှတ် တစ်ခါတည်း ဝယ်လာတယ်"

"ဟင် ... ဘာဖြစ်လို့လဲ ဦးလေးထွန်း ... မေမေ ... မေမေ တစ်ခုခုများ ..."

တွေးထင်မိပြီးမှ မထင်ရဲစွာ ဆက်မမေးရဲပြန်တော့။





ဦးလေးထွန်းကမူ သူမအတွက် ဘာကိုမှ မကွေ့ဝိုက် မဖုံးကွယ်တော့ဘဲ ...

"နင့်အမေ မနေ့က ဆုံးသွားပြီ ... အဲဒါ နင် ချက်ချင်းပြန်ဖို့လုပ်တော့"

သူမ ရပ်လျက်နှင့် သတိမေ့သွားသလို ဘာကိုမှ မမြင်ရတော့ ...

"ကညစ် ... ကညစ် ... စိတ်ထိန်းလေ"

"သမီးကပဲ သူ့အဝတ်တွေ သိမ်းပေးလိုက်ပါကွယ်"

ဟုတ်ရဲ့လား ... မေမေ ...

သူမ စာမေးပွဲဖြေပြီးရင် မေမေ့ဆီ ပြန်လာမယ်လို့ စိတ်ကူးထားတာ ... ဘာဖြစ်လို့ အဲဒီအချိန်ထိ မစောင့်ရတာလဲ။

"ကညစ် ... အချိန်မရှိဘူး သမီး ... ကားက ငါးနာရီ ထွက်မှာ"

ဟင့်အင်း ... ဒါ အိပ်မက်ပါ ...

"ရပြီ ဦးလေး ... ငါးစုံလောက် ထည့်ထားပေးတယ်"



www.burmeseclassic.com

"လာ ... ကညစ် ... ဦးလေး လိုက်ပို့ပေးမယ်"

သူမ ခြေထောက်များက ဒရွတ်ဆွဲ ပါသွားသော ခန္ဓာကိုယ်တစ်ခုရဲ့ အပိုပစ္စည်းများပမာ ...

ကားပြတင်းပေါက်မှ တိုးဝှေ့တိုက်ခတ်လာသော လေများက သူမ မျက်နှာတစ်ခုလုံးကို အေးစက်မာကျောစေလျက် ...

ဘယ်သူ့ကိုမှမမြင် ... ဘာကိုမှ မကြား ...

ငြိမ်သက်အေးချမ်းစွာ အိပ်ပျော်နေသော မေမေက သူမကို တစ်ဖန်ပြန်လည် နိုးထစေလျက် ...

တစ်လျှောက်လုံး ခန်းခြောက်ခဲ့သော မျက်ရည်များက မေမေ့ ရင်ဘတ်ပေါ်တွင် စိုလူးလျက် ...

တကယ့်ကိုပင် ငြိမ်းချမ်းစွာဖြင့် မေမေက သူမကို ခွဲခွာနှုတ်ဆက်ခဲ့လေပြီ။

မေမေ ကိုယ်တိုင်ပင် သူမအတွက် ကြောင့်ကြချိန် မရလောက်အောင် မြန်ဆန်ခဲ့သည်တဲ့။





"ဦးနှောက်သွေးကြော ပြတ်သွားတာပါ" ဆိုတဲ့ နားယဉ်လှသလို နားခါးလှတဲ့ ရောဂါတစ်မျိုးက သူမကို အားကိုးရာမဲ့စေလျက် ...

သူမရဲ့ တစ်ဦးတည်းသော၊ အရင်းချာဆုံးဆွေမျိုးဖြစ်သည့် မေမေရဲ့ မျက်ကွယ်မှာ သူမသည် တစ်ကောင်ကြွက်ဆိုသော ဂုဏ်ပုဒ်တစ်ခုကို လျင်မြန်စွာ ပိုင်ဆိုင်ခဲ့လေပြီ။

၄



www.burmeseclassic.com

သူမ ဘာဆက်လုပ်မလဲ ဆိုသည့် အဖြေကို မေမေ ရက်လည်သည့် နေ့ခင်း၌ပင် သူမ ပေးနိုင်ခဲ့သည်။

ဖြောင်ကျကျ မမေးခဲ့ကြသော်လည်း စောင့်မျှော်နေကြသည့် အဖြေဖြစ်ကြောင်း သူမ သိထား နားလည်ထားခဲ့သော ကြောင့်ပင်။

"ကျွန်မ ကျောင်းထွက်မယ်"

ရန်ကုန်မြို့ပေါ်တွင် ကျောင်းတက်ရင်း ဘဝကို ရပ်တည်နိုင်ရေးသည် အလွန်ခက်ခဲသော အလုပ်တစ်ခုဖြစ်မှန်း သူမ သိနေသည်။





အားလုံးကလည်း သူမတို့လို အခြေအနေမျိုးသာ ဖြစ်၍ ဘယ်သူကမှ မကန့်ကွက်ရဲ။ ကန့်ကွက်ခြင်းရဲ့ နောက်ကွယ်မှာ တာဝန်ယူနိုင်မှုဟူသော ဂယက်အနက်က ရှိနေသည် လေ။

"ကညစ် ... သေသေချာချာ စဉ်းစားဦးလေ"

ရက်လည်ခါနီး တစ်ရက်ကမှ ရောက်လာသော ဦးလေးထွန်းကသာ ချင့်ချိန်စဉ်းစားရန် အကြံပေးသည်။

"ကျွန်မ ဘယ်လိုလုပ်သင့်သလဲဆိုတာ ဦးလေးထွန်း သိပါတယ် ... ကျွန်မ ကျောင်းဆက်တက်ချင်ပါတယ် ... ဒါပေမယ့် မဖြစ်နိုင်တော့ဘူးလေ ... စိတ်မကောင်းတာက မေမေ ဖြစ်စေချင်တဲ့ အရာကို ကျွန်မ ပြီးအောင်မလုပ်နိုင်တာပါပဲ"

တည်ငြိမ်စွာ ရှင်းပြနိုင်ခဲ့သည့် အကြောင်းပြချက်များက သူမ ချည့်နဲ့စွာ ဆုံးဖြတ်ခဲ့ရသော ဆုံးဖြတ်ချက်များပင်။



www.burmeseclassic.com

"ကျောင်းမှာ ဆရာ၊ ဆရာမတွေနဲ့ တိုင်ပင်ကြည့်ပါဦး ... ငါလည်း စဉ်းစားပေးဦးမှာပါ ... ဒီအတန်းထိ ရောက်လာပြီးမှ ကျောင်းထွက်မယ် ဆိုတော့လည်း နှမြောစရာကြီး"

"ကျွန်မလည်း ဘယ်လုပ်ချင်ပါ့မလဲ ဦးလေးထွန်းရယ် ... ဒါပေမယ့် ကျွန်မ ဆက်ပြီး အသက်ရှင်နေဖို့ အတွက်က အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခုကိုပဲ ရွေးချယ်ရမယ်လေ ... အကောင်းဆုံးကတော့ မေမေ ပေးထားတဲ့ အပ်ချုပ်အတတ်ပညာကိုပဲ အားကိုးရတော့မှာပေါ့"

သူမ တကယ့်ကို လှိုက်လှိုက်လှဲလှဲ နာနာကျင်ကျင် ပြုံးမိလိုက်သည်။

သူမဘဝကို ပုံစံချ သတ်မှတ်ပေးထားသော ကံကြမ္မာကိုသာ သူမ နာကြည်းလျက် ...

"ကျွန်မ မနက်ဖြန် ရန်ကုန်ပြန်ပြီး ကျောင်းကိစ္စတွေ အပြတ်ဖြတ်ရမယ် ... ဒီအရပ်ကတော့ ကျွန်မ ရွေးချယ်





ရမယ့် အလုံခြုံဆုံး နေရာဆိုတော့ ဒီမှာပဲ အခြေချရတော့မှာပေါ့"

သူမဘဝကို သူမဘာသာ ရွေးချယ်ကွပ်ကဲရမည့် အခြေအနေကို ဖြုန်းစားကြီး ရင်ဆိုင်လိုက်ရပေမယ့် ထူးခြားသည်မှာ သူမ တည်ငြိမ်စွာ ရင်ဆိုင်နိုင်ခြင်းပင် ဖြစ်လေသည်။



www.burmeseclassic.com

"ကညစ် ... ဒါ ... နွေထွေးတို့ အတန်းက ကူညီတဲ့ ထောက်ပံ့ငွေပါ"

စာအုပ်များကို ကြိုးနှင့် စည်းနေသော သူမအနီးသို့ နွေထွေး ရောက်လာပြီး ကြင်နာဖျောင်းဖျစွာ ပြောစဉ် ...

"ဘာရယ် ... နွေထွေး"

သူမအသံက နည်းနည်း ဆတ်သွား၍ နွေထွေး၏ ကမ်းပေးနေသောလက်က တုံ့ခနဲ ဖြစ်သွားသည်။

"ဟို ... အတန်းထဲက E.C စီစဉ်ပေးတာပါ ... တစ်တန်းလုံးရဲ့ စေတနာပါ ကညစ်ရယ်"





စိတ်ရှုပ်ထွေးမှုထဲက သိမ်ငယ်မှုကို သူမ ကြိုးစား ဖျောက်ဖျက်နေကာမှကွယ် ...

"နွေထွေးရယ် ... ငါ့စိတ်ကို နင်သိသားနဲ့"

သူမ စိတ်ပျက်စွာ အပြစ်တင်လိုက်မိသည်။

"ဒါပေမယ့် ... ကညစ် အခု သိပ်ခက်ခဲနေတယ် မဟုတ်လား"

ဒီကူညီမှုလေးက သူမရဲ့ တစ်သက်တာ ခက်ခဲမှု မှန်သမျှကို ပြေပျောက်စေနိုင်မှာတဲ့လား ...

ခဏတာ အဆင်ပြေမှုအတွက် ရင်းလိုက်ရမယ့် မာနကိုတော့ သူမ နှမြောလွန်းအားကြီးစွာ ...

"ကညစ် ဘယ်လောက်ခက်ခဲနေပါစေ မေမေ့ကို ခုတုံးလုပ်ပြီး ရလာတဲ့ အကူအညီကို ဘယ်တော့မှ မယူဘူး"

နွေထွေးက အားနာစွာဖြင့် အိုးတိုးအန်းတန်း ဖြစ်နေသည်။



www.burmeseclassic.com

ဒီတော့လည်း ... နုထွေးကို သူမ ပြန်၍ အားနာသွားပြီး ...

"မေမေ့ကိစ္စ ပြီးသွားပြီလေ ... နုထွေးရယ် ... မေမေ့အတွက် ကူတဲ့ အကူငွေကို ကညစ် မလိုချင်ဘူး ... မေမေ့ရဲ့နောက်ဆုံးခရီးကို ဘယ်သူ့အကူအညီမှ မလိုဘဲ ကညစ် ပြီးအောင် လုပ်နိုင်ခဲ့ပါတယ် နုထွေးရယ်"

မေမေ ဆင်ထားသော ဆွဲကြိုး၊ နားကပ်နှင့် လက်ကောက်တစ်စုံ၊ (သူမတို့ သားအမိ၏ ပိုင်ဆိုင်မှု အကုန်ပင် ဖြစ်သည်)ကို မေမေ့အတွက်ပင် သူမ ပြန်လည်အသုံးချခဲ့ခြင်း ဖြစ်သည်။

"ကညစ် လက်မခံရင် နုထွေး ဘယ်လိုလုပ်ရမှာလဲ ... နုထွေးက ကညစ် ကိုယ်စား အတန်းထဲမှာ ယူခဲ့ရတာ" "သူတို့ပိုက်ဆံတွေကို ပြန်ပေးလိုက်ပေါ့၊ စာရင်းရှိတယ် မဟုတ်လား"





နုထွေးက ပိုက်ဆံကို ထုပ်ထားသော စက္ကူကို ဖြန့်ကြည့်နေသည်။

ထိုစာရွက်လေးထဲမှာ နာမည်စာရင်းနှင့် ပိုက်ဆံကို မှတ်ထားကြောင်း သူမလည်း တွေ့နေရသည်။

"ပြန်ပေးဆိုလည်း ပြန်ပေးလိုက်ပါ့မယ် ကညစ်ရယ်"

နုထွေးက ရှုံ့မဲ့၍ ပိုက်ဆံထုပ်ကို ပြန်သိမ်းလိုက်သည်။

"ကညစ်"

ပြီးတော့မှ တစ်ခုခုပြောချင်ဟန်ဖြင့် သူမကို ပြုံးစစနှင့်ခေါ်ပြီး ...

"ဟင် ... ဘာလဲ နုထွေး"

စာအုပ်ထုပ်ကို အပြီးသတ် စည်းနှောင်ပြီးဖြစ်၍ လွတ်နေသော ခုတင်ပေါ်သို့ တင်လိုက်ရင်း ထူးလိုက်စဉ် ...

"ခန ကလေ ..."



www.burmeseclassic.com

ထိုအမည် ပါလာသည်နှင့် သူမရဲ့နားက အလိုလို စိတ်ဝင်တစား စွင့်မိပြီးသား ဖြစ်သည်။

သို့သော် မျက်လုံးများကမူ အေးစက်စွာနှင့် စိတ်မဝင်စားဟန် ...

"ခနက ငါးသောင်းတောင် ထည့်တယ် သိလား"

နုထွေးက တိုးတိုးတိမ်တိမ်နှင့် စိုးရွံ့စွာ ပြောလိုက်သော်လည်း သူမကတော့ အံ့သြတကြီး နုထွေးကို ပြန်ကြည့်လိုက်မိသည်။

"ခနက ဘာဖြစ်လို့ ဒီလောက်များများ ပေးရတာလဲ ... ငါ့ကို ချိုးချင်လို့ ဖြစ်မှာပေါ့"

စေတနာသည် တစ်ခါတစ်ရံ အစွန်းရောက်တတ်သော စိတ်ခံများကြောင့် ဦးတည်ရာ ပြောင်းသွားရမှန်း သူမ သိထားသော်လည်း သူမရဲ့ အစွန်းရောက်သောစိတ်ကို မစွန့်လွှတ်နိုင်သေးသည်မို့ ထိုသို့ ပြောလိုက်မိခြင်း ဖြစ်သည်။





"မသိပါဘူး ... ပိုက်ဆံတွေ သိပ်ပေါနေတော့လည်း လျှောက်ပေးနေတာ ဖြစ်မှာပေါ့ ... ပြီးတော့ ခနက မေးသေးတယ်"

"ဘာမေးတာလဲ"

ဘာဖြစ်လို့ သူမ သိချင်ရတာပါလိမ့်။

"ကညစ် ကျောင်းပြန်တက်မှာလားတဲ့"

သူမရင်ထဲ နှံးချည့်သွားသလို ထူးဆန်းစွာ ခံစားလိုက်ရသည်။

"နုထွေး ဘာဆက်ပြောလိုက်လဲ"

"နုထွေးမှ မသိတာ မသိဘူးလို့ ဖြေလိုက်တာပေါ့ ... ဒါပေမယ့် နုထွေးက ပြန်မေးလိုက်ပါတယ်"

အခုထိ သူမ ပစ္စည်းတွေ သိမ်းနေခြင်းကို နုထွေး မသိဘူးထင်။

"ဘာဖြစ်လို့ မေးတာလဲလို့ ခနကို ပြန်မေးလိုက်တာပေါ့"



www.burmeseclassic.com

ခနေ ပြန်ပြောမယ့်စကားက သူမစိတ်ကို အမြင့်ဆုံး အထိ သိချင်စိတ်ကို နှိုးဆွလျက် ...

နုထွေးက အချဉ်ထုပ် တစ်ထုပ်ကို အေးအေးဆေး ဆေးဖောက်ပြီး မြုံ့နေသေးသည်။

"ခနက ဖြေလား"

နုထွေးက ခေါင်းညိတ်လိုက်ပြီး ...

"ဖြေတယ် ... ကညစ်က သူ့ရဲ့ပြိုင်ဘက်ဆိုတော့ ကညစ် ကျောင်းမတက်တော့ရင် သူ့အရည်အသွေးတွေ ညံ့ကုန်မှာ စိုးလို့တဲ့"

မြင့်တက်နေသော မျှော်လင့်ချက်များက အိခနဲ ပြိုဆင်းပျက်စီးသွားသည်။

"စိတ်မကောင်းစရာပဲ"

သူမ အသံက နာကျင်မှုများဖြင့် တင်းမာလျက် ...

"ငါ သူ့ရဲ့ပြိုင်ဘက်အဖြစ် ဆက်မနေနိုင်တော့ဘူးလေ ... ငါ ကျောင်းက ထွက်တော့မယ်"





နုထွေး လက်ထဲက အချဉ်ထုပ်လေး ပြုတ်ကျသွား ပြီး ...

"ဘယ်လို ကညစ် ... နင် ကျောင်းထွက်မယ် ဟုတ်လား"

သူမ ဒီတစ်ခါ ခေါင်းညိတ်တာလောက် လေးလံမှု မျိုး မရှိဘူးခဲ့။

"ဟုတ်တယ် ... ငါ့ဘဝငါ ရပ်တည်ဖို့ ကြိုးစားရမယ်လေ၊ ဝမ်းရေးအတွက် အရင်ဆုံး ကြိုးစားရဦးမယ် ... ကျောင်း ကိစ္စက ငါ့အတွက် ဒုတိယ ဖြစ်သွားပြီ နုထွေး"

"ဒါဆို ... နင် အခုပစ္စည်းတွေ လာသယ်တာပေါ့ ... ဟုတ်လား"

"ဆိုပါတော့ ... အဆောင်ခကို ကြိုပေးထားတာဆိုတော့ လကုန်တဲ့အထိ နေလို့ရသေးတယ်လေ ... တစ်ယောက် တည်း ရပ်တည်ရမယ့် ဘဝအတွက် ဒီနယ်မြေမှာ အား မွေးလို့ ရသေးတာပေါ့"



www.burmeseclassic.com

နုထွေးက သူမ ထိုင်နေသော ခုတင်ပေါ်သို့ လာကပ်ထိုင်လိုက်ပြီး သူမ ပခုံးကို ဖျစ်ညှစ်ပြီး အားပေးနေသည်။

လကုန်ရန် ဆယ်ရက်မျှ လိုနေသေးသော လတစ်လ၏ ရက်စွဲများကို ယခင်က မြန်မြန်ကုန်ပါစေဟု ဆုတောင်းခဲ့ဖူးသည်။ ယခုမူ ရက်များသာမဟုတ် စက္ကန့်တံများကိုပင် တတ်နိုင်လျှင် ဆွဲခိုရပ်နားခိုင်းထားချင်သည်။





ဦးလေးထွန်းဆီက ဖုန်းဆက်ကတည်းက သူမပြန်ရန် နှုတ်ဆက်ခြင်း ဖြစ်လိမ့်မည်ဟု ထင်ခဲ့သည်။ သို့သော် ...

"ကညစ် ... သမီး အလုပ်လုပ်ရင်း ကျောင်းတက်နိုင်တဲ့ အခွင့်အရေးတစ်ခု ဦးလေး တွေ့ထားတယ် ... စိတ်ဝင်စားတယ်ဆိုရင် မနက်ဖြန်ညနေ ငါးနာရီလောက် ဆိုင်ကို လာခဲ့ပါလား"

အပြောင်းအလဲကို စောင့်မျှော်နေခြင်း မဟုတ်သော်လည်း အပြောင်းအလဲ သတင်းကိုတော့ သူမ စိတ်ဝင်စားလှသည်။

"ဟုတ်ကဲ့ ... ကျွန်မ စိတ်ဝင်စားပါတယ် ... လာခဲ့မယ်



www.burmeseclassic.com

လေ ... အပြောင်းအလဲကောင်း တစ်ခုခု ဖြစ်ပါစေလို့တော့ မျှော်လင့်ရမှာပဲ”

နောက်ထပ် ၂၄ နာရီ ကာလလောက်ကိုတော့ သူမ စိတ်ရှည်စွာ စောင့်နိုင်သေးသည်။ ထို ၂၄ နာရီအတွင်း သူမ မျှော်လင့်ချင်တာ မျှော်လင့်နေနိုင်သည်ပဲ။

တကယ့် တကယ်တမ်းကျတော့ သူမ ဘာကိုမှ မမျှော်လင့်ရဲ ဖြစ်နေသည်။ စိတ်ဝင်စားစရာကောင်းသော စာအုပ် တစ်အုပ်ကို မျက်စိညောင်းလောက်အောင် ဖတ်လိုက်ပြီး အိပ်ရေး ဝဝ အိပ်ပစ်လိုက်သည်။

ဦးလေးထွန်း ချိန်းသော အချိန်ထက် နာရီဝက် စောပြီး ရောက်သွားခဲ့ချိန်တွင် ဦးလေးထွန်းက သူမအတွက် အားတက်နေကြောင်း တွေ့ရသည်။

“တိုက်တိုက်ဆိုင်ဆိုင်ပဲ ကညစ်ရေ ... သမီး ကံလို့ပဲ ပြော ရမလား မသိဘူး ... အလုပ်ကလည်း သမီးနဲ့ လိုက်ဖက် တယ်လို့ ဦးလေး ထင်တယ်”





ဖင်ထိုင်ခုံ အပုတစ်လုံးကို သူမထိုင်ရန် ယူထုတ် ပေးရင်း အားတက်သရော ပြောနေသည်။

“ဘာအလုပ်လဲ ဦးလေးထွန်းရဲ့ ... ကညစ်ကိုလည်း ပြော စမ်းပါဦး”

သနပ်ခါး ထူပြစ်ပြစ်ပေါ်မှ ချွေးများကို လက်ကိုင် ပဝါဖြင့် သုတ်လိုက်စဉ် သနပ်ခါးနှစ်များက ချွေးနှင့်အတူ ကပ် ပါလာသည်။

“အလုပ်က ကွန်ပျူတာရိုက်ပြီးသားကို ဖရုဖ်ဖတ်ပေးရ မယ့် အလုပ် ... စာလုံးပေါင်းနဲ့ စာကျန်တွေကို စစ်ပေး ရမှာလေ ... ညနေပိုင်း လာဖတ်ပေးရင် ရတယ် ... ဒါပေ မယ့် တစ်နေ့လုံး ရိုက်ထားတာကို ဖတ်ပေးရမှာဆိုတော့ နည်းနည်းများတယ် ... အပြန်တော့ နောက်ကျလိမ့်မယ်၊ ဒါပေမယ့် လခကောင်းတယ် ... ကညစ်ကျောင်းစရိတ်ကို ကာမိလိမ့်မယ်လို့ ထင်တယ်”



www.burmeseclassic.com

"ဘယ်လောက်ပေးမှာတဲ့လဲ"

"တစ်သောင်းက စပေးမယ်တဲ့ ... ဒါပေမယ့် တဖြည်းဖြည်း တိုးပေးသွားမယ် ပြောတယ်"

အရင်က သူမ မေမေသည်လည်း တစ်လ တစ်သောင်း ပို့ပေးခဲ့သည်။ ထိုပိုက်ဆံကိုပင် လောက်ငအောင် သူမ ခြိုးခြံချွေတာ သုံးတတ်ခဲ့သည်ပဲ။

"ဘယ်မှာလုပ်ရမှာလဲ ဦးလေးထွန်း"

"ပန်းဆိုးတန်းမှာ"

"ပိုင်ရှင်ကရော ဦးလေးထွန်း"

"အင်း ... လင်မယား နှစ်ယောက်ပဲ ... အလုပ်ကိစ္စကို သူ့အမျိုးသမီးက ပြောတာ ... ဒေါ်ထက်ထက်ခိုင်တဲ့ ... အသက်ငါးဆယ်ကျော်လောက်တော့ရှိပြီ၊ သဘောကောင်းကြပါတယ် ... ကညစ် အခက်အခဲကိုသိလို့ အလုပ်ချိန်ကို ညနေပိုင်း ဆင်းလို့ရတယ်လို သူတို့ပဲ ပြောကြတာ"





ကြိုးစားလျှောက်လှမ်းသင့်သည့် လမ်းတစ်ခုကို မြင်ရပြီဖြစ်၍ သူမ ဆက်လှမ်းရပေဦးမည်။

"ဘယ်တော့ သွားတွေ့ရမှာလဲ ဦးလေး"

ဦးလေးထွန်းက စာအုပ်ဝယ်သူလာ၍ သူမနဲ့စကားစခဏဖြတ်ပြီး စာအုပ်ရောင်းနေသည်။

ဘာပဲဖြစ်ဖြစ် ဦးလေးထွန်းဆီက စာအုပ်ထပ်ငှားခွင့်ကို သူမ ပြန်ရနေပြီပဲ။

ပေ့ါပါးကြည်နူးလာသော စိတ်ကပင် အားအင်တစ်ခုကို မွေးဖွားပေးလျက် ...

ဈေးတည့်သွားပြီဖြစ်၍ စာအုပ်ဝယ်သူ ထွက်သွားတော့မှ ...

"တတ်နိုင်ရင် မနက်ဖြန် စဆင်းပါတဲ့၊ အလုပ်စဆင်းတဲ့နေ့မှ တွေ့ကြတာပေါ့တဲ့ ... ယုံကြည်ရတဲ့ လူတွေမို့လို့ ဦးလေးလည်း လုပ်စေချင်တယ် ... ကညစ်လည်း သဘောကျမှာပါ ... စာဖတ်ပေးရတဲ့ အလုပ်ပဲ"



www.burmeseclassic.com

ရွေးချယ်စရာ မရှိသော သူမ အတွက် ကောင်းသော အသက်မွေးဝမ်းကျောင်း အလုပ်ဆိုရင် မည်သည့်အလုပ်ကိုမှ လက်လွှတ်ခံမည် မဟုတ်ပေ။

"ဒါဆို ... ကညစ် မနက်ဖြန် အတန်းပြီးရင် လာခဲ့မယ်လေ"

ပြန်ခါနီး ဦးလေးထွန်း စာအုပ်ဆိုင်၏ အပေါ်ဆုံး ထောင့်လေးတွင် ခင်နှင်းယု၏ ကြေးမုံရိပ်သွင် ဝတ္ထုတိုပေါင်းချုပ် စာအုပ်ကို တွေ့လိုက်သဖြင့် ...

"ဦးလေးထွန်း ... ခင်နှင်းယု ဝတ္ထုစာအုပ် ကညစ် ငှားသွားချင်တယ် ... မနက်ဖြန် ယူလာခဲ့ပေးမယ်လေ"

"ဒီညနေ ဓန လာယူမယ်ဆိုလို့ ... သူမှာထားလို့ ဦးလေးထွန်း ရှာထားတာ ... အတန်းတူတူပဲဆို ဓန ဆီက ငှားဖတ်ပါလား"

"ရပါတယ် ... နောက်တွေ့မှာပဲ ဖတ်တော့မယ်"





သူမ စာအုပ်ငှားနေကျ ဆိုင်ကိုမှ စာအုပ်မှာဝယ်တတ်သော ဓနသည် သူမရဲ့ လမ်းတွေကိုလိုက်ပိတ်ဆို့နေသည် ထင်ရလောက်အောင် နေရာဦး ပိတ်ဆို့နေတတ်သူပင်လား။



www.burmeseclassic.com

သူမ အလုပ်က လွယ်ကူချောမွေ့စွာပင် ပိုင်ရှင်နှင့်ပင် မတွေ့လိုက်ရဘဲ ဆိုင်တာဝန်ခံတစ်ယောက်နှင့် မေးသင့်ပြောသင့်သည်များကို ပြောဖြစ်ခဲ့ကြပြီး သူမ အလုပ်ရခဲ့သည်။

နောက်တစ်ရက် သူမ ကျောင်းပြန်တက်သည်နှင့် နုထွေး၏ သတင်းဖြန့်ထားမှုကြောင့် အားလုံးကအံ့သြနေသည်။

သူမကတော့ သူမရဲ့ နိမ့်ပါးမှုအတွက် သိမ်ငယ်ချိန် မရလိုက် ... မေးလာသူများကို အမှန်အတိုင်းပြောပြပြီး ... ပျက်ခဲ့သော ကျောင်းစာများကို ပြန်ကူးနေသည်။

"ကညစ် ... နင့်ရဲ့ ပြိုင်ဘက်ကြီးကတော့ ဝမ်းသာနေမှာပဲ"





နုထွေး ဘယ်သူ့ကို ရည်ရွယ်မှန်းသိ၍ သူမ ဘာမှ ပြန်မပြောဘဲ ခန ရှိရာဘက်သို့ မသိမသာ အကဲခတ်လိုက်စဉ် ထုံးစံအတိုင်း စာအုပ်တစ်အုပ်ကို သဲသဲမဲမဲ ဖတ်နေလျက် ...။

အမြင်ကတ်ချင်စရာ ကောင်းလောက်အောင် ကြိုးစားပြတတ်သော ခန၏ အကျင့်ကို သူမကလွဲရင် အားလုံးက ချီးကျူးတတ်သည်။

ဘုရားရေ ... ဒါဆို သူမ မနာလို ဖြစ်နေတာလား၊ သဝန်တိုနေတာလား ...။

ထိတ်လန့်တကြား ... သူမ အတွေးစကို ဖြတ်ပစ်လိုက်ရသည်။

"သူ့ပိုက်ဆံကို ပြန်ပေးတော့ ခန ဘာပြောသေးလဲ"

ဘာပဲဖြစ်ဖြစ် ခန ဆီက သတ်မှတ်ချက် တစ်ခုခုကိုတော့ သူမ ကြားချင်နေသေးသည်။

"ကျွန်တော် တောင်းပန်ပါတယ်တဲ့ ... ဘာကြီးလဲ မသိဘူး နော်"



www.burmeseclassic.com

နုထွေး နားမလည်သည့် ခနေ၏ ဆိုလိုချက်ကို သူမ နားလည်သဖြင့် ကျေနပ်စွာ ပြုံးလိုက်သည်။

"တချို့ကတော့ ပြောတယ် ... ကညစ် နားထောင်ချင်လား"

သူမအပေါ် မကောင်းသော သတ်မှတ်ချက်ဖြင့် ရှုတ်ချကြမှာပေါ့ ...

သူမ နားမထောင်ချင်ဟု ပြောမည်ကြံလိုက်စဉ် နုထွေးက နားထောင်ချင်သည် အထင်နှင့် ...

"အလကား အခြောက်တိုက် ဘဝင်မြင့်နေတာတဲ့"

သူမ တရားရစွာ ပြုံးမိလိုက်ပြီး ..

"အခြောက်တိုက် ဘဝင်မြင့်နေတာ မဟုတ်ဘူး နုထွေးရဲ့၊ ဘဝင်မြင့်စရာရှိလို့ မြင့်နေတာပေါ့"

နုထွေးက နားမလည်စွာ ပြန်ကြည့်နေသဖြင့် ...

"ကညစ်မှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်မယ့် ခံယူချက်ရယ် ... ကြိုးစားရမယ်ဆိုတဲ့ စိတ်ဓာတ်ရယ် ...





ဘယ်သူ့အကူအညီကိုမှ မယူဘူးဆိုတဲ့ မာနရယ် ... အဲဒါတွေကြောင့် ဘဝင်မြင့်နေတာပေါ့ ... အခြောက်တိုက် မဟုတ်ပါဘူး"

သူမ ပြောလိုက်သော စကားအတွက် သူမတာဝန်ယူရဲစွာ မှန်ကန်နေသောကြောင့် သူမ လိပ်ပြာလုံနေပါသည်။



www.burmeseclassic.com

"တော်သေးတယ် ... ကညစ် ကျောင်းထွက်မယ် ကြားတုန်းက ကျွန်တော့် ပြိုင်ဘက်တစ်ယောက် ဆုံးရှုံးရတော့မယ်ဆိုပြီး အားမလို အားမရ ဖြစ်မိသေးတယ်"

သူ့ရဲ့အတ္တက ညှာတာမှု ကင်းမဲ့လွန်းနေသလား။

"ဒါဆို ရှင့်အတွက် ကျွန်မ ကျောင်းဆက်တက်နေရသလို ဖြစ်နေပြီ"

သူမ ရွဲ့ပြောလိုက်ခြင်းကို အကင်းပါးသော ခန သိပေလိမ့်မည်။

အရှက်ပြေ ရယ်သံကို ကြားလိုက်ရပြီးနောက် ...

"ကျွန်တော့် အကြွေး ပါသွားပြီဆိုပြီး ကြံကြံဖန်ဖန် တွေးမိလိုက်သေးတယ်"

ကျောင်းမှာ တည်သလောက် အပြင်မှာ ဖော်ရွေရင်းနှီးစွာ နေတတ်သူအဖြစ် ခန အပေါ် သတ်မှတ်မိလိုက်သည်။

"ကျွန်မ ပြန်ဆပ်မှာပါ ... လက်ဖက်ရည်တစ်ခွက်လောက်နဲ့တော့ သံသရာ မယူသွားပါဘူး"





သူမကလည်း ပေါ့ပါးကြည်နူးစွာ ပြန်ပြောဖြစ်နေသည်။

မကြာခင်ပင် ကားဂိတ်ရောက်တော့မည်ဖြစ်၍ သူမ စကားစ ဖြတ်လိုက်သည်။

"ကျွန်မ ကျောင်းသွားတော့မယ်"

ကြောင်တောင်တောင်နှင့် ကျန်ခဲ့လေမည်လား မသိ။ သူမ ခြေလှမ်းများကတော့ အရှိန်မြင့်၍ မှတ်တိုင်၌ ရပ်ရန်တာစူနေသော ၄၈ ဘတ်စ်ကားပေါ်ရှိရာသို့ ...။

ပြည့်သိပ်နေသော ကားပေါ်သို့ ခြေနှစ်ချောင်းလုံး ရပ်၍ရရန် ကြိုးစားနေချိန်တွင် သူမ ခေါင်းထဲ၌ ခန မရှိတော့။ ချွေးနံ့၊ ဆေးလိပ်နံ့၊ ပစ္စည်းမျိုးစုံတို့၏ အနံ့များကို ရော၍ အသက်ဝအောင်ရှူရင်း ...။



www.burmeseclassic.com

“ကညစ် ... ဒီသနပ်ခါးကြီးတွေ လူးဦးမလို့လား”

ကျောင်းသွားခါနီး အလှပြင်နေသော နုထွေး

သနပ်ခါးသွေးနေသော သူမကို လှမ်းမေးလေသည်။

“အင်းလေ ... ဘာဖြစ်လို့လဲ”

“ကညစ် အမေကို ပေးထားတဲ့ ကတိပဲ ... သူမှမရှိတော့

တာ ... ဒီလိုပြောလို့ တစ်မျိုးမထင်နဲ့နော် ကညစ်”

နုထွေးရဲ့ စိတ်ရင်းကို သိထားသူဖြစ်၍ သူမ စိ

မဆိုးရက်အား ...

“မေမေက ကညစ် အတွက် တောင်းခဲ့တဲ့ ကတိပဲ ...





ဒီအတိုင်းပဲ ကောင်းပါတယ် နုထွေးရယ် ... ခုဆိုရင်

ကညစ် ဘဝက ပိုတောင် အားကိုးရာမဲ့နေသေးတာ ...

ဒီနည်းလေးက လုံခြုံနေတာပဲလေ”

သနပ်ခါး မတင်ရသေးသဖြင့် ဝါဖန့်ဖန့်နှင့် နုညက်

နေသော ပါးပြင်ကို ပွတ်သပ်နေမိသည်။

စိမ်းညို့ညို့ မျက်ခုံးတန်းလေးအောက်က မျက်တောင်

ရှည်များပေါ်တွင် မကြာခင် သနပ်ခါးပျစ်ပျစ်များ တင်ပေဦးတော့

မည်။

သနပ်ခါးဝနေ၍လား မသိ၊ သူမ အသားက အမြဲ

တမ်း အေးအိဝင်းစင်နေတတ်သည်။

“ထားပါတော့ ကညစ်ရယ် ... ဒါနဲ့ အလုပ် လုပ်ရတာ

အဆင်ပြေရဲ့လား”

“အင်း ... ပြေပါတယ် ... စာမေးပွဲနီးရင်သာ အလုပ်များ

မှာ စိုးနေရတယ်”



www.burmeseclassic.com

"ခွင့်ယူလို့ မရဘူးလား"

"တစ်ရက်တလေတော့ ယူလို့ရပါတယ်၊ ဒါပေမဲ့ ဆက်တိုက်သုံးလေးရက်ယူလို့ မရဘူး ... အလုပ်တွေ ပုံသွားမှာစိုးလို့ထင်တယ်"

သနပ်ခါးများကို ခပ်ထူထူလိမ်းပြီးပြီဖြစ်၍ အိတွဲနက်မှောင်နေသော ဆံပင်များကို နဖူးပြောင်အောင် ခပ်တင်းတင်းသိမ်းပြီး သားရေကွင်းနှင့် နောက်ဘက်တွင် စုစည်းထားလိုက်သည်။

အနည်းငယ်ကျယ်သော နဖူးဖြစ်၍ နဖူးပြောင်သိမ်းလိုက်ခြင်းဖြင့် နဂိုရုပ်ထက်ပို၍ ရင့်ရော်သွားသည်။

"ဒါနဲ့ ... ဒီနေ့ ဓန စာတမ်းဖတ်ရမယ့်နေ့နော်"

"အင်း"

ဓန ဆို၍ ညက ဓနနဲ့ တွေ့ခဲ့တာကို နထွေးကို မပြောရသေး။ ပြောရလောက်အောင်လည်း အရေးပါသည်ဟု မထင်၍ မပြောဖြစ်တော့။





"ဘယ်လိုလဲ ... ကြိုဖတ်ထားပြီးပြီလား"

ဓန စာတမ်းမှမဟုတ်၊ ဘယ်သူ့စာတမ်းကိုမဆို မူရင်းဆောင်းပါးကို သူမ သေသေချာချာ ဖတ်ခဲ့သည်ပဲ။

"အင်း"

နထွေး ပြောသမျှကို ခေါင်းညိတ်ရင်း ရှပ်အင်္ကျီအကွက်တစ်ထည်ကို ကောက်ဝတ်လိုက်သည်။

ဒီတော့လည်း သေးကျင်လှပါသည်ဆိုသော သူမခါးလည်း ရှပ်အင်္ကျီအောက် ပုန်းအောင်းပျောက်ကွယ်သွားရတာပဲလေ။

အရောင်ရင့်ရင့် ဖြောင့်လုံချည်တစ်ထည်ကို ဝတ်ဆင်ပြီးသည်နှင့် ကျောင်းသွားရန် အသင့်ဖြစ်နေပြီ ဖြစ်သည်။

ဘုရားရှိခိုးပြီး ခေါင်းရင်းရှိ မေမေ့ ဓာတ်ပုံကို ရှိခိုးလိုက်သည်။

သူမလောက် နဖူးမကျယ်သောကြောင့် နဖူးပြေပြေ



www.burmeseclassic.com

ကို အပြောင်သိမ်း၍ ဆံထုံးမြင့်မြင့် ထုံးထားသော မေမေသည် ကြော့ရှင်းလှပနေသည်။

သို့သော် ... မေမေကိုယ်တိုင်က ထိုလှပခြင်းကိုပင် အပြစ်တစ်ခုသဖွယ် မုန်းတီးလျက် ...။





ထူးထူးခြားခြား ဒီနေ့ ပရုဖ်ဖတ်စရာတွေ နည်းနည်းသာ ရှိနေသည်။ နေ့ခင်းက တစ်နေ့လုံး မိုးသည်းနေသဖြင့် အလုပ်သိပ်မလုပ်ရတာထင် ...

အနည်းဆုံး ရှစ်နာရီလောက်အထိ ဖတ်ရလေ့ရှိသော်လည်း ဒီနေ့ ခုနစ်နာရီ မထိုးခင်ကပင် အားလုံးပြီးသွားပြီဖြစ်သည်။

စက်ရိုက်သူများလည်း အလုပ်နည်းသဖြင့် ပြန်သွားကြပြီဖြစ်ရာ ဆိုင်တာဝန်ခံက သူမကိုလည်း ပြန်ခွင့်ပေးလေသည်။



www.burmeseclassic.com

"ပြန်ချင်ပြန်လေ ... အလုပ်မှ မရှိတော့တာ"

စောစောပြန်ရမည်ဖြစ်၍ ဝမ်းသာစွာပင် သူမ ပြန်ခဲ့လိုက်သည်။

မိုးအုံ့နေသဖြင့် ခုနစ်နာရီ မထိုးသေးသော်လည်း လုံးဝမှောင်နေပြီ ဖြစ်သည်။

တစ်နေ့လုံး အားယူစွာထားရသဖြင့် မောနေဟန်ရှိသော မိုးသည် ခဏနားနေရာမှ ပြန်စွာရန် အရှိန်ယူနေပြန်သည်။

အကြမ်းရေးရန်အတွက် ဆိုင်မှ တောင်းလာသော သုံးပြီးသား တစ်ဖက်လွတ် စက္ကူများ စိုသွားမှာ စိုးရိမ်နေ သည်။

ထင်သည့်အတိုင်းပင် မိုးက ခပ်ပြင်းပြင်း လေကိုပါ သယ်ဆောင်၍ ရွာချလိုက်သည်။

အကြိမ်ကြိမ် ပြင်ထားရသော ထီးကို အားပြုထိန်းထားသည့် ကြားမှပင် ထီးရိုးက အလယ်မှ ပြန်ကျိုးသွားလေသည်။





နီးစပ်ရာဆိုင်တစ်ဆိုင်သို့ ခိုဝင်ဖို့ရာလည်း ဘီယာဆိုင် ဖြစ်နေပြန်သည်။

စက္ကူထုပ်ကို ရင်ဘတ်မှာပိုက်ရင်း ခပ်သုတ်သုတ် ပြေးလျှောက်ပြီး အအေးဆိုင်တစ်ဆိုင် တွေ့သည်နှင့် ဝင်ထိုင်လိုက်ရသည်။

မိုးအေးသဖြင့် လူမရှိသော အအေးဆိုင်ထဲတွင် သူမ တစ်ယောက်တည်းသာ ...

ဈေးသက်သာသော သံပရာရည်တစ်ခွက်ကို မှာလိုက်ပြီး အငြိုးတကြီး သည်းနေသောမိုးကို မြန်မြန်စဲပါစေ ဟုသာ ဆုတောင်းနေမိသည်။

သူမလိုပင် ဆိုင်ထဲသို့ ခပ်သုတ်သုတ်နှင့် လူတစ်ယောက် ဝင်လာသည်။

ခပ်ကြီးကြီး ယောကျာ်းဆောင်းထီးကို ပိတ်လိုက်ပြီး ခါက်လှည့်၍ ဆိုင်ထဲဝင်လာစဉ် ...



www.burmeseclassic.com

"မန ..."

တိုက်ဆိုင်လွန်းသည်ဟု ပြောရမရအောင် သူမနဲ့ မန ခဏခဏ ဆုံနေကြသည်။

သူမ စိတ်ထဲကသာ ရှေ့ရှောင်မိလိုက်ခြင်း ဖြစ်သော်လည်း မနက သိနေသူတစ်ယောက်ပမာ သူမ ရှိရာဆီသို့သာ တန်းတန်းမတ်မတ် လျှောက်လာနေသည်။

"ထိုင်မယ်နော်"

ထီးကို စားပွဲဘေးတွင် ထောင်လိုက်ရင်း သူမ ခေါင်းမညိတ်ပြခင် ဝင်ထိုင်လေသည်။

"ကညစ်ကို ဒီဆိုင်ထဲ ဝင်သွားတာ တွေ့လို့"

"သြော်"

ဘာကြောင့် တိုက်ဆိုင်ရတာကို အဖြေသိသွားပြီ ဖြစ်သည်။

"ကျွန်တော်က ဒီနားမှာပဲနေတာ"





"အင်း"

သူမဘက်က အေးတိအေးစက် ပုံစံကို မန ဂရုမပြုသွားလား မသိ။ ပြောချင်တာကို ဆက်ပြောရင်း သူ့ကိုယ်ပေါ် ရေစိုနေသော နေရာအချို့ကို လက်ကိုင်ပဝါဖြင့် သုတ်နေသည်။

"ထီးရိုးကျိုးသွားပြီ မဟုတ်လား"

သူမရဲ့ ဖြစ်ပျက်ပုံ အစအဆုံးကို မန တွေ့သွားခဲ့ဖြစ်၍ ရှက်သွားသလိုပင်။

သို့သော် ... ဘာဖြစ်လဲကွယ် ...

ဒါ ... ရိုးသားမှုပဲ၊ ဆင်းရဲတာ ရှက်စရာမှ မဟုတ်တာ ...

"ဟုတ်တယ် ... ကျွန်မ ပြန်ဆက်တတ်ပါတယ်"

အမြဲတမ်းလိုလို ဖြစ်နေကျဖြစ်၍ သူမ ပိုက်ဆံအိတ်ထဲတွင် ကြေးနန်းကြိုးအစတစ်စ အမြဲပါနေကျဖြစ်သည်။



www.burmeseclassic.com

"ဒါပေမယ့် ... ကျွန်တော် ထီးလာပေးတာ၊ ဒီမိုးကိုစောင့်ရင် တော်ရုံနဲ့ စဲမှာမဟုတ်ဘူး ... ကျွန်တော့်ထီး ယူသွားပေါ့"

ကျောင်းကပုံစံနှင့် အပြင်မှာတွေ့သော ပုံစံက တစ်ယောက်စီပမာ ...

"ရပါတယ် ... ကျွန်မ ခုပဲ လုပ်လိုက်မှာပါ"

သူမ အိတ်ထဲက ကြေးနန်းကြိုးမာမာ တစ်စကို ထုတ်ပြီး ကျိုးသွားသော ထီးရိုးနှစ်ခုကို ပြန်ဆက်နေလိုက်သည်။

မိန်းကလေးတစ်ယောက် ထီးပြင်နေသော ပုံစံကို မနအတွက် အထူးအဆန်း ဖြစ်နေမှာတော့ သေချာသည်။

သူမကတော့ ပါဝါမပါသော မျက်မှန်ကိုင်းထူထူကို အကာအကွယ်ပြုပြီး ဒီအရိုးနှစ်ခုကြားသို့ ကြေးနန်းကြိုးစကို ကလန့်နေမိသည်။





ကြေးနန်းကြိုးက အနည်းငယ် မာသဖြင့် သူမလက်များ နာကျင်လာသည်။

ဒါပေမယ့် ... လျှော့လိုက်လို့ မဖြစ်။

ဒါ ... မန ရှေ့မှာနော် ...

သူမကိုယ်သူမ အားပေးရင်း မရ,ရအောင် ကြေးနန်းစကို လိမ်နေလိုက်သည်။

"ကျွန်တော် လုပ်ပေးရမလား"

မနက မျက်မှန်ပေါ်မှ ကျော်ကြည့်လိုက်စဉ် စိုးရိမ်သနားနေသည့် မျက်လုံးများကို တွေ့လိုက်ရသည်။

ဒီမျက်ဝန်းတွေကို မြင်လိုက်ရမှ သူမစိတ်ကို ဖော်ထုတ်နိုင်တာ ...

"ရတယ် ... ရတယ် ... ကျွန်မ လုပ်နေကျပဲ"

သေသေချာချာ ကြည့်မယ်ဆိုရင် သူမထီးရွက်ပေါ်က အပေါက်သေးသေးလေးတွေကိုတောင် တွေ့ရဦးမယ်။



www.burmeseclassic.com

သူမ အောင်မြင်စွာ တပ်ဆင်ပြီးသွားချိန်တွင် ကြ
နေသော ခနဲ မျက်နှာပေါ်က ချွေးများကို မြင်ဖြစ်အောင် မြ
လိုက်ရသေးသည်။

ဒီလောက် မိုးအေးကြီးထဲမှာ ခနဲ ချွေးပြန်နေသ
ပဲ။

"ကညစ်ကို ကျွန်တော် ချီးကျူးတယ်ဗျာ"

အားပေးတာလား ... တမင် ချီးမြှောက်တာလားတေ
မသိ။

သူမ ရယ်ချင်စိတ်နဲ့ ပြုံးမိသွားသည်။

ရေခဲပျော်နေပြီဖြစ်သော သံပရာရည်က အချဉ်မ
နေပြီ ဖြစ်သည်။

ခနဲက ဘာမှ မမှာဘဲ စားပွဲပေါ်ရှိ အာလူးကြေ
ထုပ်ကိုသာ မစားဘဲ ဖောက်ထားသည်။





သူမကတော့ အအေးကုန်သွားပြီဖြစ်၍ ထီးကိုပြန်
ဖွင့်ကြည့်လိုက်သည်။ တစ်မိုးခိုရန် အားတင်းထားသော ထီးနဲ့နဲ့
လေးကို ကျေးဇူးတင်ရမည်ပင်။

"ကျွန်မ သွားတော့မယ်"

"မိုးသိပ်သည်းနေတုန်းပဲလေ"

သူမ ခနဲဘက်ကို မကြည့်ဘဲ အပြင်ဘက်က မိုးကို
သာ ကြည့်ပြီး ...

"မိုးစိုတာက ကျွန်မအတွက် မဆန်းတော့ပါဘူး"

အအေးဖိုး ငါးဆယ်ကို စားပွဲပေါ်တင်ထားလိုက်
ပြီး ...

"ခနဲ ... ကျွန်မ သွားတော့မယ်"

တားလိုသော်လည်း မတားဝံ့တော့သည့် ခနဲက
ခေါင်းညိတ်ပြီး ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

မိုးစက်များအောက်တွင် တစ်ယောက်တည်း လျှောက်နေစဉ် ထီးကျယ်ကျယ်နှင့် မိုးပေးမည့် လူတစ်ယောက်ကို သူမ တမ်းတလိုက်မိသလိုပင် ...။

ဟင့်အင်း ... သူမ စိတ်ပျော့လို့ မရဘူးလေ။





နုထွေး အတင်းခေါ်လွန်းသဖြင့် မလိုက်ချင် လိုက်ချင်နှင့် လိုက်ခဲ့ရသော ဇလွန်ခရီးသည် ကားစထွက်ပြီး မကြာမီ မှုပ်ထွေးနေသော သူမစိတ်ကို ကြည်လင်လာစေလေသည်။

မွန်းကျပ်သော လူနေမှုတွေထဲက ခဏ ရုန်းထွက်ခြင်းပဲ ဖြစ်ဖြစ် အလိုက်သင့်လေး သူမ ကျေနပ်နေလိုက်သည်။

နုထွေး ဦးလေး မိသားစုနှင့်အတူ တစ်ရက်ခရီး လိုက်ပါလာခြင်းဖြစ်ပြီး၊ ဆယ့်လေးငါးနှစ်အရွယ် နုထွေး ညီမ မ်းကွဲများ ပါလာသည်။



www.burmeseclassic.com

အမိုးဖွင့်ထားသော ကားနောက်ခန်းတွင် ထီးဆောင်း၍ လိုက်လာရခြင်းဖြစ်ရာ သူမ ဆောင်းထားသောထီးကို နေ့ထွေးညီမများက ကြည့်ပြီး နောက်နေကြသည်။

"ဒါ ရှေးဟောင်းပစ္စည်းပဲ ဖြစ်မယ် ... မမကညစ် ထီးလေးဘာလေး အသစ်ဝယ်ပါဦး"

ကိုယ့်ဝမ်းနာ ကိုယ်သာသိသည်မို့ သူမ ပြုံးရုံပြုံးနေလိုက်သည်။

ဆက်ထားသော နန်းကြိုးစကို မြင်ရစဉ် ကြင်နာလိုက်လျောသော လေသံနှင့် မျက်နှာတစ်ခုကို ဖျတ်ခနဲ သတိရလိုက်သည်။

မဟုတ်ပါဘူး ... ဒါ အမှတ်ရမှုတစ်ခု သက်သက်ပါနော် ... တမ်းတစွဲလမ်းမှု မဟုတ်ပါဘူး ...

"မစကြနဲ့ ... ကညစ်က ဒါ သူ့အမေ ဝယ်ပေးထားတာမို့ ဆက်ကိုင်နေတာ"





နေ့ထွေး ပြောလိုက်သဖြင့် ကလေးများ တိတ်သွားသည်။

သူမကတော့ သူမပေါင်ပေါ် ထိုင်နေသော ငါးနှစ်အရွယ် ကလေးမလေး၏ နဖူးပေါ်မှ ဆံပင်များကို သပ်တင်ပေးရင်း ...

"ထီးဆိုတာ မရှိတာထက်စာရင် စုတ်နေတာက ကောင်းပါသေးတယ် ... အနည်းဆုံး မလုံရင်တောင် အကာအကွယ်အဖြစ်တော့ အသုံးဝင်ပါသေးတယ်"

ကလေးမလေးများက နားလည်လား မလည်လား မသိ။ တခစ်ခစ် ရယ်နေကြသည်။

"မမကညစ်ပဲ ကောင်းတယ် ... သနပ်ခါးထူထူ လိမ်းထား တော့ နေဒဏ်လေဒဏ် မခံရတော့ဘူးပေါ့ ... သမီးတို့ သာ ဒီလေဒီနေနဲ့ဆိုရင် အသားတွေ ပျက်ကုန်တော့မှာပဲ"



www.burmeseclassic.com

အကြီးဆုံး ကောင်မလေးက သူမကို ကြည့်ရင်း ညည်းညူနေသည်။

သနပ်ခါး ခပ်ထူထူကို အကာအကွယ် ယူထားသော သူမ၏ အလှများကို လုံခြုံနေလိမ့်မည်ဟု ယုံကြည်နေခဲ့သော်လည်း ...။





ဇလွန်ပြည်တော်ပြန်ဘုရားကို မနက်စောစောအရုဏ် ဆွမ်းကပ်ရန် အိပ်ရာမှ ခပ်စောစော ထခဲ့ကြသည်။

ရေမိုးချိုးပြီးမှ သူမ သတိရလိုက်တာက သနပ်ခါးဘူး မပါလာခဲ့ခြင်းပင်။

ကလေးမများကလည်း မိတ်ကပ်နှင့် Cream Puff သာ ပါလာကြသဖြင့် သူမမျက်နှာက ပြောင်သလင်း ခါသွားရသည်။

"ဘာဖြစ်လဲ ကညစ်ရယ် ... မနက်အစောကြီး ဘယ်သူမှ မြင်တာမှ မဟုတ်တာ ... မိုးလင်းမှ ဆိုင်တစ်ဆိုင်ဆိုင်မှာ ရှာဝယ်ကြတာပေါ့"



www.burmeseclassic.com

သနပ်ခါး မပါလာခဲ့ခြင်းကို စိတ်အနှောင့်အယှက် ဖြစ်နေသည့် သူမအား နုထွေးက နှစ်သိမ့် အကြောင်းပြသည်။

နုထွေး ပြောသလိုပင် ဘုရားစောင်းတန်းတစ်ခုလုံး က လူရှင်းလျက် ...

အင်းလေ ... သူမနဲ့ စိမ်းနေတဲ့ နေရာလေးပဲ ... သူမရဲ့ ပင်ကိုယ်ရုပ်ကို မြင်တွေ့ကြတော့ရော ဘာဖြစ်မှာမို့ လို့လဲ။

အေးစက်နတင်းနေသော မျက်နှာကို လွတ်လပ်ခွင့် ပေးပြီး အရဏ်ဆွမ်းကပ်ရန် ဝယ်လာခဲ့သော သစ်သီးများနဲ့အတူ ဘုရားဆီသို့ ထွက်လာခဲ့လိုက်ကြသည်။

ဆုတောင်းပြည့်သောဘုရားဟု သတင်းကြီးလှသည့် ဘုရားကို မနေ့က ရောက်ရောက်ချင်း လူများလှသဖြင့် ကောင်း ကောင်း အာရုံမပြုခဲ့ရ။

ဒီနေ့မနက်ကျမှပဲ အေးအေးဆေးဆေး အာရုံပြုဖြစ် တော့သည်။





ဆွမ်းကပ်ပြီး ပုတီးစိပ်၊ တရားထိုင် ကိစ္စများကို စိတ်တိုင်းကျ အချိန်ပေးနေမိသည်။

အားလုံးပြီးမှ သူမ မျက်လုံးများကို ဖွင့်လိုက်ပြီး ကြည်လင်သပ္ပာယ်လှသော ဘုရား၏ မျက်နှာတော်ကို အကြာ ကြီး မော့ဖူးနေလိုက်သည်။

ဘာရယ်မဟုတ် ဘုရားကို ဖူးနေရင်း သူမကိုယ် သူမ အားငယ်ဝမ်းနည်းလာသလို ခံစားလိုက်ရသည်။

မေမေနဲ့အတူ တစ်ခေါက်မှ မရောက်ခဲ့ဘူးသော ဘုရား ...

ငြိမ်းချမ်းမှုကို ပြန်ဆောက်တည်ပြီး အတူပါလာသူ များကို ရှာဖွေလိုက်စဉ် ...

"ဟင်"

စူးစူးရဲရဲ မျက်လုံးတစ်စုံ ...

ရင်းနှီးပြီးသား ...၊ ငြီးငွေ့ ... မှတ်မိပြီးသား ...၊ ထူးခြားနေတာဆို၍ နွေးထွေးကျေနပ်နေသော အပြုံးတစ်ခု အပိုပါ နေသည်။



www.burmeseclassic.com

နထွေးနှင့် စကားပြောနေခြင်းဖြစ်၍ မမှားနိုင်တော့။

"ခနဲ"

သူမရှိရာသို့ နှစ်ယောက်သား လျှောက်လာနေသည်။ ထူးခြားစွာ စူးရဲနေသော ခနဲ၏ မျက်ဝန်းများကြောင့် သူမရဲ့ နဂို မျက်နှာကို ချက်ချင်းသတိရလိုက်သည်။

"သွားပြီ"

စိတ်ထဲက ဆုံးရှုံးသွားသလိုလို ... ကျေနပ်ကြည်နူးနေသလိုလို လှိုက်ဖိုမှုတစ်ခုကတော့ သေသေချာချာကို ခံစားနေရသည်။

"ကညစ်ရေ ... တိုက်တိုက်ဆိုင်ဆိုင် ခနနဲ့ တွေ့နေလို့"

ဒီလောက် တွေ့တတ်နေမှတော့ တိုက်ဆိုင်မှုလို့ သူမ မသတ်မှတ်ချင်တော့ ...

"ကျွန်တော် မမှတ်မိဘူး ဖြစ်နေတာ"

သူမ ရှက်ရွံ့သိမ်မွေ့စွာ ခေါင်းငုံ့ ရယ်နေလိုက်ချင်သည်။ ဒါပေမယ့် သူမ ဦးနှောက်က ခွင့်မပြုပြန်။





အလိုလို ခေါင်းမတ်ပြီး မပွင့်တပွင့်သာ ပြုံးပြဖြစ်လိုက်သည်။

ကြည့်စမ်းပါဦး ... မှော်ဝင်နေတဲ့ ညတစ်ညမှာ ဆုံနေရသလို ခန အသွင်က မိန်းမူးတွေဝေနေသလိုလို ...

"နထွေး ... ပြန်ရအောင်"

နထွေးကို ပြောလိုက်စဉ် ခနက ...

"နေပါဦး ကညစ် ... တစ်ရပ်တစ်ရွာမှာ ကြုံကြုံဖန်ဖန် ဆုံတုန်း စကားလေး ဘာလေး ပြောရအောင်"

နေဦး ခနရဲ့ ... ခန စကားပြောချင်တာ သနပ်ခါး ထူပျစ်ပျစ်နဲ့ ကညစ်ကိုလား ... ရှင်သန်လှပနေတဲ့ ကညစ်ကိုလား ...

မေးခွင့်ရှိရင် မေးလိုက်ချင်သည်။

သို့သော် ...

"ဒါဆိုရင် ... ကျွန်မ ခနကို လက်ဖက်ရည်ကြွေး ဆပ်မယ်လေ ... ဘယ်လိုလဲ"



www.burmeseclassic.com

သူမရဲ့ စိတ်ပါဝင်စားမှုကို နှထွေး အံ့သြနေသလို မနက ဝမ်းသာအားတက်သွားသည်။

မီးမွှေး ဆိုင်ခင်းနေပြီဖြစ်သော လက်ဖက်ရည်ဆိုင်လေးတစ်ခုဆီ သူမတို့ လျှောက်လာခဲ့လိုက်ကြသည်။

"ကညစ် မတိုက်ပါနဲ့ ... ကျွန်တော် ကျွေးပါရစေ"

မနက ဆိုင်ထဲ ထိုင်သည်နှင့် အားနာစွာ ပြောလေသည်။

"မဟုတ်တာ ... ကျွန်မ ကျွေးရမယ့် အလှည့်လေ"

သူမ ဘာကြောင့် ဒီလောက် နှုတ်သွက်နေမိရတာလဲ။

"ကျွန်တော် လက်ဖက်ရည်တစ်ခွက်တည်းနဲ့ ဝမှာမဟုတ်ဘူး ... မုန့်တစ်ခုခုပါ စားမှာမို့ ..."

"ဟုတ်သားပဲ ... Breakfast ကို ဘယ်သူက လက်ဖက်ရည်လောက်နဲ့ တင်းတိမ်နိုင်မှာတဲ့လဲ"





"ဒါဆိုရင် ... မန ကြိုက်တာစားလေ ... လက်ဖက်ရည်ဖိုးကိုပဲ ကျွန်မ တွက်ရှင်းမှာပေါ့"

မနက သွက်လက်ကျေနပ်စွာ လက်ခံပြီး ခေါင်းညိတ်လေသည်။

"ဒါနဲ့ ... ဟိုနေ့က ကျွန်တော့်စာတမ်းကို ကညစ် ဘာမှ မဆွေးနွေးပါလား"

သူမ ထိုနေ့က အဖြစ်ကို ရှက်ရယ် ရယ်မိလိုက်ပြီး ...

"ဟုတ်တယ် ... အမှန်က ကျွန်မကိုယ်တိုင် အဲဒီကဗျာလေးထဲကို ရောက်သွားလို့ စာတမ်းပြီးမှပဲ သိလိုက်ရတော့တယ်"

ဒဂုန်တာရာရဲ့ "တဟီတီသွားရအောင်" ကဗျာလေးအား စာတမ်းတင်ထားသော မနရဲ့ စာတမ်းကို သူမ မကြားမိတော့။



www.burmeseclassic.com

ကဗျာထဲက လွတ်လပ်နယ်မြေလေးဆီသို့ သူမစိတ်က လုံးဝဝင်ရောက်နေရာယူသွားခဲ့သောကြောင့်ပင်။

"ဟင် ... ကျွန်တော်ကတော့ အဲဒီနေရာကို ပျော်စရာလို့ မထင်ပါဘူး ... ဘာမှမှ မရှိတာ ... ပျင်းစရာတောင် ကောင်းနေဦးမယ်"

ပိုင်ဆိုင်မှုများသော မနေအတွက် ရှိပြီးသား ပိုင်ဆိုင်မှုတွေကြားမှာ နစ်မွန်းပျော်မွေ့နေမှာပေါ့။

သူမအတွက်တော့ ဘာမှ မပိုင်ဆိုင်ရသေးသော အရာများကို စွန့်လွှတ်ထွက်ပြေးချင်တာ မဆန်းလှပေ။

"ကျွန်မလည်း ပြောသာ ပြောနေတာပါ ... ဒါလောက် အဆင်သင့် ကျေနပ်နေနိုင်တဲ့ နေရာမှာ ဘယ်လောက်ပျော် နိုင်ပါ့မလဲ ... ရှန်းကန်မှုတွေကြားမှာ အသားကျနေလို့လား မသိပါဘူး"

မနက သူမကို စာနာနားလည်စွာ ကြည့်နေသည်။





ထိုအကြည့်များကိုပင် သူမ သိမ်မွေ့ သိုဝှက်စွာ ခံယူသိမ်းဆည်း ထားလိုက်သည်။

အင်း ... တဟီတီ ဆိုတဲ့ ဒဂုန်တာရာ ကဗျာလေးရဲ့ ကျွန်းပေါ်မှာပေါ့ ...။



www.burmeseclassic.com

"မနနင့်ကို ငေးနေပုံများ ရယ်ဖို့ကောင်းတယ် ... သိလား"

အဆောင်ပြန်ရောက်သည်နှင့် တစ်လမ်းလုံး အောင့်လာခဲ့သော စကားကို နုထွေး စ,ပြောသည်။

"သူ ငါ့ကို မှတ်မိသွားပဲနော်"

သူမ အင်္ကျီလဲရင်း ပြောလိုက်စဉ် ...

"ဘယ်ကလာ မှတ်မိရမှာလဲ ... နင် ပုတီးစိပ်နေတုန်း ငါက ထိုင်နေတာ ... ငါတို့ဘေးမှာ ယောကျ်ားလေးတစ်ယောက် ဘုရားလာရှိခိုးတာလို့ပဲ ထင်တာ ... သူက ဘုရားရှိခိုးပြီး ဘေးဘီကိုကြည့်တယ် ထင်ပါတယ် ... နင့်ကိုလည်းတွေ့ရော ငေးကို ကြည့်နေတော့တာ ... ငါလည်း





ဒီလောက်ကြည့်နေတဲ့ ငနဲဆိုပြီး သေသေချာချာ ကြည့်တော့မှ မန ဖြစ်နေတယ် ... ငါ့လည်းမြင်ရော ရှက်သွားတယ် ထင်တယ် ... ရယ်ပြီး နှုတ်ဆက်တော့တာပဲ"

သူမ ကြည်နူးစွာ နားထောင်နေမိသလို နံနက်စောစောက မနရဲ့အသွင်ကို ပြန်မြင်ယောင်နေမိလိုက်သည်။

ကျောင်းမှာ ကွက်စိပ်ပုဆိုး အရောင်ရင့်ရင့်များနှင့်သာ တွေ့ရတတ်သော်လည်း အပြင်မှာတွေ့တိုင်း ယောပုဆိုးများနှင့်သာတွေ့ရတတ်ကြောင်း သူမ သတိထားမိသည်။

မိုးသည်းသည်း နေ့တုန်းက အစိမ်းရင့်ရင့် ယောပုဆိုး၊ မနက်တုန်းကတော့ ခရမ်းရင့်ရင့်ယောပုဆိုးကို ဝတ်ထားသည်။

အဖြူရောင် ရှပ်အင်္ကျီလက်ရှည်က ခရမ်းရောင်ပုဆိုးနှင့် တွဲဝတ်ထား၍ ပို၍ ဖြူဝင်းနေသည်။

သပ်ရပ်စွာ ဖြီးသင်ထားသော ဆံပင်များက ပိရိညီညာနေပြီး လက်ချောင်းလေးများက သန့်ရှင်းနီရဲနေသည်။



www.burmeseclassic.com

(လက်ဖက်ရည်သောက်စဉ်က ခနု လက်ချောင်းလေးများကို သေသေချာချာ ကြည့်မိခဲ့သောကြောင့်ပင်။)

"အခု တွေ့ရတဲ့ ခနုပုံစံက ကျောင်းက ခနုပုံစံနဲ့ မတူဘူး နော်"

သူမ စိတ်ထဲ ထင်သည့်အတိုင်းကိုပင် ပြောလိုက်မိသည်။

"ဘယ်လိုမတူတာလဲ ... အတူတူပါပဲ"

နုထွေးထက် သူမက ဘာဖြစ်လို့ ခနု အပေါ် အမြင်စူးရှနေရတာပါလိမ့်။

"ကျောင်းမှာက ခပ်တည်တည်နဲ့ မလိုအပ်ဘဲ စကားပြောတာမှ မဟုတ်တာ ... အခု ခနုက ဖော်ရွေလွန်းမနေဘူးလား"

"အင်းနော် ... ဒါကလည်း ..."

နုထွေးက တစ်ခုခုကို ဆက်ပြောရန် ရယ်ကျဲကျဲလုပ်နေပြီး ...





"ကညစ်က ကျောင်းမှာမလှဘဲ အပြင်မှာ လှနေတာကိုး၊ ဘာပဲဖြစ်ဖြစ် ကညစ်ရဲ့ ပုံစံအမှန်ကို ခနု မြင်သွားပြီဆိုတော့ ... အင်း ... တစ်ခုခုတော့ ပြောင်းလဲဦးမယ်ထင်တယ်"

မေမေ့ သတ်မှတ်ချက်အတိုင်းဆိုရင် ခနုရဲ့ ခင်မင်မှုက သူမ အလှနဲ့သာ သက်ဆိုင်နေပြီထင်။

ဒါဆို ဒါ ... စစ်မှန်တဲ့ ခင်မင်မှုလို့ သူမ သတ်မှတ်ရဲပါ့မလား ...

လောလောဆယ် ဝယ်လာခဲ့သော ဇလွန် ဂျင်းသုပ်နှင့် ညနေစာ စားရမည့် သူမအတွက် စိတ်ကူးယဉ်ဖို့ဆိုတာ ဝေးကွာလွန်းလှပါတယ်လေ။



www.burmeseclassic.com

လခထုတ်ရင် ထီးတစ်ချောင်းတော့ မဖြစ်မနေ ဝယ်မည်ဟု စိတ်ကူးထားမိသော်လည်း အလုပ်ရှင်က သူမကို ထီးတစ်ချောင်းပေးသဖြင့် သူမ ဝမ်းသာသွားသည်။

“ဒီလိုပဲ အလုပ်စဝင်တဲ့သူကို ပထမလခနဲ့အတူ လက်ဆောင်တစ်ခုခု ပေးနေကျ မမရဲ့”

ကွန်ပျူတာစာစီစာရိုက် လုပ်နေသော နွယ်လေးက သူမကို ရှင်းပြသည်။

“နွယ်လေးတုန်းက စတီးလ်ချိုင့် ရတယ် ... ပိုင်ရှင်က ဘယ်သူ ဘာလိုလဲဆိုတာ လေ့လာပြီးမှ ပေးတာထင်တယ်၊ နှုတ်ခမ်းနီကြိုက်တဲ့ ဒေဝီတုန်းကဆို နှုတ်ခမ်းနီ အကောင်းစား လက်ဆောင်ပေးတာ”





“ဪ ...”

သူမ ပထမဆုံး ဝင်မိသောအလုပ် ဖြစ်သော်လည်း ချက်ချင်းပင် သံယောဇဉ်ဖြစ် နှစ်သက်သွားမိသည်။

အလုပ်သမားကို ပျော်အောင်ထားသော အလုပ်ရှင် ဖြစ်လည်း လေးစားမိလေသည်။

“အင်း ... မမလည်း ထီးတစ်ချောင်း ဝယ်ရတော့မှာဆိုတော့ အတော်ပဲပေါ့”

အပြာရောင်ကိုကြိုက်သော သူမအတွက် ထီးပြာလေး ကိုရသဖြင့် နှစ်သက်စွာ ...

“မမ ... နွယ်လေး ဖွင့်ကြည့်မယ်နော်”

စပ်စုတတ်သော နွယ်လေး၏ တောင်းဆိုချက်ကို သူမ ခေါင်းညိတ်ပြလိုက်သည်။

ထီးဖွင့်သံနှင့်အတူ အပြာရောင်လွင့်လွင့်လေး ဝေ [illegible]သွားသည်။



www.burmeseclassic.com

အနားတွင် အပြာဖျော့ဖျော့ အပွင့်လေးများ စီထား

သော ထီးလေးက လှပလွန်းစွာ ...

"လှလိုက်တာ"

နွယ်လေးနှင့် ဒေဝီက သူမထီးကို ချီးမွမ်းနေသလို

သူမလည်း ကြိုက်နှစ်သက်လွန်းနေသည်။

အရိုးကျိုးနေပြီ အနားတွင် အပ်ချည်နက်ဖြင့် ခဏ

ခဏ ချုပ်ထားရသော သူမ ထီးလေးကို အနားပေးရတော့မည်။

"ကညစ် ... ရှေ့လထဲမှာ စာမေးပွဲ ရှိတယ်ဆို"

"ဟုတ်ကဲ့"

ဆိုင်တာဝန်ခံ ကိုညွန့်ဇော်က မေးသဖြင့် သူမ ဖြေ

လိုက်စဉ် ...

"အဲဒီအတွက်လည်း ဒေါ်ထက်ထက်ခိုင်က မှာသွားတယ်၊

စာမေးပွဲ ဖြေခါနီး တစ်ပတ်အလိုမှာ ခွင့်ယူရင် ယူပါတဲ့

ခွင့်ပေးပါ့မယ်တဲ့"





ဘုရားရေ ... သူမရဲ့ ကုသိုလ်ကံကို ကျေးဇူးတင်

ရမည့်အစား အလုပ်ရှင်ကိုသာ ကျေးဇူးတင်လိုက်မိသည်။

သူမ တောင်းရခက်နေသော ကိစ္စကို အလွယ်တကူ

ပေးလာသဖြင့် ဝမ်းသာမဆုံး ...

"ကျေးဇူးတင်လိုက်တာ ... ကျွန်မ စာမေးပွဲပြီးတာနဲ့

အလုပ်ချိန်ပိုလုပ်ပြီး ကျေးဇူးဆပ်ပါ့မယ်"

ကိုညွန့်ဇော်ကိုသာ တစ်ဆင့်ပြောနေရသဖြင့် သူမ

အားမရ။ ဒီစကားများကို အလုပ်ရှင်ကို သူမကိုယ်တိုင် ပြောလိုက်

ချင်သည်။

"ဟုတ်တယ် မမရဲ့ ... ပိုင်ရှင်က သိပ်သဘောကောင်းတာ၊

နွယ်လေးတို့တုန်းကလည်း အဲဒီလိုပဲ ခွင့်ပေးတယ်"

အဝေးသင် တက်နေသော နွယ်လေးက ဝင်ပြောပေး

သည်။

"ဒါပေမယ့် ဒေါ်ထက်ထက်ခိုင်က သိပ်မလာဘူးနော်"



www.burmeseclassic.com

"မမက ညနေပိုင်းမှလာတော့ သိပ်မတွေ့ရဘူးပေါ့ ... အန်တီထက်ထက်က မနက်ပိုင်းခဏပဲ လာတာ၊ တခြား အလုပ်တွေလည်း ရှိတာကိုး ... ဒီမှာက ကိုညွန့်ရွှေရှိတော့ သိပ်နေစရာမလိုဘူးလေ"

မှတ်မှတ်ရရ သူမနဲ့ တစ်ခေါက်သာဆုံပြီး မျက်မှန် ခပ်ပါးပါးနှင့် သဘောကောင်းပုံရသော ဒေါ်ထက်ထက်ခိုင်သည် သူမကို ရင်းနှီးစွာ ဆက်ဆံခဲ့လေသည်။

"မနေ့ မနက်ကတောင် အန်တီထက်ထက်က စ,သွားသေး တယ် ... ကညစ်အတွက် အလိုအပ်ဆုံးက သနပ်ခါးပဲ ဖြစ်မယ်တဲ့"

သူမ အပါအဝင် အားလုံးက ကြည်ကြည်နူးနူး ရယ်လိုက်ကြသည်။

သနပ်ခါးဆို၍ သူမ သနပ်ခါး ခပ်ထူထူ လိမ်းရ သည်ကို စိတ်မပါသလို ဖြစ်နေသည်။





အကြောင်းရင်းကို မတွေးချင်သလို တွေးလည်း မတွေးရဲ ...

သူမ ကိုယ်တိုင်လည်း ဘယ်အချိန်အထိ လိမ်းရ လိမ့်ဦးမည်ကို အာမ မခံရဲ ဖြစ်နေသည်။



www.burmeseclassic.com

သူမရော နုထွေးပါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အံ့သြနေသည်။

ဘယ်နှယ့် မအံ့သြဘဲ နေပါ့မလား ...။ မကြာသေးခင်ကမှ သူမတို့နဲ့ ဖော်ရွေရင်းနှီးခဲ့သော ခနက သူမတို့နှစ်ယောက်ကို သာမန်သာပြုံးပြပြီး ကျော်တက်သွားသောကြောင့်ပင်။

ဒီလှေကား တစ်ခုတည်းမှာ အနည်းဆုံး အာလာပ သလ္လာပ ပြော၍သွားနိုင်သည်ကို ယခု ခနက တကယ့်ကို ရှားရှားပါးပါး ပြုံးပြရုံလေး။

အားပါးတရ ပြုံးပြနေသော သူမတို့ နှစ်ယောက်စလုံးပင် ရှက်ရတော့မလို ဖြစ်နေသည်။





“ဘယ်လိုကြီးလဲဟ”

နုထွေးက အံ့သြရုံပင်မက အသံထွက်၍ပင် ကောက်ချက်ချလေသည်။

“ဘယ်လိုလဲ ... ငါပြောတာ လက်ခံပြီ မဟုတ်လား ... ခနက အပြင်မှာနဲ့ ကျောင်းမှာ မတူပါဘူးလို့”

သူမအတွက် သိပ်မထူးခြားလှသော်လည်း ခံရခက်သွားတာတော့ အမှန်ပင်။

သူမကို စူးစူးနစ်နစ် ကြည့်ခဲ့တုန်းက ဒီလိုသာမန်မျက်လုံးမျိုးနဲ့ မဟုတ်။

“ဒါလည်း ကောင်းပါတယ် ... နို့မို့ဆို အခြားမိန်းကလေးတွေ ကညစ်ကို မနာလို ဖြစ်နေဦးမယ်”

သူမကို ပြုံးရုံသာ ပြုံးပြခဲ့သည် ဆိုသော ခနသည် စာသင်ခန်းထဲတွင်တော့ သူမကို မကြာခဏ ခိုးကြည့်နေတတ်ကြောင်း နုထွေးက သတင်းပေးလေသည်။



www.burmeseclassic.com

"သူ့ကြည့်ရတာ ကညစ်ရဲ့ ဒီပုံစံကို လက်မခံနိုင်တာလား မသိဘူး ... ကညစ် မျက်နှာပေါ်က သနပ်ခါးတွေကို ထိုးဖောက်ဖယ်ခွာပြီး ကြည့်နေရတာ ထင်တယ်"

နုထွေးပြောသလိုပင် သူမ ခနရဲ့ အကြည့်ကို အမှတ်မထင် ဖမ်းလိုက်စဉ် ...

တန်းတန်းမတ်မတ်ပင် မိသွားသည်။

ကမန်းကတန်း အကြည့်တွေ သိမ်းသွားသော ခန ပုံစံက ရယ်ချင်စရာ။

ဒါပေမယ့် ...

သူမ သတိထားမိတာကတော့ ခနရဲ့ ဒီအကြည့်တွေက အေးစက် မာကျောနေပြီး ဇလွန်က ခနရဲ့ အကြည့်များသည် နွေးထွေး လှိုက်ဖိုနေသည်ဟုပင် ...။







သူမကို တမင် လာစောင့်နေသည်ဟု ပြော၍ရအောင်ပင် ဟိုငေး သည်ငေး လုပ်နေသော ခနက သူမကို မြင်သည်နှင့် ရွှင်ရွှင်ပျပျ ပုံစံဖြင့် အနား လျှောက်လာသည်။

ယောလုံချည် နက်ပြာရောင်နှင့် ရှပ်အင်္ကျီအဖြူ လက်တိုကို ဝတ်ထားသဖြင့် ပိုနုနယ်နေသယောင်။

"ကညစ် ... ဒီနေ့ စောတယ်နော်"

ခုနစ်နာရီသာ ရှိသေး၍ ခန ပြောသလို သူမ အလုပ်ပြန်ချိန် စောနေသည်။

"ဟုတ်တယ် ... အလုပ်နည်းနည်းပဲ ရှိလို့"



www.burmeseclassic.com

သူမအတွက် အလွန့်အလွန်ကို သက်သာလွန်းသော အလုပ်အဖြစ် သူမ ကျေးဇူးတင်၍ မဆုံး ...

တစ်ခါတစ်ရံ လခနှင့် တန်ပါ့မလားဟုပင် တွေးယူရလောက်အောင် သူမ စိုးရိမ်ခဲ့ဖူးလေသည်။

"မနရော ... ဒီလိုပဲ လမ်းလျှောက်နေကျလား"

"တစ်ခါတလေတော့ လျှောက်ဖြစ်ပါတယ် ... ဒါပေမယ့် ဒီနေ့က ကညစ်ကို လာစောင့်နေတာ"

"လာစောင့်နေတာ"ဟူသော စာလုံးလေး လေးလုံးက သူမစိတ်ကို နူးညံ့ပျော်ဝင်လာအောင် ဖမ်းစားပေးလိုက်သလိုပင်။

"ကိစ္စရှိလို့လား"

ရင်ထဲက လှုပ်ရှားမှုကို သာမန်ကိစ္စလေး တစ်ခုအဖြစ် သဘောထား၍ ပေါ့ပေါ့တန်တန် နေပြရတာလောက် စိတ်ပင်ပန်းတာ မရှိပေ။

"အင်း ... ရှိတယ်လို့ ပြောရမလားပဲ"





ဒီလို မပြတ်မသား ပုံစံက မနနဲ့ မတူလှပေ။

မနရဲ့ ရဲရင့်တက်ကြွသော ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိသော မတီတရီ ပုံစံကိုသာ သူမ နှစ်သက်နေမိသည်လား မသိ။

အိုးတိုးအန်းတန်းနှင့် ကြောင်နန ပုံစံကို သူမ ရယ်ချင်လာသည်။

"တစ်ခုခု လိုက်စားပါလား ကညစ်"

တောင်းပန်တိုးလျှိုးလာသော မနကို သူမ ခေါင်းခါငြင်းဆန်လိုက်ဖို့ ကောင်းသည်။

ဒါမှမဟုတ် ... မန အကြိမ်ကြိမ် တောင်းဆိုသံကိုလည်း သူမ စောင့်နားထောင်လိုက်ဖို့ ကောင်းသည်။

ဒါပေမယ့် ...

သူမ ကိုယ်တိုင်ကိုကလည်း ပုံမှန် ကညစ် မဟုတ်တော့သဖြင့် ...

"အင်း ... အအေးတစ်ခုခုတော့ သောက်ချင်တယ်"



www.burmeseclassic.com

သူမ လက်ခံလိုက်သဖြင့် ဝမ်းသာသွားသော ပုံစံကို မြင်လိုက်ရသည်။

"ဒါဆို ... ဟိုနေ့က ဆိုင်လေးကိုပဲ သွားရအောင်"

ခနဦးဆောင်၍ သူမနောက်က လိုက်သွားစဉ် ဘာဖြစ်လို့ ဒီအနေအထား အခြေအနေကို သာယာနေမိမှန်း သူမကိုယ်သူမ သိလိုက်ရသလို ရက်စွဲ့စွာဖြင့်လည်း သူမစိတ်ကို ထိန်းချုပ်ထားလိုက်သည်။

"သံပရာရည်ပဲလား"

မှတ်မိနေသော ခန စိတ်ရဲ့ မှတ်ဉာဏ်ကို မအံ့ဩချင်တော့။ သူမ စိတ်ကို ဖြားယောင်းနိုင်သော ခနရဲ့ အနိုင်ရမှုများကို သူမ လက်မခံချင်သလို ဖြစ်နေသည်။

သူမ ခေါင်းညိတ်ပြလိုက်သဖြင့် ခနကပင် သံပရာရည်နှစ်ခွက် မှာလိုက်သည်ကို တွေ့ရသည်။

"ကိစ္စရှိတယ်ဆို"





အမျိုးသားတစ်ယောက်ကို ဒီလိုပုံစံနဲ့ စကားထောက်ပေးရတာလောက် ရှက်စရာကောင်းတာ မရှိဟု ခံယူထားသော်လည်း သူမ ကျူးလွန်လိုက်ပြီးလေပြီ ဖြစ်သည်။

ခနက သက်ပြင်းဖျော့ဖျော့ကို ချလိုက်ပြီး ...

"ကျွန်တော် ကျောင်းထွက်တော့မလို့"

သူမ အံ့ဩသွားသောစကား ဖြစ်သလို မယုံကြည်မိသော စကားလည်း ဖြစ်နေသည်။

"ဘယ်လို ... ခန ကျောင်းထွက်မယ် ဟုတ်လား ... ရယ်စရာကောင်းနေပြီ ... အရာရာ အဆင်သင့် ဖြစ်နေနိုင်တဲ့ အခြေအနေမှာရှိတဲ့ လူတစ်ယောက်က ကျောင်းထွက်ချင်တယ်ဆိုတော့ ..."

ခနက သူမကိုကြည့်ပြီး ခေါင်းခါသည်။

"အဲဒီအဆင်သင့်တွေကြားမှာ ကျွန်တော် ရန်းသင့်ပြီထင်လို့ပါ ...၊ ပြီးတော့ ... ကျွန်တော် စာပဲဖတ်ချင်တာ စာမကျက်ချင်တော့ဘူး"



www.burmeseclassic.com

ဒါက မနေ တစ်ယောက်တည်းရှိသော ဆန္ဒ မဟုတ်၊ ကျောင်းတက်နေသူတိုင်း၏ ဆန္ဒပင်။

"ကျွန်တော် မဟာဝိဇ္ဇာယူပြီး ဆရာလုပ်မယ့်သူမှ မဟုတ်တာ ... မြန်မာစာကို ဝါသနာပါလို့ ယူတာ ... အခု အဲဒီ စာပေရဲ့ အရသာကို သိနေပြီပဲ ... တစ်နေ့ တစ်နေ့ ကျောင်းတက် စာဖတ် စာကျက် ဆိုတာတွေကို ငြီးငွေ့လှပြီ"

အင်း ... သိပ်ပြီး ပြည့်စုံနေတော့လည်း ရနေတာတွေကို မလိုချင်တော့တာ ဖြစ်မည်။

"ဒါပေမယ့် မနေ စာကြိုးစားခဲ့တာပဲ ... သိပ်ပြီးလည်း အနိုင်လိုချင်ခဲ့တာပဲ ... ခုမှ လွယ်လွယ်နဲ့ လျှော့တော့မလို့လား"

မနေက ဟက်ခနဲ တစ်ချက်ရယ်ပြီး ...

"ကျွန်တော် ပုံမှန်နှုန်းကိုက တော်လို့ဖြစ်မယ် ... ကျွန်တော် ပြိုင်တာမဟုတ်ပါဘူး ... ဒါပေမယ့် အနေအထားက အဲဒီလိုဖြစ်သွားတာ ... ကျွန်တော့် အတွက် အကောင်းဆုံး





လုပ်နေတာတွေက တခြားလူကို ပြိုင်သလို ဖြစ်သွားတာကိုး ..."

မနေရဲ့ ကျွမ်းကျင်မှုထဲမှာ စကားတတ်တာလည်း ပါနေသည်။

"ပြိုင်သလို ဖြစ်သွားတာ မဟုတ်ပါဘူး ... ပြိုင်ကို ပြိုင်ခဲ့တာပါ"

မနေက ဟက်ဟက်ပက်ပက်ကို ရယ်လိုက်သဖြင့် မနေ စိတ်မညစ်နေတာ ... သူ့ဆုံးဖြတ်ချက်ကို ကျေကျေနပ်နပ် ချလိုက်တယ်ဆိုတာ ပေါ်လွင်နေသည်။

"ဘာလဲ ... ကညစ် ကျောင်းထွက်မယ် ကြားတုန်းက ကျွန်တော် ပြောခဲ့တဲ့ စကားကြောင့်လား"

သူမကို သူ့ရဲ့ပြိုင်ဘက်ပါလို့ သေသေချာချာ ပြောခဲ့ပြီးမှ ဝန်မခံရဲ ဖြစ်နေပဟာလား။

"အဲဒီစကားကြောင့် ကညစ် ကျောင်းပြန်တက်ခဲ့တာဆိုရင် ကျွန်တော် ပြောရကျိုး နပ်သွားတာပေါ့"



www.burmeseclassic.com

ဒီလို ပါးနပ်မှုမျိုးပေါ့။ သူမ မုန်းတီးရက်နဲ့ နှစ်သက်နေတတ်တာ ...

"မှားတယ် ... ကျွန်မ ကျောင်းပြန်တက်တာ ခနရဲ့ဒီစကားကြောင့် မဟုတ်ဘူး ... ဒါပေမယ့် ပိုကြိုးစားရမယ်ဆိုတဲ့ အသိကိုတော့ ဒီစကားကြောင့် ရလိုက်တယ်"

ခနက ခေါင်းငုံ့၍ ခေါင်းကို ခါယမ်းပြီး နှစ်နှစ်ခြိုက်ခြိုက် ရယ်နေသည်။

"စာမေးပွဲ နီးပြီနော် ... ဖြေဦးမှာလား"

တားပိုင်ခွင့် မရှိ၍ မတားချင်တော့။

"မဖြေတော့ဘူး ... စာမကျက်ချင်ဘူးလေ"

"ခန ပြောသလို ပြောရမယ်ဆိုရင် ကျွန်မလည်း ပြိုင်ဘက်မရှိတော့ ပျင်းစရာ ကောင်းဦးတော့မှာပဲ"

"ပြိုင်ဘက် ... ဟုတ်လား"

ခနရဲ့ အသံက တစ်ခုခု ချေပပြောဆိုချင်သံ ...

"အင်းလေ ..."





"ကျွန်တော် ကညစ်ရဲ့ ပြိုင်ဘက်အဖြစ် ရှိမနေတော့ပေမယ့် အခြားရပ်တည်ချက် တစ်ခုအနေနဲ့တော့ ရှိဦးမှာပါ"

"တခြားရပ်တည်ချက်"တဲ့ ... သိပ်လှပြီး အဓိပ္ပာယ်ရှိလွန်းတဲ့ စကားလုံးလေးပေါ့ ...

ဘယ်လို ရပ်တည်ချက် အဖြစ်နဲ့လဲ ...

ဆန့်ကျင်ဘက် ရပ်တည်ချက် အဖြစ်နဲ့လား ...

အစွန်းတစ်ဖက်တည်းမှာ အတူရှိနေမယ့် ရပ်တည်ချက် အဖြစ်နဲ့လား ...

အင်း ... သူမကိုယ်တိုင်လည်း ဘယ်လိုရပ်တည်ချက်မျိုးကို တောင့်တတယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိထားမှဖြစ်မည်။

"ဘာလုပ်မယ် စိတ်ကူးလဲ"

သိပ်ပြီး စွက်ဖက်ရာများ ရောက်နေမလား ...

ဒါပေမယ့် သူမ သိလိုသည်မှာ ရိုးစင်းလွန်းသဖြင့် မေးဖြစ်အောင် မေးလိုက်မိသည်။



www.burmeseclassic.com

"ကျွန်တော့်မိဘတွေ လုပ်နေတဲ့ စာအုပ်ထုတ်ဝေတဲ့ လုပ်ငန်းပဲပေါ့"

သူမ ကြားဖူးနားဝ ရှိထားသည်မှာလည်း ခနှ မိဘများ၏ လုပ်ငန်းသည် စာအုပ်စာပေနှင့် ပတ်သက်နေသည်ပင်။

"ကောင်းပါတယ် ... စာနဲ့ မဝေးတော့ပါဘူး"

သံပရာရည် ချဉ်ပြုံးပြုံးကို သူမရော ခနှပါ အနည်းငယ်ဆီသာ သောက်ရသေးသည်။

"ကျွန်မ ပြန်မှ ဖြစ်တော့မယ်"

တစ်စီးပြီးတစ်စီး ဖြတ်သွားသည့် ၄၈ ဘတ်စ်ကားများကို နှမြောစွာကြည့်ရင်း သူမ ပြောလိုက်သည်။

"ကျွန်တော်တို့ တွေ့ကြရအောင်နော်"

ခနှ တောင်းဆိုမှုက အဆင့်ကျော်နေသလိုပင်။

"အင်း ... အခြေအနေအရပေါ့"

သူမ နေရာမှထပြီး ပြောလိုက်စဉ် ခနှပါ နေရာမှ လိုက်ထသည်။





"တွေ့ဖို့ အခြေအနေကို ကျွန်တော် မဖြစ်မနေ ဖန်တီးမှာပါကညစ်"

အသံက တိုးလျလွန်းစွာ ...၊ သို့သော် ... လေးနက်သော အင်အားတစ်ခုနှင့် နွေးထွေးမှုတွေ ပါဝင်နေကြောင်း သူမ သိနေသည်။

ထပ်မနှုတ်ဆက်တော့ဘဲ ခပ်သုတ်သုတ် ကျောခိုင်း ထွက်ခဲ့ခြင်းဖြင့် သူမ စိတ်ကို သူမ ချိုးနှိမ်ခဲ့လိုက်သည်။

လူရှုပ်သော လမ်းပေါ်တွင် သူမ ခြေလှမ်းများက မပေါ့ပါးလွန်းနေသည်။

၆

"ဧည့်သည် ရောက်နေတယ် ကညစ်ရေ"

တခြား အဆောင်ဖော် သူငယ်ချင်းတစ်ယောက်က လာခေါ်သဖြင့် ရေချိုးပြီးစ ဖြစ်နေသော သူမ အဝတ်အစား ကမန်းကတန်း လဲလိုက်ပြီး ...

"ဘယ်သူလဲ"

"အမျိုးသား တစ်ယောက်ပဲ"

ဦးလေးထွန်း ဖြစ်မည်ထင်၍ သနပ်ခါး မလိမ်းမိတော့။ သပ်သပ်ရပ်ရပ် ဖြစ်ရုံပြင်ပြီး ထွက်လာခဲ့လိုက်သည်။

ဧည့်ခန်းထဲတွင် သူမရှိရာ အခန်းကို ကျောပေးထိုင်နေပြီး ညှပ်ခါစ ဆံပင်ပုံစံဖြင့် လည်ကုပ်ရှင်းရှင်းနှင့် လူတစ်ယောက်။





"ဘယ်သူများပါလိမ့်"

ရင်ထဲက အတွေးနှင့် သူမ ဧည့်ခန်းဆီသို့ ရောက်သွားပြီးမှ ...

"ဟင်"

ကြည်လင်သော အပြုံးနှင့် ခနု ...

သူမကသာ အံ့သြစွာ ထူပူရှိန်းပိန်းလျက် ...

ကျောင်းမှာ မတွေ့ရတာ နှစ်ရက်သာ ရှိသေးပြီး ဆရာ ဆရာမတိုင်း အပြစ်တင်စွာ နမြောနေကြသော ခနု။

ခနုကလည်း သူမရဲ့ အပြင်အဆင်ကင်းသော မျက်နှာကို နှစ်သက်တည်ကြည်စွာ ကြည့်နေလျက် ...

အကြည့်များသာ စကားပြောတတ်လျှင် မေးခွန်းကိုယ်စီ မေးမိကြမည်ပင်။

"ခနုပါလား ... ထူးထူးဆန်းဆန်း"

သူမ အံ့သြလွန်းစွာ မှတ်ချက်ချပြီး ခနုရှေ့ရှိ ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။


www.burmeseclassic.com

"ကညစ် ... ကျွန်တော်လာတာ အချိန်ကောင်းပဲ"

မနှ ဘာကို ဆိုလိုလိုက်မှန်း သူမ မသိ။

"ဘာဖြစ်လို့လဲ"

ပြန်မေးလိုက်မိစဉ် မနက လူအသွားအလာကို အကဲခတ်လိုက်ပြီး အသံကိုနှိမ့်၍ ...

"ကညစ်ရဲ့ သနပ်ခါးမပါတဲ့ မျက်နှာကို မြင်ရလို့လေ"

မနှရဲ့ အတင့်ရဲမှုကို သူမ စိတ်မဆိုးရက်စွာ ...

ပြီးတော့ ... ကြည်နူးစွာ တသိမ့်သိမ့်ပြုံးလို့ ...

"ကိစ္စရှိလို့လား မနှ"

မနှက သွက်လက်စွာ ခေါင်းညိတ်ပြီး ...

"ဒီမှာလေ ... ကျွန်တော်လုပ်ထားတဲ့ Notes တွေ၊ ပြင်ဆင်ပြီးသား တွေပေါ့ ... ကညစ်က အလုပ်တစ်ဖက်နဲ့ဆိုတော့ စာလုပ်ချိန် သိပ်ရမှာ မဟုတ်ဘူး ... ဒါကြောင့် ကညစ် အလွယ်တကူ ကြည့်လို့ရအောင် လာပေးတာ"

မနှရဲ့ သိတတ်မှုကို ကျေးဇူးတင်သော်လည်း ...





လက်ခံလိုက်၍ မဖြစ် ...

ကိုယ်တိုင် စာပြင်ရမှ ကျေနပ်သော သူမအတွက် မနှရဲ့ စေတနာက အလကား ဖြစ်နေသည်။

"အင်း ... အလုပ်တစ်ဖက်နဲ့မို့လို့ စာပြင်ချိန် သိပ်မရတာ မှန်ပါတယ် ... ဒါပေမယ့် ကျွန်မ သူများ Notes နဲ့ စာမဖြေတတ်ဘူး၊ အင်း ... ရှင်းရှင်းပြောရရင် သူများနှာခေါင်းပေါက်နဲ့ အသက်မရှူချင်ဘူးပေါ့"

သူမ စကားက သိပ်ကြီးကျယ်ရာ ရောက်နေသည်လားမသိ။

"ကျွန်တော်လည်း ကူညီချင်တဲ့ စိတ်က အားကြီးနေတော့ ကညစ်ကို စော်ကားရာများ ရောက်နေလား မသိဘူး"

အားတုံ့အားနာနဲ့ ကမန်းကတန်း တောင်းပန်နေသည့် ပုံစံက တင်းထားသော သူမစိတ်ကို ကြိုးဖြေပေးနေသည့်ပယ် ...။



www.burmeseclassic.com

"ကျွန်မ ကျေးဇူးတင်ပါတယ် ခနု ... စာအုပ်တွေ ပြန်ယူသွားပါနော် ... ကျွန်မ စာပြင်ချိန် မရလည်း နားလည်အောင်ဖတ်ပြီး ဖြေမှာပါ"

စားပွဲပေါ်က စာအုပ်များကို ခနဘက်သို့ တွန်းပို့ပေးပြီး သူမ ပြောလိုက်စဉ် ခန မျက်နှာက အလိုမကျစွာဖြင့် ညှိုးရော်သွားသည်။

"ကျွန်တော် ..."

တစ်ခုခုပြောရန် ကြိုးစားအားထုတ်နေသည့် ခနကို နှစ်သိမ့်ဖျောင်းဖျပေးချင်သော်လည်း မသင့်တော် ... ဒါပေမယ့် သူ့အကူအညီကို လက်ခံ၍လည်း မဖြစ်နိုင်သည်မို့ ...

"ခန ပြောချင်တာကို ကျွန်မ နားလည်တယ်လို့ပဲ သဘောထားလိုက်ပါတော့ ... ကိစ္စမရှိရင် ကျွန်မ စာကျက်ချင်တယ် ခန"

ခနက ကျေနပ်စွာ ခေါင်းညိတ်ပြီး နေရာမှ ထသည်။





"စာအုပ်တွေတော့ ကျွန်တော့် အတွက် အသုံးမဝင်တော့လို့ မယူသွားတော့ဘူး ... ကညစ် ကြိုက်တဲ့သူကို ပေးလိုက်ပါ"

ပြောပြီးသည်နှင့် ခနက ခပ်မြန်မြန် လှည့်ထွက်သွားသည်။

အဖုံးသပ်ရပ်စွာ ဖုံးထားသည့် ခန စာအုပ်များကို သူမ လှန်ကြည့်ရန်ပင် စိတ်ကူးမရ။

စာအုပ်များကို အခန်းထဲ ယူလာလိုက်ပြီး စားပွဲပေါ် ကင်ထားလိုက်သည်။

ပြီးမှ နေ့ထွေး မြင်သွားမည်ကို စိုးရိမ်သလိုရှိလာ၍ သေတ္တာထဲ ပြောင်းထည့်ထားလိုက်သည်။

အကယ်၍ ခန စာအုပ်များကိုသာ သူမ လှန်ကြည့်ဖြစ်ခဲ့လျှင် ...။



www.burmeseclassic.com

အလုပ်မှာ နားရက်တစ်ပတ် ရထားပြီဖြစ်၍ သူမ စာကျက်နေစဉ် နေထွေးက သူ့ဦးလေးအိမ်သွားပြီး ဟင်းချက်ပြီး သားတွေ သွားယူနေသည်။

တစ်ပတ်တည်းနှင့် စာအပြီး လုပ်ရမည်ဖြစ်၍ အချို့စာများကို အချက်အလက် တချို့လောက်သာ စုထုတ်နိုင်သည်။ အဆင်သင့် ရှိနေသော မနရဲ့ စာအုပ်များကို မမက်မောမိသလို ဘယ်သူ့ကိုမှလဲ မပေးဖြစ်တော့။

ဒါ ... မနနဲ့ သူမကြားရှိ လျှို့ဝှက်ချက် တစ်ခု အဖြစ် သူမ သိမ်းထားပေတော့မည်။





"အမယ်လေး ... မောလိုက်တာ ... ထ ... ထ ... ကညစ် လက်ဖက်သုပ်တွေ ပါတယ်"

ပြန်လာသော နေထွေးက အိပ်ရာပေါ်တွင် ဝမ်းလျား ထိုး၍ စာဖတ်နေသော သူမကို အတင်းထခိုင်းလေသည်။

တစ်ပတ်စာ ဟင်းများချက်လာသော နေထွေး လက်ထဲက ချိုင့်ကြီးကို သူမ လှမ်းယူလိုက်ပြီး ချိုင့်ထဲက ဟင်းများကို လှယ်ပေးနေလိုက်သည်။

နေထွေး အဝတ်အစား လဲပြီးချိန်တွင် သူမလည်း လက်ဖက်သုပ်ပန်းကန် ပြင်ပြီးသွားပြီဖြစ်သည်။

"ငါ လမ်းမှာ မျိုးမျိုးတို့နဲ့ တွေ့တယ်၊ ရုပ်ရှင်သွားကြည့်ပြီး ဦးနှောက်ဆေးမလို့တဲ့"

"ဩော် ... စာတွေ အသင့်ဖြစ်နေပြီ ထင်တယ်"

မနကို စိတ်ဝင်စားသော အုပ်စုထဲက တစ်ယောက် အဖြစ် မျိုးမျိုးကို သူမ သိထားသည်။

"မျိုးမျိုးက ပြောလိုက်တယ်"



www.burmeseclassic.com

နုထွေးက လက်ဖက်သုပ် တစ်ဇွန်းကို ဝါးရင်းနှင့် ဗလုံးဗထွေး ဆက်ပြောနေသည်။

"ခနု နိုင်ငံခြား ထွက်သွားပြီတဲ့"

မဖြစ်နိုင်တာ ... သူမနဲ့ မနေ့ကမှ တွေ့သေးတယ်။

သူမ စိတ်ထဲကသာ ပြန်ပြောနေမိသည်။

"သေချာလို့လား"

သူမ ခပ်လောလောနှင့် မေးမိလိုက်သည်။

"သေချာတယ်တဲ့ ... ခနနဲ့တွဲတဲ့ အောင်ခန့်က ပြောတာတဲ့"

သူမ စိတ်ထဲမှာတော့ သူမကသာ ပိုသေချာနေသည်။

ဘာဆက်လုပ်မလဲလို့ သူမ မေးခဲ့တာပဲ။ ခနရဲ့ အဖြေကိုလည်း သူမ သိထားတာပဲ။ မဖြစ်နိုင်တာ ... မဖြစ်နိုင်ဘူး ...

"ဘယ်နေ့က သွားတာတဲ့လဲ"





"မနေ့ကလို့ ပြောတယ်"

သူမ ရင်ထဲ တစ်ခုခု ဆုံးရှုံးသွားသလို လစ်ဟာသွားသည်။

တကယ်ပဲလား ခနရယ် ...

သူမ လက်မခံရဲစွာ ... မယုံကြည်ရဲစွာ ...

ဘာမှ မသက်ဆိုင်ပါဘဲလျက် ခန ခွဲခွာသွားခြင်းကို သူမ စိတ်ထိခိုက် ကြေကွဲနေသည်။

မနေ့ကလေးတင် သူမရှေ့မှာ ခန ရှိနေသေးသည်။ နီညိုရင့်ရင့် ယောပုဆိုးနှင့် ရှပ်အင်္ကျီအဖြူကို တွဲဝတ်ထားလျက်။

ဒါနဲ့များ သူမကို ဘာဖြစ်လို့ အမှန်အတိုင်း ပြောပြီး နှုတ်မဆက်သွားတာပါလိမ့် ...

ယူကျုံးမရမှုက ရင်ထဲ တလှိုက်လှိုက် ဆူဝေလာသည်။

"ငရုတ်သီးကလည်း စပ်လိုက်တာ"



www.burmeseclassic.com

ဝေ့တက်လာသော မျက်ရည်ကြည်များကို ငရုတ်သီး အပေါ် လွှဲချလိုက်ပြီး ပြတင်းပေါက်ဘက် အကြည့်လွှဲထားလိုက်မိသည်။

မပိုင်ဆိုင်ခဲ့ဘူးတဲ့ အရာကို ဆုံးရှုံးတယ်လို့ သူမ ပြောလို့ရပါ့မလား။

ဒါပေမယ့် ... သူမ အသေအချာကို ပြောချင်နေသည်။ ဘယ်သူ့ကိုမှ မဟုတ် ...

သူမကိုယ်သူမ ဝန်ခံလိုက်ခြင်းသာ ဖြစ်သည်။

ဟုတ်တယ် ... သူမ ခန အချစ်ကို မပိုင်ဆိုင်ခဲ့။ ဒါပေမယ့် ခနဆီက အချစ်ကို မရခြင်းသည် ဆုံးရှုံးခဲ့ခြင်းသာ ဖြစ်သည်လို့ ...။







လစ်လပ်နေသော ထိုင်ခုံတစ်ခုကိုမြင်တိုင်း သူမရင်ထဲ မွှတ်သိပ်စွာ တမ်းတလျက် ...

အားလုံး စာမေးပွဲ ဖြေနေကြချိန်မှာ ခန ဘာလုပ်နေမလဲ ...

ဘာသာစုံ အားလုံးကို ကောင်းမွန်စိတ်ချစွာ ဖြေနိုင်ခဲ့သော်လည်း သူမ ရင်ထဲ ရှင်းမသွားခဲ့။

တမ်းတမှုက နေရာတိုင်းလိုလိုတွင် ကြီးစိုးလျက်။

ညနေပိုင်း အလုပ်သို့ ထွက်လာစဉ် ခနနဲ့ ဆုံခဲ့ဖူးသော နေရာများကို သူမ ရဲရဲမကြည့်ရဲ။ သူမစိတ်ကို ထိုအရိပ်များ ခြောက်လှန့်နေမည်ကို စိုးရိမ်နေမိသည်။



www.burmeseclassic.com

ညရှစ်နာရီခွဲလောက်မှ အလုပ်ဆင်းခဲ့ပြီး သူမ နွမ်းနယ်နုံးချိစွာ လမ်းလျှောက်လာခဲ့လိုက်သည်။

ညရှစ်နာရီခွဲသည် သာမန်မိန်းကလေးများအတွက် အပြင်ထွက်သင့်သောအချိန် မဟုတ်သော်လည်း လုပ်ငန်းခွင်မှ ပြန်ကြသော မိန်းကလေးများကတော့ ခပ်မြန်မြန် အိပ်ပြန်ခရီးကို အပြေးနှင်လျက် ...။

ခပ်သုတ်သုတ် လျှောက်လာရင်းနှင့် အတူထိုင်ခဲ့ဖူးသော ဆိုင်လေးကို လွမ်းလွမ်းဆွတ်ဆွတ် လှည့်ကြည့်ဖြစ်လိုက်သည်။

ရှိနေစဉ်က ဘာဖြစ်လို့ သူမ သတိမထားခဲ့ရတာပါလိမ့်။

သူမကိုယ်သူမ အပြစ်တင်ရင်း ကားဂိတ်ဆီသို့ လှမ်းကြည့်လိုက်စဉ် ...

မြင်ကွင်းထဲသို့ နီးနီးကပ်ကပ် ဝင်ရပ်လာသော အရိပ်တစ်ခု ...





ဒီထက်ပို၍ သေချာအောင် ပြောရမည်ဆိုလျှင် ...

ကြည်လင်ရှင်းသန့်နေသော အရိပ် ...

လွမ်းမောခဲ့သော အရိပ် ...

သူမစိတ်ကို သူမအပြစ်တင်စေခဲ့သော အရိပ် ...

ပျောက်ခဲ့ပြီဟု ခိုးကျိတ်ပြီး တမ်းတနေသော အရိပ်။

"ကညစ် ... ဘာဖြစ်လို့လဲ"

ကြောင်ကြည့်နေမိရုံပင် မက ...

အံ့သြဝမ်းသာစွာ ဘာမှ မပြောနိုင် ဖြစ်နေသော သူမကို မနက ပြုံးစစဖြင့် မေးလိုက်စဉ် ...

"ငါ ဘာဖြစ်နေလို့လဲ"

သူမ အသံက မာဆတ်ကျယ်လောင်စွာ ... ဒါပေမယ့် ...

အလိုမကျမှုတွေနဲ့ ပြည့်နှက်နေသော အသံဖြစ်ကြောင်း သူမ ကောင်းကောင်းသိနေသည်



www.burmeseclassic.com

"ဆေားရီး ... ကညစ် အလုပ်မှာ အဆင်မပြေ ဖြစ်လာတယ် ထင်တယ်"

ကမန်းကတန်း တောင်းပန်နေ၍ သူမကိုယ်သူမ စိတ်ထိန်းလိုက်ပြီး ရယ်ချင်လာသည်။

လွတ်လပ်ပေါ့ပါးစွာ ရယ်ချင်လာသည်မို့ သူမ မျက်နှာက ပြုံးစိစိ ဖြစ်လာပြီး ...

"မဟုတ်ဘူး ... အလုပ်ထဲမှာ အဆင်ပြေတယ် ... ဓနကို တွေ့မှ ..."

သူမ ဆက်မပြောဖြစ်တော့ဘဲ ရယ်ချလိုက်မိတော့သည်။

ဓနက နားမလည်စွာဖြင့် သူမကို ကြည့်နေသလို လမ်းသွားလမ်းလာ တချို့ကလည်း သူမကို ကွက်ကြည့် ကွက်ကြည့် လုပ်သွားကြသည်။

ဓနက သူ့ကိုတွေ့မှ သူမ တစ်ခုခု ဖြစ်သည်ဟူသော စကားကြောင့် သူ့ကိုယ်သူ မနေတတ်သလို ဖြစ်နေပုံရသည်။





"ဓန နိုင်ငံခြား ထွက်သွားတယ်ဆို"

သူမ မေးခွန်းကြားရတော့မှ ဓန သဘောပေါက်နားလည်သွားပုံရသည်။ ဒီတစ်ခါတော့ ဓနက ရယ်ကျဲကျဲလုပ်နေပြီး ...

"မထွက်သွားလို့ အခု တွေ့ရတာပေါ့ ကညစ်ရဲ့"

ရှိနေရက်နဲ့ ပျောက်နေနိုင်သော ဓနကို သူမ အပြစ်တင်ချင်လာသည်။

"ဒါဆို ဘာဖြစ်လို့ ပျောက်နေရတာလဲ"

"ဟောဗျာ ... ကျွန်တော်က ဘယ်လိုလာတွေ့ရမှာလဲ ... အဆောင်ကိုတော့ လာချင်ပါတယ် ... ဒါပေမယ့် ကညစ်စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ ... ဒီမှာတွေ့ရအောင်လည်း ကညစ် အလုပ်က ခွင့်ယူထားတယ်လေ"

သူမရဲ့ တမ်းတမှုက ရှေ့ကဖုံး နောက်ကပေါ် ဆိုသလို သိသိသာသာ ပေါ်လွင်လျက် ...



www.burmeseclassic.com

"ဒီနေ့တော့ ကညစ် အလုပ်ဆင်းလောက်တယ် ဆိုပြီး လာစောင့်နေတာ ... ဘယ်လိုလဲ ဖြေနိုင်လား ကညစ်"

သူမ ခေါင်းညိတ်လိုက်ပြီး ...

"ဖြေနိုင်ပါတယ်"

အခြေအနေကို ပုံမှန်ဖြစ်အောင် သူမ ပြန်လည်ထိန်းထားနိုင်လေပြီ။

"ကျွန်တော့် စာအုပ်တွေရော ဖတ်ဖြစ်သေးလား"

"ဟင့်အင်း ... လုန်တောင် မကြည့်ဖြစ်ဘူး ... ပြန်ပေးမယ်လေ"

သူမ စကားကြောင့် ခနဲ မျက်နှာက စိတ်ပျက်စိတ်ညစ်သွားသည့်ပုံ ...

ပြီးမှ ခပ်နွမ်းနွမ်း အပြုံးတင်ပြီး ...

"မနက်ဖြန် အလုပ်စောစော လာခဲ့ပါလား ကညစ်"

သူမဆီက တောင်းဆိုနိုင်သော အခွင့်အရေးကို ခနဲ မျှော်လင့်ရဲနေပြီလား ...





"ဘာလုပ်ဖို့လဲ"

မေးသင့်သည် ဖြစ်၍ မေးလိုက်မိစဉ် ...

"ကျွန်တော် စကားပြောချင်လို့ပါ"

လေးနက်တိုးလျသော အသံကို သူမ လျောင်ရယ်ရယ်ပစ်လိုက်ပြီး ငြင်းဆန်လိုက်ဖို့ကောင်းသည်။

သူမ ဘယ်လိုဖြေရမှန်း မသိ။

လိုက်လျောလိုက်ဖို့ကိုလည်း တွန့်တိုနေပြန်သည်။

သူမဆီက ဘာစကားမှ မထွက်လာသဖြင့် ...

"ကညစ် လာနိုင်မှ လာခဲ့ပါ ... ကျွန်တော်ကတော့ စောင့်နေမှာပဲ ... မျှော်ရတာကိုက အဓိပ္ပာယ်ရှိနေသလို ကျွန်တော် ခံစားရလို့ပါ"

လမ်းလယ်ကောင်ကြီးမှာကွယ် ...

သူမက ရှက်ရွံ့စွာ ခေါင်းငုံ့လို့ ...

ခနက တိုးလျစွာ တောင်းပန်လို့ ...



www.burmeseclassic.com

ဒါပေမဲ့ သူမတို့နားက ဖြတ်လျှောက်သွားတဲ့ လူတွေကတော့ ကဗျာမဆန်စွာ အလုအယက် သွားလာ လှုပ်ရှားနေကြလို့ ...

ဒါပဲ ထင်တယ် ... ကမ္ဘာကြီးက ဘယ်လောက်ကျယ်ကျယ် ကိုယ်သတ်မှတ်ထားတဲ့ သီးခြားကမ္ဘာလေးကတော့ ခပ်ကျဉ်းကျဉ်းနဲ့ တိတ်ဆိတ်ငြိမ်းချမ်းလို့ ...

မလှမပ ညကဗျာတစ်ပုဒ်ကို သူမရော မနပါ ရေးခြစ် ခံစားနေကြသည်လား။





စောင့်နေမည်ဆိုသော အသိစိတ်ကို ခက်ခဲပင်ပန်းစွာ ချိုးနှိမ်၍ စာဖတ်နေရသော်လည်း စာထဲစိတ်မရောက်နေ။

ပုံမှန်အလုပ်ချိန် သုံးနာရီကို ရောက်ခဲလေဘိခြင်းဟု စိတ်စောနေမိသည်။

မိုးကုန်ခါနီးဖြစ်၍ နှုတ်ဆက်နေလေသလားဟု ထင်ရလောက်အောင်ပင် မိုးကလည်း သဲသဲမဲမဲ ရွာလျက်။

စာအုပ်ဖတ်ပြီး အိပ်ရာထဲ ခပ်ကွေးကွေးနေချင်ဖို့ကောင်းသော်လည်း သူမကတော့ မိုးစက်များရဲ့အောက် တစ်နေရာမှာရှိသော ခနဆီသို့သာ စိတ်ရောက်နေသည်။



www.burmeseclassic.com

နှထွေးကလည်း စာမေးပွဲပြီးသည်နှင့် အိမ်ကိုခဏ ပြန်သွားသဖြင့် နှစ်ယောက်ခန်းထဲတွင် သူမတစ်ယောက်တည်း ပျင်းရိစွာ ...

နှစ်နာရီခွဲသည်နှင့် ပုံမှန်အချိန် ရောက်ပြီဖြစ်၍ အလုပ်ဆင်းရန် သူမ ထွက်လာခဲ့လိုက်သည်။

သူမကို လာခဲ့ပါဟု အကြိမ်ကြိမ် တောင်းဆိုခွင့် ရပါလျက်နှင့် တောင်းဆိုရန် စေးနဲသော ခနကို သူမ ဥပေက္ခာ ပြုတာ တရားသည်ဟု သူမဘာသာ ဖြေသိမ့်နေမိသည်။

အထဲမှာ အနည်းငယ် အေးသဖြင့် ရုပ်အင်္ကျီအထူ လက်ရှည်ကို ဝတ်ခဲ့သော်လည်း အပြင်မှာ လေရော မိုးရော ပါသဖြင့် အင်္ကျီအထူနှင့်ပင် မလုံလောက်။

မိုးစက်များအောက်တွင် ထီးပြာလေးတစ်ချောင်းနှင့် အလုအယက် ကာကွယ်ရင်း ဆိုင်နားရောက်လာချိန်တွင် ...

မြင်လိုက်ရသော မြင်ကွင်းကြောင့် သူမသည် သူမ ဘာသာ ကုန်လွန်ခဲ့ရသော အချိန်များအတွက် နောင်တရမဆုံး ဖြစ်သွားသည်။





ဒီမိုးစက်များအောက်မှာ ဒီလိုပုံစံနဲ့ ခန ဘယ်လောက် ကြာကြာ ရပ်နေခဲ့ပါလိမ့်။

စိုစွတ်နေသော ခနရဲ့ အပြုံးက အေးခိုက်မှုကို မဖုံး ထားနိုင်ခဲ့ ...

ခနရယ် ...

သူမ ရင်ထဲ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားအောင်ပင် ခနရဲ့ လုပ်ရပ်က ထိရောက်လွန်းသည်။

"ကညစ် ... ရောက်လာပြီကိုး"

ယောပုဆိုး အနက်ရောင်သည် ရေစက်လက်တွဲကျ နေသလို ရုပ်အင်္ကျီ အဖြူရောင်သည်လည်း အသားမှာ စိုကပ် လျက် ...

သူမကို ငှားဖူးသော ထီးအကျယ်ကြီးကိုပင် မိုးက မညှာမတာ ပက်ဖျန်းခဲ့သတဲ့လား ...

"ခန ... ဘာလုပ်နေတာလဲ"



www.burmeseclassic.com

ကရုဏာဒေါသကြောင့် အသံက မာဆတ်လျက်...

"ကညစ်ကို စောင့်နေတာလေ"

"မနရယ် ... ဦးနှောက်နည်းနည်းပါးပါး သုံးပါလား ... ဆိုင်တစ်ခုခုထဲမှာ စောင့်လည်း ရတာပဲ ... ပြီးတော့ ကျွန်မ လာခဲ့ပါမယ်လို့ မပြောခဲ့ဘူးလေ"

မနက ချမ်းတုန်နေသည့် ကြားက ကျေနပ်စွာ ပြုံးနေသေးသည်။

"ကညစ် လာလာ မလာလာ စောင့်ပါ့မယ်လို့ ကျွန်တော် ပြောခဲ့တာပဲ ... တကယ်လို့ လာခဲ့ရင် ကညစ်က မိုးရွာထဲလာရမှာ ... ကျွန်တော်က မိုးလွတ်တဲ့နေရာကနေ သက်သက်သာသာ စောင့်နေလို့ ဘယ်တရားပါ့မလဲ"

တရားမျှတမှုကို ထည့်တွက်စတမ်းဆိုရင် မန မိုးရေထဲ စောင့်နေချိန်မှာ စောင်ခြုံပြီး စာအုပ်ဖတ်နေတဲ့ သူမလည်း ဘယ်တရားပါ့မလဲ ...





"လာ ... လာ ... အအေးတော့ မိတော့မှာပဲ"

ကြင်နာမှုက ဦးဆောင်၍ ထိုင်နေကျ အအေးဆိုင်လေးဆီကို သူမ ခပ်သွက်သွက် ခေါ်ခဲ့လိုက်သည်။

ဆိုင်ထဲ ဝင်ထိုင်လိုက်သော်လည်း အအေးဆိုင်ဖြစ်၍ ဘာမှာရမှန်းပင်မသိ။

မိုးအေးသည့်အထဲ အအေးသောက်ရမည်ကို နှစ်ယောက်စလုံး နှစ်သက်မည်မဟုတ်။

"အစ်မ အအေးမှာမလား"

မျက်မှန်းတန်းမိနေပြီဖြစ်သော ဆိုင်က ကောင်လေးက လာမေးသဖြင့် ...

"ကော်ဖီပူပူလေး လုပ်ပေးလို့ ရမလားဟင်"

"ကော်ဖီမစ် ရမယ် အစ်မ"

"ဒါဆို ... ကော်ဖီမစ် ပူပူလေး နှစ်ခွက် လုပ်ပေးပါနော်"



www.burmeseclassic.com

စားပွဲထိုး ကောင်လေးကို မှာပြီးတော့မှ ခေါင်းက ရေစက်များကို ခါနေသော မနအား ...

"ဘယ်အချိန်ထဲက စောင့်နေတာလဲ"

အစ်မကြီးတစ်ယောက်ရဲ့ အပြစ်ပေးတော့မည့် လေသံနယ် သူမအသံက မာမာပြတ်ပြတ်။

"တစ်နာရီလောက်ကပါ"

မနက ပြုံးစိစိနှင့် ဖြေလေသည်။

"စောင့်လိုက်ရတာ တန်ရော တန်ရဲ့လား"

သူမ ရွဲ့ပြီး ပြောလိုက်စဉ် မနက ညစ်ကျယ်ကျယ်ဖြင့် ...

"တန်ပါတယ် ... အခု ကညစ် ကျွန်တော်နဲ့ စကားလာပြောနေပြီလေ"

"တော်တော့ မနရယ်"

သူမ စိတ်လျှော့၍ ချလာပေးသော ကော်ဖီကို မနရှေ့ဘက်သို့ အရင်တိုးပေးလိုက်ပြီး ...





"ပူတုန်း သောက်လိုက် ... သောက်ပြီးရင် မန အိမ်ပြန်ပြီး နွေးနွေးထွေးထွေးနေတော့"

"ဟာ ... ဒါတော့"

မနက စာဒကတတက်ရန် ပါးစပ်ပြင်လိုက်သည်ကို သူမ လက်ကာ၍ တားလိုက်ပြီး ...

"စာဒကမတက်နဲ့ ... ညခုနစ်နာရီ ကျွန်မအလုပ်ကဆင်းမယ် ... ဒီတော့မှ ပြောချင်တာပြောတော့"

မနက မနာခံလိုသော်လည်း သူ့အပေါ် လိုက်လျောမှုပါသဖြင့် လက်ခံရှာလေသည်။

ကဲ ... ဘယ်မှာလဲကွယ် ... အတန်းထဲမှာ သူမနဲ့ ထိပ်တိုက်ရင်ဆိုင်လေ့ရှိတဲ့ မနရဲ့ အမူအရာတွေ ...

သူမ ရင်ခွင်ထဲ စီးဝင်ရာ မြစ်တစ်စင်းလို ပျော်ဝင်ငြိမ်သက်လို့ ...

ကော်ဖီပူပူကို သောက်နိုင်ရုံမှုတ်လျက် သူမကိုကြည့်ပြီး သောက်နေသည်။



www.burmeseclassic.com

"ပြီးတော့ ရှိသေးတယ် ... ဒီအတိုင်း မိုးဆက်ရွာနေရင် ဒီဆိုင်ထဲကပဲ စောင့်နော် ... အပြင်မှာ မစောင့်နေနဲ့"

ခနက ခေါင်းညိတ်ပြီး ပြုံးသည်။

ပြီးတော့မှ ...

"ကျွန်တော် မိသမျှမိုးထဲမှာ ဒီမိုးက အနွေးဆုံးပဲ"

မကြားချင်ယောင် ဆောင်နေသည့် ကြားထဲက သူမ ရင်ထဲ လှိုက်ဖိုကြည်နူးသွားသေးသည်။

"ကျွန်မ အလုပ်နောက်ကျလိမ့်မယ် ... သွားတော့မယ် ... ခနလည်း အိမ်ပြန်ရမယ်နော်"

နှစ်သက်ကြည်ဖြူစွာ နာခံတတ်သော ကလေးငယ်လို ကြည်ကြည်လင်လင် ခေါင်းညိတ်ပြလေသည်။

သူမတို့ပဲ ကံကောင်းသည်လား မသိ။ ထိုနေ့က တစ်နေ့လုံး အငြိုးကြီးနေသော မိုးသည် ညနေ ခြောက်နာရီ ကျော်ခန့်တွင် လုံးဝတိတ်သွားလေသည်။





မိုးရဲ့ ကျန်ရှိနေသော အအေးဓာတ်နှင့် ညရဲ့ပီသာသော အမှောင်သည် သူမစိတ်ကို ညွတ်နူးဖြားယောင်းလျက်။



www.burmeseclassic.com

ယောပုဆိုးအနက်ရောင်နှင့် အပေါ်က ဆွယ်တာ လက်ပြတ်အနက်ရောင်၊ အောက်ခံအင်္ကျီ အဖြူရောင်နှင့် ဓနေသည် နံနက်စောစော လမ်းလျှောက်ထွက်လာသူ တစ်ယောက်နှယ်။

သူမကို မြင်သည်နှင့် ရပ်စောင့်နေရာက ရွှင်ပျစွာ ပြုံးပြီး အနားရောက်လာသည်။

ဘုရားရေ ... ဒီအနေအထားကို သူမ ကြည်နူးစွာ လက်ခံသာယာနေမိပါလား။

တကယ့်ကို တိမ်းမူးညွတ်နူးဖွယ်ပေါ့ ...

ချစ်သူက နွမ်းလျနေတဲ့ အိမ်အပြန်လမ်းမှာ စောင့်ကြိုနေသည့်နှယ် ...





နှစ်ယောက်သား အတူယှဉ်လျှောက်နေကြသော်လည်း ဘာမှ မပြောဖြစ်ကြသေး။

စိတ်တင်းထားကွယ် ...

ခနရဲ့ သြရှနွေးထွေးတဲ့ လေသံလေးအောက်မှာ သူမ မကျရှုံးချင်သေးဘူးနော် ...

ညရဲ့လေက နူးညံ့စွာ ပွေ့ဖက်လိုက်စဉ် ...

"အေးတယ်နော် ... ကညစ် ဘာဖြစ်လို့ အနွေးထည် မဝတ်လာတာလဲ"

ရိုးသားစွာ ဝန်ခံရလျှင် သူမအတွက် အနွေးထည် အဖြစ် ဂျင်းရှပ်အင်္ကျီ ခပ်ထူထူ တစ်ထည်သာရှိသည်။ သိုးမွေး ထည်ကို ယားတတ်သောကြောင့် သူမမှာ သိုးမွေးအနွေးထည် တစ်ထည်မျှမရှိ။

"ရန်ကုန်ရာသီဥတုက အနွေးထည်မှ မလိုတာ"

ပြောသာ ပြောလိုက်ရသော်လည်း သူမ အေးနေသည်။ လက်ဖဝါးနှစ်ဖက်ကိုပွတ်ပြီး နွေးအောင်လုပ်နေချင်သည်။



www.burmeseclassic.com

ဒါပေမယ့် သူမလက်ထဲတွင် ဖိုင်တစ်ခုနှင့် ပိုက်ဆံအိတ်သေးသေးတစ်ခု ကိုင်ထားသဖြင့် အအေးဒဏ်ကို သူမ ကျိတ်မှိတ် ကာကွယ်နေရှာသာ ...

"ကျွန်တော်က ယောက်ျားလေးဖြစ်ပြီး လုံလုံခြုံခြုံ ဝတ်ထားတော့ ရုက်စရာကောင်းနေပြီ ... နေဦး"

မနက လမ်းလျှောက်နေရာမှ ရပ်၍ ဆိုင်တစ်ဆိုင်၏ တံငက်မြိတ်အောက်တွင် အပေါ်အင်္ကျီကို ချွတ်ပစ်လိုက်လေသည်။

"မလုပ်နဲ့လေ မနရဲ့ ... အပြင်မှာ အေးနေတယ်"

သူမ တားချ်မရတော့ မနက ချွတ်ထားသော အင်္ကျီအနက်ကို လုံးထွေးကိုင်လိုက်ပြီး ...

"အေးလည်း အတူတူပေါ့"

ဒါတွေပေါ့ ... သူမကို မသိမသာ ညှို့ငင်နိုင်တဲ့ အချက်တွေလေ ...

သူမ ခေါင်းငုံ့ပြုံးနေမိစဉ် ...





"ကျွန်တော် ဗိုက်ဆာတယ်"

ကလေးတစ်ယောက်လိုလည်း မနက ပူဆာတတ်နေပါလား ...

"ဟင် ... ညနေစာ မစားရသေးဘူးလား"

"နောက်ကျမှာစိုးလို့ မစားခဲ့ရဘူး"

မဖြစ်ညစ်ကျယ်နဲ့ သူမ ရင်ခုန်နှုန်းကို ထိုးဆွတတ်သူပင် ...

"စားလေ ... ဘာစားမလို့လဲ"

ကြိုတင်စိတ်ကူးထားပုံရသော မနက သူမ ခွင့်ပြုချက် ရသည်နှင့် ...

"စားသောက်ဆိုင် အသစ်တစ်ခု ဖွင့်ထားတာ ဒီနားမှာရှိတယ် ... အဲဒီမှာ သွားစားကြမယ်လေ"

မန ပြောသလိုပင် သိပ်မလှမ်းသော နေရာ၌ အပြာရောင်စားသောက်ဆိုင်လေးကို တွေ့လိုက်ရသည်။



www.burmeseclassic.com

ဆိုင်အပြင်ရော အထဲမှာပါ အပြာရောင်လွှင်လွှင်

ဆေးရောင်သုတ်ထားသဖြင့် ဆန်းသစ်လင်းလက်နေသလိုပင်။

ဆိုင်အမည်ကအစ "အပြာရောင်"ဟု ပေးထား

သည်။

နှစ်ယောက်ထိုင်ဝိုင်းနှင့် နှစ်ယောက်ထက်ပိုသော

နေရာများကို သီးသန့်ထားရှိသဖြင့် ချစ်သူများအတွက် စီစဉ်ပေး

ထားကြောင်း သိသာနေသည်။

မနက နှစ်ယောက်တည်းသာ ထိုင်၍ရသော နေရာကို

ရွေးယူလိုက်ပြီး အပြာရောင် ခုံလေးပေါ်တွင် ထိုင်လိုက်ကြသည်။

အပြာရောင် Tissues များကို လှပသေသပ်စွာဖြင့်

ပုံဖော် ခေါက်ထားသည်ကအစ ဆိုင်လေးက ဝင်လာသူတိုင်း၏

စိတ်ကို ညှုတ်နှုးစေသည်။

"ဆိုင်လေးက ချစ်စရာလေးနော်"

သူမ နှုတ်ကပင် ထုတ်ဖော်ချီးကျူးမိလိုက်သည်။

"ဒါဆို ကျွန်တော်ရွေးတာ မှန်သွားပြီ"





မနက စားပွဲပေါ်တွင် တင်ထားသော Menu ကို

ကောက်ယူလှမ်းပေးရင်း ပြောသည်။

"ကျွန်မ မဆာဘူး ... မနပဲ စားပါ"

"မဟုတ်တာ ... တစ်ခုခုတော့ စားပါ ကညစ်ရယ်"

"ကျွန်မ တကယ်မဆာဘူး မန ... ပြီးတော့ ဒီဆိုင်က

ဈေးကြီးမယ်ထင်တယ် ... ကျွန်မ မစားနိုင်ဘူး"

ကိုယ့်စရိတ် ကိုယ်ရှင်း အဖြစ် မနနဲ့သူမ ကျင့်သုံး

လာခဲ့သည် မဟုတ်လား ...

ဝယ်စားနိုင်သည့်တိုင်အောင် ဒီလောက် ဖြုန်းရက်

မည် မဟုတ်ပေ။

"ကျွန်တော် ကျွေးမယ် ဆိုရင်ရော"

ဒီအဆင့် ရောက်လာမှတော့ မန ဒီလိုပြောရဲပြီ

ပေါ့ ...

"ဟင့်အင်း ... ကျွန်မ မစားပါရစေနဲ့ မန"



www.burmeseclassic.com

ဆက် တောင်းဆိုလာရင် သူမ စိတ်ဆိုးတော့မည့် အနေအထားအဖြစ် သူမ ပြင်ဆင်ထားလိုက်သည်မို့ ခနဆက် မတောင်းဆိုတော့ ...

"ဒါဆို နွားနို့မှာသောက်ရအောင်"

နွားနို့လောက်တော့ သူမ ဖြုန်းနိုင်သည် ဖြစ်၍ ခေါင်းညိတ်ပြလိုက်သည်။

"ဒီဆိုင်က နွားနို့ပူပူ သောက်လို့ကောင်းတယ် ... ကျွန်တော် မှာလိုက်မယ်နော်"

ဒုတိယအကြိမ် သူမ လက်ခံခေါင်းညိတ် ပြလိုက်တော့မှ ခနက နွားနို့နှစ်ခွက် မှာလိုက်သည်။

"ခန ဗိုက်ဆာတယ်ဆို"

"ကျွန်တော် အဲဒီလို မပြောရင် ကညစ်က ဟိုအအေးဆိုင် မှာပဲ ထိုင်ဖို့ပြောမှာပေါ့"

ကြည့်စမ်း ... ခနရဲ့ အနိုင်ကျင့်မှုက မသိမသာနှင့် ချစ်ချင်စဖွယ် ...





"ဘာဖြစ်လဲ ... ဟိုဆိုင်လည်း ကောင်းတာပဲ ခနရဲ့"

ခနက သူမကို စေ့စေ့စိုက်ကြည့်ရင်း တစ်လုံးချင်း ညင်သာစွာဖြင့် ...

"ကျွန်တော် ပြောမယ့်စကားက အနည်းဆုံး စိတ်ကြည်လင်မှု အခံရှိမှ ဖြစ်မှာလေ"

စိတ်ကြည်လင်မှု အခံတဲ့ ...

သူမ စိတ်က အမြဲတမ်း ဆူပွက်နောက်ကျိနေလို့လား ...

"ဘာပဲဖြစ်ဖြစ် ဒီဆိုင်လေးထဲမှာ ကညစ် စိတ်ကြည်နူးနေတယ် ဟုတ်လား"

ခန မြန်မာစာ မယူဘဲ စိတ်ပညာယူဖို့ကောင်းသည် ဟု မှတ်ချက်ချမိသည်။

"ကျွန်မ စိတ်ကြည်နူးနေမှ ခနပြောမယ့် စကားက ထိရောက်မှာတဲ့လား"

ခနက လိုက်လှဲဆန်းပြားစွာ ပြုံးသည်။



www.burmeseclassic.com

မိုးအေးထား၍လားမသိ။ ဆိုင်ထဲတွင် လူရှင်းလှသည်။ အတွဲတစ်တွဲလောက်နှင့် မိသားစုနှစ်စုလောက်သာ တွေ့ရသည်။

"ကညစ်"

သူမ ဆိုင်ထဲကို အကဲခတ် ကြည့်နေစဉ် ခနရဲ့ အသံက ခပ်တိုးတိုးနှင့် လေးလေးနက်နက်။

"ဟင်"

သူမ ထူးလိုက်ရတာကိုပင် အားမရလှ။

သူမ အသံက နာခံလိုစွာ ပျော့နွဲ့နေသလိုပင်။

ဘုရား ... ဘုရား ... သူမ နှစ်မျောသာယာနေပါပေါ့လား ...

ခနကိုပင် မကြည့်ရဲတော့စွာ အားအင်ပျောက်နေနေသည်။

"ကညစ် ... ကျွန်တော့်ကိုနားလည်ပေးပါလားဟင်"

ဒီစကားရဲ့ အနက်က ဘာတဲ့လဲ ...





သူမ ခပ်ရှင်းရှင်း သိလိုလှသလို ပြန်မမေးရဲ ဖြစ်နေပြန်သည်။

"ကညစ်ကို ကျွန်တော် ချစ်တယ်"

ဘယ်လိုပဲ သွယ်ဝိုက် သွယ်ဝိုက် နောက်ဆုံးတော့လည်း ခန အပွင့်လင်းဆုံး ဝန်ခံလိုက်လေပြီ ဖြစ်သည်။

ဟင့်အင်းကွယ် ...

ဒါ အိပ်မက်ကွယ့်နော် ... သူမ အိပ်မက် မက်နေတာပါ ... ခနနဲ့ သူမက ပြိုင်ဘက်တွေလေ ...

အခြေအနေကို လက်မခံနိုင် ဖြစ်နေခြင်းလား၊ လက်မခံရဲ ဖြစ်နေခြင်းလား ... သူမ မဆန်းစစ်မိအား ...

မယုံရဲ ဖြစ်နေတာကတော့ သေချာသည်။

"ကညစ် ... ကျွန်တော် ပြောတာကို ယုံရဲ့လားဟင်"

တမင် လုပ်ထားခြင်း မဟုတ်သည့် နူးညံ့နွေးထွေးသည့် ခနအသံသည် အဝေးကြီးမှ လာနေသလို သူမရင်ထဲကိုးလျှစွာ ပဲ့တင်ထပ်နေသည်။



www.burmeseclassic.com

“မယုံဘူး ခန”

သူမရဲ့ ငုံ့လျှိုးနေသော မာနကို ကြိုးစားပြီး ဖော်ထုတ်လိုက်ရသည်။

ညှိုးလျှသွားသော ခနရဲ့ မျက်နှာကို မြင်ရပြန်တော့လည်း တင်းထားရသော သူမစိတ်တွေက တရစ်ရစ် တိုးလျော့လို့ ...

ခက်တာပဲကွယ် ...

ဘယ်လိုမှ အမည်တပ်လို့ မရတဲ့ ခံစားမှုကိုက အချစ်တဲ့လား ...

“အင်းလေ ... ယုံဖို့ မယုံဖို့ကတော့ ကညစ်ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ပဲ ... ကျွန်တော် အတင်းမတိုက်တွန်းပါဘူး၊ ဒါပေမယ့် ကညစ်ရဲ့ ခံစားချက်ကိုတော့ ကျွန်တော် သိချင်တယ်”

“အခုလောလောဆယ် ခံစားချက်ကတော့ ခန လူလည်ကျတတ်တယ် ဆိုတာကို လက်ခံထားမိတာပဲ”





ခနက သူမရဲ့ သုံးသပ်ချက်ကို ကျေနပ်စွာ ရယ်လေသည်။

ဖြူဖွေးညီညာသော သွားတန်းလေးများပင်မက ရယ်လိုက်လျှင် သွားဖုံးပါ ပေါ်တတ်သော ခနရဲ့ ရယ်ဟန်ကို သူမ စိုက်ခနဲ ငေးကြည့်မိသွားသည်။

တကယ်ကို ပူသည်ဟု ပြောရအောင်ပင် အငွေ့တလှိုင်လှိုင် ထနေဆဲဖြစ်သော နွားနို့နှစ်ခွက်က သူမတို့ရှေ့ရောက်လာသည်။

အပြာရောင် ဖန်ခွက်ထဲက နွားနို့များသည် ပို၍ဖြူနှစ်နေသယောင် ...

“ကညစ် ... နွားနို့ သောက်လိုက်ဦး”

ခနက သူမရှေ့ရှိ နွားနို့ဖန်ခွက်ကို မေးဆတ်ပြပြီး ကလေးတစ်ယောက်ကို စောင့်ကြည့်နေပုံမျိုး ကြည့်နေသည်။

စောစောကပဲ သူမ ခန အပေါ် ဒီလိုကြည့်ခဲ့ပါသေးတယ် ... ခုမှ အခြေအနေက ပြောင်းပြန် ဖြစ်သွားသည်။



www.burmeseclassic.com

ပြည့်ပြည့်ဝဝ ပြုံးကြည့်နေသော မနေရဲ့ အကြည့်များ ကြောင့် မနေတတ်စွာဖြင့် နွားနို့ကို ယူသောက်လိုက်သည်။

သူမ သောက်ခဲ့ဖူးသမျှ နွားနို့များထဲတွင် ဒီလောက် ကောင်းသော နွားနို့ မတွေ့ဘူးဟု ဆိုရလောက်အောင် နွားနို့အရ သာက ပျစ်နှစ်ချိုစိမ့်လျက် ...

တစ်ငုံ ခပ်ပြည့်ပြည့် သောက်လိုက်ပြီး ခွက်ကိုနေ သားတကျ ပြန်ချထားလိုက်စဉ် ...

ခုတိုင် နွားနို့မသောက်သေးဘဲ သူမကို ကြည့်နေခဲ့ ဖြစ်သော မနေက ချစ်စနိုး ရယ်လိုက်ပြီး ...

"ကညစ်"

"ဟင်"

သူမ ကြောင်တောင်တောင်နှင့် ထူးလိုက်စဉ် ...

"ခုချိန်မှာ ကညစ် တစ်ခုခုမှားနေရင် ကျွန်တော် ပြင်ပေးလို့ ရမလား"





အစမရှိ အဆုံးမရှိ စကားဖြစ်ပြီး ဘာအဓိပ္ပာယ်နှင့် ပြောမှန်းပင်မသိ။

"စေတနာကြောင့်ဆိုရင် ကျွန်မ လက်ခံမှာပေါ့"

"အိုကေ ... ကောင်းပြီ"

မနေက အပြာရောင် Tissues စလေး တစ်ရွက်ကို ယူပြီး ...

တကယ်ကို လျင်မြန်လွန်းလို့ သူမ အသက်ရှူဖို့ပင် မေ့သွားသည်။

မြန်ဆန်လွန်းပေမယ့် သူမ ရင်ထဲမှာတော့ အနှေးပြ ကွက်တစ်ခုပမာ ...

နေရာမှထ၍ ငုံ့ကိုင်းသွားသော မနေရဲ့ ကိုယ်ရိပ် ...

အပြာရောင် Tissues စက သူမရဲ့ နှုတ်ခမ်းအပေါ် ကို နူးညံ့စွာ သုတ်လိမ်းလို့ ...

မနေဆီက ရနေကျ ထုံပျပျ ကိုယ်သင်းနံ့က ပို၍ နီးကပ်စွာ ...



www.burmeseclassic.com

"ဟင့်အင်း ... ခနဲ"

သူမ သတိဝင်မိပြီး ရန်းလိုက်စဉ် ...

"ပြီးပြီ ကညစ် ရပြီ"

သူမ အော်ဟစ်ဆူပူ၍ မရအောင် ဒီဆိုင်လေးက ငြိမ်းချမ်းလွန်းနေတာလား ... ဒါမှမဟုတ် သူမရဲ့ သတ္တိတွေကိုက ပျောက်ဆုံးနေတာလား ...

"ဒီဆိုင်က နွားနို့သောက်ရင် အမြဲတမ်း အဲဒီလို ဖြစ်တတ်တယ် ... နွားနို့က ပျစ်လွန်း စစ်လွန်းတော့ ထိတဲ့နေရာမှာ တင်ကျန်နေခဲ့ရော ... ဒီမှာကြည့် ကျွန်တော် သောက်ပြမယ်"

နှုတ်ခမ်းကိုစုပြီး လုလှပပ သောက်ရင်တော့ ဘယ်ပေပါ့မလဲ ... ခနက ပုံမှန်အနေအထားနှင့် သောက်ပြလိုက်ပြီး ဖန်ခွက်ကို ဖယ်ချလိုက်စဉ် ...

သူမ စိတ်မဆိုးရက်စွာ ရယ်မိလိုက်တော့သည်။





နှုတ်ခမ်းမွေးပုံစံကဲ့သို့ နှုတ်ခမ်းအပေါ်မှာ တင်ကျန်ခဲ့သော နွားနို့အနှစ်များက အရုပ်ဆိုးစွာ ...

ဒါပေမယ့် ချစ်ဖို့တော့ ကောင်းပါသည်။

"ကဲ ... ကျွန်တော့်ကိုရော ပြန်ကလဲ့စား မချေချင်ဘူးလား"

လူလည်ကျသော ခနစကားက စိတ်ဆိုးချင်စရာမကောင်း၊ ကြည်နူးပျော်ဝင်စရာသာ ကောင်းနေသည်။

မျက်နှာကို သူမဘက်သို့ ရှေ့တိုးပေးပြီး ပြောနေပုံက တစ်ခုခု တုံ့ပြန်ချင်စဖွယ် ...

"ကိစ္စမရှိပါဘူး ... ကျွန်ကော်ကတော့ ကညစ်ဆီက တုံ့ပြန်လာမယ့် တစ်ခုခုကို စောင့်နေမှာပဲ"

"ကျွန်မက ဘယ်တော့မှ မတုံ့ပြန်ဘူး ဆိုရင်ရော"

"ကျွန်တော့်ကိုယ်ကျွန်တော် ကုစားရမှာပေါ့"

ခနက ခပ်အေးအေးနှင့် လေးလေး ပြန်ဖြေလေသည်။



www.burmeseclassic.com

နောက်တစ်ကြိမ်တွင်တော့ သူမသည် နို့ခွက်ထဲက နို့ကို မပေကျံရလေအောင် နှုတ်ခမ်းကိုစု၍ သေသေသပ်သပ် သောက်လိုက်သည်။

သူမသည် နို့ခွက်ထဲက နို့ကိုသာ မပေကျံရလေအောင် ထိန်းထိန်းသိမ်းသိမ်း သောက်တတ်သော်လည်း သူမရဲ့ နှလုံးသားကိုမူ အချစ်များနဲ့ မပေကျံရလေအောင် မထိန်းသိမ်းနိုင်ခဲ့ပေ။





အဆောင် ပြန်ရောက်သည်နှင့် သူမ အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်ပြီး အဖြစ်အပျက်ကို ကြည်နူးစွာ တနုံ့နုံ့တွေးနေမိသည်။

အရင်က အထီးကျန်သလိုလို ဖြစ်နေတတ်သော ခံစားမှုသည် ခုချိန်မှာ ဝေးလွင့်ပျောက်ကွယ်နေသလိုပင်။

အဓိပ္ပာယ် ပြည့်ဝမှု တစ်ခုခုဖြင့် သူမစိတ်သည် ကျေနပ်ပြည့်တင်းလျက် ...

ခံစားချက်ကို အလိုမလိုက်သင့်ဟု လက်ခံထားသော သူမ အယူအဆများကို ပြောင်းလဲပစ်ရန် အသင့်ရှိနေသလိုပင်။



www.burmeseclassic.com

အိပ်ရာပေါ် လှဲနေရာမှ သူမ အကြည့်များက သူ
သေတ္တာဆီ ရောက်သွားစဉ် ခနရဲ့ စာအုပ်များကို လှန်ကြည့်ချ
လာသည်။

စပေးစဉ်ကတည်းက လုံးဝမလှန်ကြည့်ဖြစ်ခဲ့သော
စာအုပ်လေးများကို ဆွဲထုတ်ပြီး ဖွင့်ကြည့်လိုက်စဉ် ...

**ကညစ်**

**ချစ်တယ်**

**ခနု**

စာအုပ်တိုင်းရဲ့ စာမျက်နှာတိုင်းမှာ သုံးကြောင်းတည
သော စာလုံးများဖြင့်သာ ...

မင်အရောင်မျိုးစုံဖြင့် လှလှပပ ရေးထားသော စာ
လုံးများ ...

သဒ္ဒါစကားလုံးများ မပါ၍ စာလုံးတစ်လုံးနှင့်
တစ်လုံး မဆက်စပ်နေသလိုပင် ...





ဘယ်စာလုံးက ကတ္တားလဲ ...

ဘယ်စာလုံးက ကံလဲ ... လို့ မခွဲခြားပြထားပေ
မယ့် သူမ နားလည်နေသလို စိတ်ထဲက လက်ခံထားမိသော
အဖြေတစ်ခုကြောင့် ... သူမ လက်များက အလိုလို ရေးဖြည့်မိ
လျက်သား ဖြစ်နေသည်။

တစ်မျက်နှာတည်း မဟုတ် ...

သူမလည်း စာမျက်နှာတိုင်းမှာ ရေးဖြည့်လျက် ..

**ကညစ်လည်း**

**ချစ်တယ်**

**ခနုကိုပေါ့**

ကဲ ... ကြည့် ဘယ်လောက်လှပပြီး အဓိပ္ပာယ်
ပြည့်ဝနေတဲ့ စာကြောင်းလေးတွေလဲလို့ ...

ဒါပေမယ့် ဒီခံစားမှုကို ခနအား အသိမပေးခဲ့
သေး။

ငုံလင့်နေစေလိုသော ဆန္ဒကြောင့် မဟုတ် ...



www.burmeseclassic.com

သူမကိုယ်သူမ ဆန်းစစ်ကြည့်ချင်သော ဆန္ဒကြောင့်

ပင် ...

သို့သော် ... ဆန်းစစ်စရာပင် မလိုသော အဖြေ

တစ်ခုနှင့် ခံစားမှုတစ်ခုကို သူမ လက်ချောင်းလေးများက ဖော်

ပြဝန်ခံခဲ့လေပြီ ဖြစ်သည်။







သူမ အမေသာ သက်ရှိထင်ရှား ရှိနေပြီး သူမ အကြောင်းကို ကြားသိခဲ့လျှင် အမေနဲ့ လုံးဝမတူသော စိတ်ဓာတ်ရှိသူအဖြစ် ပြစ်တင်စိတ်ဆိုးမည် ဖြစ်သည်။

သူမသည် အချိန်ဖြင့်တိုင်းထွာရသော မေတ္တာထက် သူမ ရင်ထဲက ခံစားချက်ကိုသာ ဦးစားပေးလိုသူဖြစ်သည်။

အချိန်ဆွဲ၍ အကြောင်းပြပြီး မျိုသိပ်နေရခြင်းထက် အချိန်ကို မငဲ့ဘဲ ဝန်ခံလိုက်ရခြင်းကို သူမ ရွေးချယ်ခဲ့သောကြောင့်ပင်။

ခနရဲ့စာအုပ်ထဲမှာ စာကြောင်းလေးများကို ပြောင်းလဲဖြည့်စွက်ပြီး ခနကို ပြန်ပေးရန် ဆုံးဖြတ်လိုက်သောနေ့သည် ခနသူမကို ရည်းစားစကားပြောပြီး တစ်ပတ်အကြာတွင်ဖြစ်သည်။



www.burmeseclassic.com

ထုံးစံအတိုင်း သူမ အလုပ်နှင့် မလှမ်းမကမ်းတွင် ရပ်စောင့်နေသော ဓနကို မြင်သည်နှင့် ကြိုတင်ကြံစည်စိတ်ကူးထားသည့်အတိုင်း သူမ မျက်နှာကို တင်းထားလိုက်သည်။

သူမ မျက်နှာတင်းမာနေ၍ ဓနက စိုးရွံ့စိတ်ပူစွာဖြင့် ...

"ကညစ် ... ဘာဖြစ်လာလို့လဲဟင်"

သူမ ဓနကို ခပ်ဆတ်ဆတ် လှည့်ကြည့်လိုက်ပြီး ...

"စိတ်အနှောင့်အယှက် ဖြစ်နေတာပေါ့"

ဓနက ခဏမျှ စဉ်းစားလိုက်ပြီး စိတ်ထိခိုက်သွားသောသံနှင့် ...

"ကျွန်တော့်ကြောင့်လား ..."

သူမက ရယ်ချင်လာသည့်စိတ်ကို မနည်းမျိုသိပ်ထားရသည်။ ယောကျ်ားများကို နိုင်ရသော အချိန်သည် ရည်းစားမဖြစ်မီအချိန်ဟု ကြားဖူးသော်လည်း လက်မခံခဲ့။





သို့သော် သူမအတွက် မှန်နေပြန်သည်။

ဓနရဲ့ စိတ်ထိခိုက်သွားပုံရသော မျက်နှာက သူမကို တောင်းပန်တိုးလျှိုးနေဟန်အပြည့် ...

"ကိုယ့်ကိုယ်ကိုယ် သိရင် ပြီးတာပဲ ..."

ရှုအောင့်အောင့်ဖြေလိုက်စဉ် ဓနရဲ့ ခြေလှမ်းများ တန့်သွားလေသည်။

ဓန အနေအထားက လှည့်ပြန်ရန် အသင့်ဖြစ်နေပုံ။

"နေဦး ... ဒီမှာ ဓနစာအုပ်တွေ ပြန်ယူသွားဦး ..."

သူမ ကမ်းပေးလိုက်သော စာအုပ်များကို မျက်နှာငယ်ငယ်နှင့် လှမ်းယူလိုက်သဖြင့် သူမ တင်းထားသမျှကို ဖြေလျှော့ပေးလိုက်ချင်စိတ်ပေါက်သွားသည်။

ခဏလေးပါ ဓနရဲ့ ...

ဒီကျီစယ်မှုလေးကို သည်းခံလိုက်ဦးကွယ့်နော် ...



www.burmeseclassic.com

"ကျွန်တော် တောင်းပန်ပါတယ် ကညစ် ..."

ဒါ နောက်ဆုံးနှုတ်ဆက်တာတဲ့လား ... လက်လျှော့လိုက်တာလား မနဲ့ရဲ့ ...။

ကျီစယ်သန်လွန်းသောစိတ်ဖြင့် သူမ ပြုံးမိသလိုပင်ဖြစ်သွားသေးသည်။

"ရပါတယ် ... နောက်မတွေ့ကြတော့ရင် ပြီးတာပဲ"

မနေ မျက်ဝန်းများကို မကြည့်ဘဲ ပြောလိုက်ခြင်းဖြစ်သည်။ ဒီလိုမှမလုပ်ရင် မနေရဲ့ မျက်ဝန်းထဲက ညှိုးလျော်မှုတွေကို သူမ သနားသွားမှာပေါ့ ...

အသီးသီး ကျောခိုင်းလိုက်စဉ် သူမ ခံစားမှုများက ပေါ့ပါးလျက် ...

မနေရော ...

မနေရေ ... ရှင် စာအုပ်တွေကို ဖွင့်ကြည့်လိုက်တော့လေ ...





ပြီးတော့ သူမကို ဝမ်းသာကြည်နူးစွာ လာခေါ်လှည့်ပေါ့ ...

ခြေလှမ်းများရဲ့နောက်မှာ ဆန္ဒများက လိုက်ပါလျက် ...

သို့သော် ...

သူမ မျှော်လင့်ထားသော ခေါ်သံလည်း မကြားရ။ ရွှင်ပြကြည်နူးလွန်းနေသော အရိပ်ကိုလည်းမတွေ့ရ။ သေချာသည် ... မနေ စာအုပ်များကို ဖွင့်မကြည့်ခြင်းပင်။

အမှုလွန်သွားတာဟု သူမကိုယ်သူမသာ အပြစ်တင်ရင်း ...

လိုက်ပါလာခဲ့သော ဘတ်စ်ကားကျပ်ကျပ်ပေါ်တွင် တစ်ချိန်ချိန် ပြန်လာမည့် မနေကို တမ်းတရင်း ...

မနေရေ ... ကျွန်မ ချစ်ရတာ မတန်ဘူးကွာ ...



www.burmeseclassic.com

ရှင် လူလည်ကျတတ်သလို ကျွန်မလည်း လူလည်ကျ တတ်တာပဲဆိုတာ ပြချင်လို့ပါ။

ဒါပေမယ့် ... အဲဒီအတတ်ပညာကို ခနသိဖို့အတွက် ကျွန်မ ရင်မောမှုတွေကို ရင်းထားရတယ်နော် ...။







ဖြည်းဖြည်းနှင့်မှန်မှန် လမ်းလျှောက်ရင်း အဆောင်ရှိ ရာသို့ လျှောက်လာစဉ် အဆောင်နှင့် မလှမ်းမကမ်းနေရာရှိ လမ်းချိုးလေးတစ်ခုလုံး မှောင်နေသည်ကို တွေ့လိုက်ရသည်။

မီးပျက်နေတာပဲ ...

ဒီလမ်းတစ်လျှောက်မှာ လမ်းမီးတိုင်၏ အလင်းရောင် ကိုသာ အားကိုး၍ သူမ ပြန်ရှုမြဲဖြစ်၍ မှောင်နေသဖြင့် အဖော်မဲ့ သလို ခံစားရကာ ကြောက်စိတ်ဝင်လာသည်။

စိုးရွံ့မှုဖြင့် မြန်မြန်လျှောက်လာစဉ် သူမ ဘေးမှ ကားတစ်စီးသည်လည်း သူမ ခြေလှမ်းနှုန်းနှင့်အပြိုင် လိုက်မောင်း နေသည်ကို တွေ့ရသည်။



www.burmeseclassic.com

ကားထဲမှ လူကို လှမ်းမမြင်ရသော်လည်း တမင်နှောင့်ယှက်ရင်း မောင်းနေခြင်းဖြစ်တာက သေချာနေသည်။

လူကလည်းပြတ် ... မီးကလည်းမှောင် ... ပြီးတော့ ဒီကားကလည်း ...

သူမ ကျောထဲကပင် စိမ့်ခနဲဖြစ်စွာ ကြောက်ရွံ့လာသည်။

ရရှိထားသော ဘုရားစာများကို ရွတ်ရင်း ထီးကို အကာအကွယ်ပြုရန် သတိကြီးစွာကိုင်ရင်း မပြေးရုံတမယ် လျှောက်လာလိုက်သည်။

မောလုမောခင်အချိန်နှင့် အဆောင်ထိပ်ရောက်ချိန်တွင်မှ မီးကဖျတ်ခနဲ ပြန်လာသည်။

မီးလင်းလာသဖြင့် မောင်းပြေးမည်ဟုထင်ရသော ကားက သူမ အနီးတွင် အတင့်ရဲစွာဖြင့် ထိုးရပ်လိုက်ပြီး ...

"ဟိတ် ... မလှုပ်နဲ့ ..."





သိလိုက်ရပြီ ... အရင်းနှီးဆုံးနဲ့ အမက်မောဆုံးအသံ၊ ဘယ်လောက်ပြောင်းပြောင်း ဘယ်လောက်မာမာ သူမ နားထဲတွင် မှတ်မိနားစွဲနေသောအသံ ...

ကားမှန်ကိုချပြီး ကားထဲမှ ခေါင်းပြူ၍ အော်လိုက်ခြင်းဖြစ်သလို သူမ ခြေစုံရပ်လိုက်သည်နှင့် ခနကလည်း ကားထဲက ခပ်သွက်သွက် ဆင်းလေသည်။

"ဘယ်လိုလဲ ... သိပ်ကြောက်သွားတယ် မဟုတ်လား"

ဒါလားကွယ် ... ချစ်သူကို ပညာပေးတဲ့နည်း ...။

မဟုတ်သေးပါဘူး ... ကျီစယ်တဲ့နည်း ... အင်း ဒီလိုဆို ပိုကဗျာဆန်သွားတာပေါ့ ...။

"ကလဲ့စားချေတာပေါ့လေ ..."

သူတို့နှစ်ယောက်စလုံးသည် အချိန်နှင့် အခြေအနေတွေကို မေ့လျော့ကာ ကျီစားသန်နေကြသည်။

"မဟုတ်ပါဘူး ... အမှောင်ထဲမှာ ကြောက်နေတဲ့ ကောင်မလေးတစ်ယောက်ကို လိုက်အဖော်လုပ်ပေးနေတာပါ"



www.burmeseclassic.com

မားမားမိုးနေသော ဒီအရိပ်နှင့် ဒီလူသည် သူမနှင့် သက်ဆိုင်သော ချစ်သူလေးတစ်ယောက်အဖြစ် သူမ ကျေနပ်လို့ ...။

"တကယ်ဆိုးတယ် ကညစ်ရာ ... ကျွန်တော် စိတ်ညစ်ညစ်နဲ့ အိမ်ပြန်သွားတာပေါ့ ... အိမ်ရောက်တာနဲ့ စာအုပ်တွေရော လွယ်အိတ်ရော ခုတင်ပေါ်ကို ပစ်လှဲပစ်လိုက်တာ ... အဲဒီအချိန်မှာ ယောက်ျားကြီးတန်မဲ့ ကျွန်တော် ဘာလုပ်ချင်နေလဲ သိလား"

"ဟင့်အင်း"

"ငိုချင်နေတာ ကညစ်ရဲ့"

သူမ သဘောကျစွာ ခစ်ခနဲ ရယ်လိုက်မိသည်။

"ရှက်ရှက်နဲ့ စာအုပ်ကိုဖွင့်ပြီး မျက်နှာပေါ် အုပ်ထားလိုက်မိတာ ... အဲဒီတော့မှ စာအုပ်ထဲက ရေမွှေးနံ့ ရနေပါလား လို့ သိလိုက်တယ် ... ကျွန်တော်သုံးတာ Uni Ball ပဲဟာ ဘယ်မွှေးပါ့မလဲ ... ဘာကြောင့် မွှေးနေပါလိမ့်လို့ ... သေသေချာချာ ကြည့်လိုက်တော့မှ ... ဟား ... ဟား ..."





ခနက သဘောကျစွာ ခေါင်းကို မော့လှန်ပြီးရယ်နေသည်။ ဝအောင်ရယ်ပြီးတော့မှ ...

"ကဲ ... ပြော ... ပါးစပ်နဲ့ပြေ ... ချစ်လား"

သူမ နှုတ်ခမ်းနှစ်ခုကို တင်းတင်းစေ့ရင်း ခေါင်းခါပြလိုက်သည်။

"မရဘူးနော် ... ဖြေဖြေ ... ပါးစပ်နဲ့ပြောမှ ကျွန်တော် ကျေနပ်မယ် ..."

"မပြောရင်ရော ..."

ဒီတစ်ခါ သူမ ညစ်ရမည့်အလှည့် ဖြစ်သည်။

"မပြောရင်လား ... အင်း ... ရတယ်လေ ... ကျွန်တော် ဒီတစ်ဆောင်လုံးကြားအောင် အော်ပစ်လိုက်မယ် ... ကညစ်ကို ချစ်တယ်လို့"

အဆောင်ရှေ့နား ရောက်နေပြီဖြစ်၍ အသံကျယ်ကျယ်သုံးလျှင် တစ်ဆောင်လုံး ကြားနိုင်မည်ကတော့ သေချာနေသည်။



www.burmeseclassic.com

"အော်လေ … မရှက်ရင်အော်ပေါ့ … မပြောနိုင်ပေါင်"

သူမ ခနကို ကျောခိုင်းပြီး အဆောင်ဆီသို့ လျှောက်လိုက်စဉ် …

"တစ် … နှစ် … သုံး …"

သူမ ရယ်ကျဲကျဲဖြင့် လျှောက်နေဆဲ … ခနကလည်း အချိန်ကိုဆွဲ၍ အမှတ်စဉ်ပင် ရေလိုက်သေးသည်။

"အေး … တကယ်အော်ပြီ … ကညစ် …"

"ဟာ … ဟေ့ … မလုပ်နဲ့လေကွာ …"

တကယ်ကိုပင် ခန အသံသြရှရှက အကျယ်ကြီး ထွက်လာသဖြင့် သူမ နောက်လှည့်ပြီး အထိတ်တလန့် တားလိုက်သည်။

ပြုံဖြီးဖြီးနှင့် သူမ လှည့်ပြေးလာတာကို လက်ကမ်းလင့်ကြိုနေသော ခန …

ခနရဲ့ ဆန့်တန်းကမ်းပေးလာသော လက်များကို သူမ ရိုက်ပုတ်ထုခတ်လိုက်ပြီး …





"အင်းကွာ … ချစ်တယ်ကွာ … ဘာဖြစ်လဲ … ချစ်တယ်၊ ဘာဖြစ်သေးလဲ …"

သူမ ရှက်ရွံ့စကား ပြောနေသည်ကို ခနက ကြည်နူးနှစ်သက်စွာ …

ပြန်မှောင်လိုက်စမ်းပါ ဓာတ်တိုင်လေးတွေရ …

ဒါမှ ကျွန်မ မျက်နှာပေါ်က ရှက်ရိပ်တွေကို ချစ်သူ မမြင်နိုင်မှာလေ …။



www.burmeseclassic.com

သူမ စကားဆုံးသည်အထိ နုထွေး၏ မျက်လုံးပြူး များက ပြန်မကျသွားပေ။

နုထွေးက အံ့သြလွန်းလေလေ သူမ အနေရခက်လေ လေ ဖြစ်နေသည်။

"ဘုရားရေ ... ကညစ်နဲ့ ခန ချစ်သူတွေ ဖြစ်နေတယ် ... ဟုတ်လား ... နင် ငါ့ကို နောက်နေတာတော့ မဟုတ်ပါဘူး နော် ..."

နယ်မှ ပြန်ရောက်လာသော နုထွေးကို အဝတ်အစား လဲပြီးအောင် စောင့်ပြီးသည်နှင့် ပြောပြလိုက်ခြင်းဖြစ်သည်။

"နောက်စရာလား နုထွေးရဲ့"





"ဒါဆို ... ခနက နိုင်ငံခြားက ပြန်လာတာလား"

နုထွေးက ခန နိုင်ငံခြားသွားသည်ဟုသိထားတုန်းပင်။

"ခနမှ နိုင်ငံခြားမသွားတာ ... အဲဒီကတည်းက ငါ ပြောမလို့ပဲ ... ခနနဲ့ ငါ တွေ့ကြသေးတယ်လေ ..."

"သြော် ... ကညစ်က ကျိတ်လျှိုထားတာပေါ့လေ"

"လျှိုခဲ့တာတော့ မဟုတ်ပါဘူး နုထွေးရယ် ... ဒါပေမယ့် နုထွေးကို မပြောဖြစ်ခဲ့တာတော့ ငါ့ကို ခွင့်လွှတ်နော် ..."

နုထွေးက သူမအပေါ် သည်းခံနားလည်သူမို့ လွယ်ကူစွာ ခွင့်လွှတ်မည်ကို သိနေသည်။

"ထင်တော့ထင်သားပဲ ..."

နုထွေးက အိပ်ရာပေါ် လှဲချလိုက်ရင်း ရေရွတ်နေသဖြင့် သူမပါ နုထွေးဘေးနား ဝင်လှဲလိုက်သည်။

"ဘာထင်တာလဲ ..."

သူမ ကိုယ်တိုင်လည်း ခနနဲ့ ပတ်သက်သော ခေါင်းစဉ်တိုင်းကို စိတ်ဝင်စားနေသူမို့ မေးလိုက်မိသည်။



www.burmeseclassic.com

"မနေရဲ့ ကညစ်ကိုကြည့်တဲ့ အကြည့်တွေကို မရိုးပါဘူ
ထင်တော့ထင်သား ..."

နုထွေးက လှဲနေရာမှ ဘာစိတ်ကူးပေါက်သည်မသိ ရုတ်ခနဲ ထထိုင်လိုက်ပြီး ...

"ကညစ် ... နင့်ကို သူ သနပ်ခါး လိမ်းခိုင်းသေးလား
ငါပြောတာက အထူကြီးကို ပြောတာနော် ..."

နုထွေးက အလန့်တကြား မေးသောမေးခွန်းကို သူမ ကြည်နူးစွာ ပြန်ဖြေနိုင်ခဲ့သည်။

သူမ ကြည့်နေသော မျက်နှာကြက်ပေါ်တွင် ထိုအချိ က မနေ၏ဟန်နှင့် အသံကို မြင်ယောင်လျက် ...။







"ကညစ် ... သနပ်ခါး အထူကြီးလိမ်းတာ မနေ စိတ်အနှောင့်
အယှက် ဖြစ်လားဟင် ..."

ချစ်သူတွေဖြစ်ပြီး တစ်ရက်မြောက်နေ့တွင် သူမ မေးသင့်ဆုံး မေးခွန်းကို မေးလိုက်မိသည်။

မနေက မြတ်နိုးဖွယ်ကောင်းစွာ မျက်လုံးများမှိတ်ပြီး ညင်သာစွာ ခေါင်းခါသည်။

"မဖြစ်ဘူး ... လုံးဝမဖြစ်ဘူး ... ကျွန်တော့်မျက်ဝန်းထဲမှာ
ကညစ်ရဲ့ ပင်ကိုယ်မျက်နှာလေးကို သိမ်းထားပြီးသား ...
ဘယ်လောက်ထူတဲ့ သနပ်ခါးပဲဖြစ်ဖြစ် ကျွန်တော့်ရင်ထဲက
ချစ်သူရဲ့ အလှကို မမီဘူးလေ"



www.burmeseclassic.com

သူမ အလုပ်စောစောပြီးလျှင် အပြာရောင်၌ထိုင်၍ အလုပ်နောက်ကျမှပြီးလျှင်တော့ ထိုင်နေကျအအေးဆိုင်လေး၌ပင် ထိုင်ရန် သဘောတူခဲ့ကြသည်။

ထိုနေ့က ညရှစ်နာရီကျော်မှပြီး၍ အအေးဆိုင်လေး၌သာ ထိုင်ဖြစ်သည်။

ဆယ်မိနစ်ထက်ပိုထိုင်၍မဖြစ်သော အခြေအနေမို့ သူမတို့နှစ်ယောက် စကားသိပ်မပြောဖြစ်ကြ။ တစ်ယောက်မျက်နှာပေါ်ကအရိပ်ကို တစ်ယောက်ဖတ်ရင်း ကြည့်နူးနေရုံသာ ...။

ခနဲ ကားနှင့် လိုက်ပို့ပေးမည်ကို သူမ လက်မခံသဖြင့် ကားကျပ်သော ဘတ်စ်ကားပေါ်၌ ခနဲ လိုက်၍ ဒုက္ခခံရလေသည်။

"ကညစ်ကို သနားတယ်လို့ မပြောရဘူးနော် ခနဲ ..."

ကားပေါ်မတက်ခင် သူမက ဦးအောင်ကြိုပြောထားလိုက်သေးသည်။

တကယ်တမ်းတော့ သူမက ခနဲကို ပြန်ပြောခဲ့ရသည်ပင်။





"ခနဲရယ် ... ကညစ်ကြောင့် ကားကျပ်ကျပ်တိုးစီးနေရပြီ"

ခနဲကို ကားပေါ်က အဆင်းတွင် ပါအောင် အတင်းဆွဲထုတ်ယူရပြီး အောက်ရောက်သည်နှင့် ပုဆိုးပြင်ဝတ်နေရှာသော ခနဲကို ကြည့်ပြီး သူမ ပြောလိုက်မိခြင်းဖြစ်သည်။

"ကညစ်ကတောင် မိန်းကလေးဖြစ်ပြီး နေ့တိုင်း ဒီဒုက္ခခံနိုင်သေးရင် ကျွန်တော်က ပိုတောင် ခံနိုင်ရဦးမှာပေါ့"

သူမ ကိုင်လေ့ရှိသော ဖိုင်လေးကို ခနဲက ကိုင်ပေးရင်း ကားဂိတ်မှ အဆောင်သို့ လမ်းလျှောက်လာစဉ် ...

"ကညစ် ... ကျောင်းပြန်ဖွင့်တော့မယ်နော်"

"ဟုတ်တယ် ခနဲ ..."

မဟာဝိဇ္ဇာ ဒုတိယနှစ်အတွက် ကျောင်းဖွင့်ရန် တစ်ပတ်လောက်သာ လိုတော့သည်။

"ကညစ်အတွက် ကျွန်တော် အစီအစဉ်တစ်ခု လုပ်ထားတယ်"

"ဘာလုပ်ထားတာလဲ ... အခုပြော ..."

မနနဲ့ မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး သူမ မေးလိုက်စဉ် မနက ပြုံးတုံ့တုံ့ လုပ်နေသည်။

ဒါ ... လျှို့ဝှက်ချက် တစ်ခုခုရှိတိုင်း ပြုံးတတ်တဲ့မန အမူအရာပေါ့ ... မဟုတ်သေးပါဘူး ... သူမ အပေါ် ညစ်ကျယ်ကျယ် အနိုင်ကျင့်တိုင်း လုပ်လေ့ရှိတဲ့ အမူအရာပါ။

"မနက်ဖြန်မှ ပြောမယ် ... အခု ပြောလို့ မရသေးဘူး ... ပြောပြတာထက် မြင်ရတာမှ ပိုပြီး သဘောပေါက်မှာ ကညစ်ရဲ့ ... မနက်ဖြန်မနက် ကျွန်တော် လာခေါ်မယ် ... ဘယ်လိုလဲ ..."

"တော်ပြီ မသိချင်တော့ဘူး"

သူမ စိတ်မကောက်ပါပဲလျက် စိတ်ကောက်ချင်ဟန်ဆောင်ပြီး ပြောလိုက်သည်။

"မနက်ဖြန် မသိချင်လည်း နောက်သိရမှာပဲ ကညစ်ရဲ့ ... စောစောသိရတော့ ပိုမကောင်းဘူးလား"

ဘာများပါလိမ့်ကွယ် ...





ချစ်သူရဲ့ ဖန်တီးချက်တစ်ခုအဖြစ် သူမ သိချင်စမ်းလှတော့ ...

တဖြည်းဖြည်း အဆောင်နားရောက်လာစဉ် ...

"ကညစ် ..."

"ဟင်"

မန အသံက လှိုက်လှိုက်နွေးနွေးလေးဖြစ်၍ သူမလည်း ရင်ခုန်ဖိုမြစွာ တိုးတိုးလေး ပြန်ထူးလိုက်မိသည်။

"ကို ... လို့ ခေါ်ပါလားဟင်"

ဒါလေး တောင်းဆိုဖို့ကို မန အသွင်က စိုးရွံ့တိုးလျှိုးဟန် ...

နေစမ်းပါ ... သူမလည်း ရှက်ဟန်ဆောင်ဦးမှာပေါ့။

"ဘာစိတ်ကူးပေါက်လို့လဲ မနရယ် ..."

သူမ ဈေးဆစ်လိုက်စဉ် ...

"ကို နားထောင်ချင်လို့ပေါ့"



www.burmeseclassic.com

သူ ကိုယ်တိုင်ပင် ခနက နာမ်စားပြင်လိုက်ပြီး ဖြေလေသည်။

"ကညစ် အကျင့်လုပ်ရဦးမယ် ခနရဲ့ ... ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လို့လဲ ..."

"ရှက်တယ်"

ဘုရားရေ ... သူမ ရှက်ဟန်ဆောင်ပါမယ်ဆိုမှ တကယ် ရှက်မိသွားသည်။

တစ်ကိုယ်လုံးပင် ကြက်သီးမြမြထလျက် ...

"မရှက်နဲ့ ... မျက်လုံးမှိတ်ပြီး တိုးတိုးလေးခေါ်"

ခနရယ် ... ရင်ခုန်ညွတ်နူးလိုက်တော့ ...

သူမ မျက်လုံးများကို အသာမေးမှိတ်လိုက်စဉ် ရင်ခုန်သံက အဆမတန် ဆူညံလျက် ...

ခြောက်သွေ့နေသော နှုတ်ခမ်းကို အားယူ၍ မျက်နှာပေါ်ရှိ အကြောများအားလုံးကို ဖျစ်ညစ်ရင်း ...

"ကို ..."





တကယ့်ကို နူးညံ့စွာ ...

တိုးလျစွာ ...

သိမ်မွေ့စွာ ...

အို ... ချစ်ခြင်းတရားနဲ့ ပတ်သက်တဲ့အရာတွေအားလုံး ပျော်ဝင်နေတဲ့အသံမျိုးပေါ့ ...

"လိမ္မာလိုက်တဲ့ ကညစ်လေး"

ချစ်သူက သူမကို ပြန်ပေးခဲ့သည်များမှာ လက်ဖမိုးပေါ်က အနမ်းနွေးနွေးလေးပင်ဖြစ်သည်။



www.burmeseclassic.com

ချစ်သူရှိလာရင် ပိုလှချင်လာတယ်ဟူသော စကားကို မှန်ကြောင်း သူမ ကိုယ်တွေ့ ခံစားကြည့်မှ သိလာသည်။

မနက်ပိုင်း လာခေါ်မည်ဟု မှာထားခဲ့သဖြင့် မနက်ခုနစ်နာရီလောက်ကတည်းက ရေမိုးချိုးပြီး အသင့်ဖြစ်နေခဲ့သည်။

နွေထွေးကတော့ အိပ်ရာထဲက မထသေးဘဲ ပြန်နှပ်နေသည်ဟူသော အကြောင်းပြချက်ဖြင့် တက်ကြွနေသော သူမကို လိုက်ကြည့်နေလျက် ...

အမြဲတမ်း စည်းထားလေ့ရှိသော ဆံပင်များကို ခေါင်းလျှော်ထားသည်ဟူသော အကြောင်းပြချက်ဖြင့် ဖြန့်ချထား





လိုက်ပြီး မျက်နှာပေါ်သို့ သနပ်ခါးရေကျဲပါးပါးသာ လိမ်းလိုက်သည်။

မှန်ထဲမှာ ဝင်းအိနေသော သူမ မျက်နှာအတွက် စိတ်တိုင်းကျနေစဉ် ...

"နှုတ်ခမ်းနီ ဆိုးသွားပါလား ကညစ်"

နွေထွေးက ပါးစပ်ကပင် မြှောက်ပေးသည်မဟုတ် အလှပြင်ဘူးထဲက ပန်းနုရောင်နှုတ်ခမ်းနီဘူးကို ထုတ်လာပေးသည်။

"ဟင့်အင်း ... ဆိုးနေမကျတော့ နေတတ်မှာ မဟုတ်ဘူး နွေထွေး ... ရတယ် ... နေပါစေ"

"လာ ... ငါ ဆိုးပေးမယ်"

အတင်းပင် သူမ မျက်နှာကို မော့စေပြီး နှုတ်ခမ်းနီဆိုးပေးနေသဖြင့် သူမ ငြိမ်နေလိုက်သည်။ ပြီးသွားတော့မှ ...

"ကဲ ... ကြည့် ... ဘယ်လောက်လှသွားလဲ"

မှန်ထဲက ပန်းနုရောင် နှုတ်ခမ်းပါးက သူမ နှုတ်ခမ်းမှ ဟုတ်ပါလေစဟု ထင်ရလောက်အောင် စိုလက်နုထွေးလျက် ...



www.burmeseclassic.com

“ခနကတော့ ဒေးသွားမှာ သေချာတယ် ... အပြန် မုန့်ဝယ်ခဲ့ကြ ဒါပဲ ...”

နုထွေးက စောင်ပုံထဲ ပြန်ကွေးနေစဉ် ...

“ကညစ်ရေ ... ညွှံ့သည် ...”

အနည်းငယ်ဟောင်းနေသော ပန်းနုရောင်ရှပ်အင်္ကျီကို အားမရသော်လည်း အဝတ်အစား သိပ်မရှိ၍ မတတ်နိုင်တော့။

အခန်းထဲမှ ထွက်လာစဉ် အသင့်စောင့်နေသော ခနက သူမကို မြင်သည်နှင့် သဘောကျကျေနပ်စွာ ပြုံးနေသည်။

သိတယ် ... ဒီအပြုံးထဲမှာ သူမကို တစ်ခုခု ကျီစယ်ချင်နေပြီ စချင်နေပြီ ဆိုတာကိုပေါ့ ...

“ဘာရယ်ချင်နေတာလဲ ခနရဲ့”

“ဟော ... မှားပြီ၊ ပြန်ခေါ် မရဘူး”

သူမ ရှက်ရမ်းရမ်းပြီး မှားကုန်လေသည်။

“ဟာ ... နှုတ်မှ အကျင့်မရသေးတာ”

“များများခေါ်ရင် ရမှာပေါ့ ကညစ်ရဲ့”





“အင်းပါ”

သူမ ဘာမှ မပြောဘဲ ခနအတွက် အခေါ်အဝေါ် အတွက် စိတ်ထဲမှာ အကျင့်လုပ်နေစဉ် ...

“သိပ်လှတယ် ကညစ်”

“ဟင် ...”

“သိပ်လှတယ်လို့ ပြောတာ”

သူမ အူကြောင်ကြောင် လုပ်နေ၍ သူမ နားနားကပ်ပြီး အော်ပြောလေသည်။

မနက်ပိုင်းဖြစ်၍ ဘတ်စ်ကားများက ချောင်ချောင်ချိချိ။

ငါးဆယ့်တစ်ကားပေါ်တွင် နှစ်ယောက်စလုံး နေရာရပြီး အတူထိုင်လိုက်ကြစဉ် ခနမျက်နှာက ဖြူဖျော့နေတာကို သတိထားမိလိုက်သည်။

“ကို နေမကောင်းဘူးလားဟင်”

ကိုက ပြုံး၍ ခေါင်းခါလိုက်ပြီး ...



www.burmeseclassic.com

"မနက်က မကောင်းဘူး ... အခု ကောင်းသွားပြီ ... ကို

လို့ များများခေါ်ပေး သိလား ..."

"တကယ်နေမကောင်းတာလားဟင်"

သူမရဲ့ စိုးရိမ်နေသော မျက်နှာကို ချစ်သူက မြတ်နိုးစွာ ကြည့်ပြီး ...

"နည်းနည်း အအေးမိသွားလို့ပါ"

ကိုယ်ပိုင်ကားပေါ်က ဆင်းစရာမလိုသော ကို့ကို သူမ နှိပ်စက်သလိုများ ဖြစ်နေပြီလား ...

စိတ်မကောင်းဖြစ်သွား၍ သူမ နှုတ်ဆိတ်သွားစဉ် ...

"ကိုက နည်းနည်းချူချာတယ် ကညစ်ရဲ့ ... ကညစ်နဲ့

အတူနေရင် ကညစ်က ပြုစုပေါ့"

သူ့အပေါ် အပြစ်မတင်သည့်အပြင် ရယ်သွေးသွမ်းနေသော ကို့ကို သူမ မြတ်နိုးနေမိသည်မှာ တရားပါသည်။

"အခု ဘယ်ကို သွားမှာလဲဟင်"





သူမ လက်ကို ဆုပ်ကိုင်ထားသော ကို့လက်များက ပွန်းလျက် ...

"မြို့ထဲကိုလေ ..."

သူမ ကို့ကို ယုံကြည်စိတ်ချစွာ လိုက်ပါလာခဲ့သလိုကို ပေးမည်ဆိုသော အစီအစဉ်တစ်ခုကို သိလိုလှသည်။


www.burmeseclassic.com



မြို့ထဲရှိ မြေညီထပ်အခန်းတစ်ခုရှေ့တွင် ကို ရပ်လိုက်စဉ် ...

"ကို ... ဘာလုပ်ဖို့လဲဟင်"

ကိုက သော့ဖြင့် အခန်းတံခါးကို ဖွင့်နေပြီး ...

"ကို ပေးမယ့်အရာက ဒီအခန်းထဲမှာလေ ..."

"ကညစ် အထဲ မလိုက်ဘူးနော်"

သူမ စကားကြောင့် ကိုက သော့ဖွင့်ပြီးသောတံခါးကို တွန်းမဖွင့်သေးဘဲ အားပါးတရ ရယ်လိုက်လေသည်။

"အင်းပါ ... အထဲက အရာကိုမြင်မှ အထဲဝင်သင့်မဝင်သင့် ဆုံးဖြတ်ပေါ့ ... ဟုတ်လား ..."





သူမ အင်တင်တင်နှင့် ခေါင်းညိတ်ပြစဉ် ကိုက သူမ ခေါင်းကို ချစ်စနိုး ပုတ်လိုက်ပြီး တံခါးကို ဖွင့်လိုက်လေသည်။

"ဟင် ..."

တံခါးဖွင့်လိုက်သည်နှင့် သူမ ရင်ထဲ အံ့ဩလွန်းစွာ နှစ်သက်လွန်းစွာ ...

ဆယ်ပေ၊ ပေနှစ်ဆယ်အကျယ်ခန့်သာရှိသော (ယခင်က ဆိုင်တစ်ခုအဖြစ် အသုံးပြုခဲ့ဟန်တူသည်) အခန်းထဲတွင် အဆင့်လိုက် အကန့်လိုက် သပ်ရပ်စီရီနေသော စာအုပ်များ၊ စာအုပ်စင်နှင့် ဒရင်းဘက်တစ်ခုကလွဲ၍ ရှင်းလင်းသေသပ်နေသော အခန်းငယ်လေး ...။

မျက်နှာစာတန်း ထောင့်ခန်းဖြစ်၍ အလင်းရောင်ကလည်း လုံလောက်စွာ ...

အထဲလိုက်မဝင်ပါဘူး ပြောခဲ့သော စကားကို မေ့လျော့စွာ ...



www.burmeseclassic.com

"ဟာ ... စာအုပ်တွေ အများကြီးပဲ ပျော်စရာကြီးကွာ ..."

သူမ အားပါးတရ ထုတ်ဖော်မြည်တမ်းမိသည်အထိ

ပင်။

"ဟိတ် ... အထဲမဝင်ဘူးဆို ... အခု ကို့စာအုပ်တွေတော

ကိုင်လို့ပါလား ..."

မနက ကျေနပ်ပီတိဖြစ်လွန်းစွာ ...

သူမကလည်း ဆိုးညစ်ချင်လွန်းစွာဖြင့် ...

"ဘာဖြစ်လဲ နော် ... ကိုယ့်ချစ်သူ စာအုပ်တွေ ကိုင်တာ

ပဲ"

မနက ချစ်စနိုးဖြင့် ထပ်ပြီး သူမ နဖူးကို မနာအော

လက်သီးဖွဖွင့်ဖြင့် ထုလျက် ...

"ဒီစာအုပ်တွေ အားလုံး ကညစ်အတွက် ... ဒီအခန်းလေ

ကလည်း ကညစ်အတွက် စာဖတ်ခန်းပဲ"

ဟင် ... ဒါ ... ချစ်'ကို'ပေးတဲ့ သူမအတွက် လက်

ဆောင်လား ...





သိပ်တန်ဖိုးကြီးမားသည် ဟု ပြောရမည့်အစား

သိပ်ဆန်းကြယ်သည်ဟုပဲ သူမ ပြောလိုက်ချင်သည်။

စာအုပ်ပေါင်းများစွာကို စနစ်တကျ သူ့နေရာနှင့်သူ

စီစီရီရီ။ စာအုပ်တိုင်းရဲ့ အနောက်တိုင်းမှာ စာအုပ်အမည်နဲ့

စာရေးသူ အမည်ပါနေတာမို့ အလွယ်တကူ ရှာရလွယ်မည့်အပြင်

ချစ်သူက စာရေးသူနာမည်များကို အက္ခရာစဉ်အလိုက် စီထား

လျက် ...။

"ကို ... ကညစ်ဆီက အဖြေရပြီး နောက်နေ့ကနေစပြီး

အကောင်အထည်ဖော်ရတာလေ ... မနေ့ညကစပြီး စီနေရ

လို့ နည်းနည်းပင်ပန်းပြီး ဖျားသွားတာပေါ့"

သူမ စာအုပ်များကို ကိုင်ကြည့်နေရာက ချစ်သူမျက်

နှာကို သူမ ပြောင်းလဲဖတ်ရှုလိုက်သည်။

"ကို ... ကျေးဇူးတင်ပါတယ်ကွယ် ... ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ ကညစ်ရဲ့"



www.burmeseclassic.com

အစိုးရိမ်ပိုစွာ ကိုက မေးလာစဉ် ...

"ကညစ်အတွက် ဒီလောက်ကြီး ပေးဆပ်ဖို့ မလိုပါဘူး"

ကိုက အစိုးရိမ်ကြီးနေလွန်းသော သူမရဲ့ လက်ဖဝါးများကို ဖြစ်ညှစ်ဆုပ်ကိုင်လိုက်ပြီ။

"ကညစ်ရယ် ... ကို ဖန်တီးဖန်ဆင်းခွင့်သာ ရှိရင်လေ အရာရာအားလုံးဟာ ကညစ်အတွက်ပဲ ဖြစ်စေရမယ်"

ချစ်သူ့နှုတ်ဖျားက စကားသံနွေးနွေးကို သူမြတ်နိုးခုံမင်စွာ ...

"ကညစ် ... စာအုပ်ဖတ်ချင်တဲ့အချိန် ... ဒါမှမဟုတ် ဒီထဲက စာအုပ်တွေ လာယူချင်တဲ့အချိန် စိတ်ကြိုက်လာယူလို့ရတယ် ... ဟောဒီမှာ အခန်းသော့ ... နှစ်ချောင်းရှိတယ်၊ နှစ်ချောင်းစလုံး ကညစ် ယူထား ..."

"ဟင် ... ကို တစ်ချောင်းယူထားလေ ..."

ကိုက သူမ နှာခေါင်းကို ညှစ်ပြီး ...





"အစိုးရိမ်ကြီးတော့လည်း သူ့အပြင်မရှိဘူး ... မစဉ်းစားမိဘူးလား အရူးမလေးရဲ့ ... 'ကိုတို့နှစ်ယောက်လုံး ဒီမှာ ခဏခဏ ဆုံလို့မကောင်းဘူးလေ ..."

ကိုက အထင်ကြီးလာအောင် လေးစားယုံကြည်လာအောင် ဆွဲဆောင်တတ်သူပေလား ...

ဒါပေမယ့် ချစ်သူရဲ့ စောင့်ထိန်းမှုတိုင်းသည် သူမဆီက မြတ်နိုးမှုများကို ဖြားယောင်းသွေးဆောင်ယူနေခြင်းပင်ဟု သူမ ဝန်ခံလိုက်ချင်သည်။

ပြီးတော့ စာကြည့်ခန်းလေး၏ မြင်သာသောနေရာတစ်ခုတွင် ...

"ကညစ်စာကြည့်ခန်း ..."

ဟူ၍ ချိတ်ဆွဲ ထားလျက် ...။



www.burmeseclassic.com



ယောပုဆိုးများကိုသာ စွဲစွဲမြဲမြဲဝတ်လေ့ရှိသော ချစ်သူ

ကို ...

"ကို ... ကျောင်းတက်တုန်းကလို ကွက်စိပ်ပုဆိုးလေးတွေ

ဝတ်ပါဦးလား ..."

ကြံကြံဖန်ဖန် တောင်းဆိုတတ်သူအဖြစ် ကိုက

ပြုံး၍ ကြည့်ပြီး ...

"ဘာဖြစ်လို့လဲ ... ယောပုဆိုးနဲ့ မလိုက်လို့လား ..."

"လိုက်ပါတယ် ကိုရဲ့ ... တစ်ခါတလေ ကျောင်းကပုံစံလေး

မြင်ချင်လို့ ..."

ကိုက စားပွဲပေါ်တင်ထားသော သူမလက်ကို ဖွဖွကိုင်

၍ သူမ မျက်ဝန်းများကို စေ့စေ့ကြည့်ပြီး ...





"ကဲ ... ဒါဆို ကိုမေးမယ် မှန်မှန်ဖြေနော်"

"အင်း ..."

"ကျောင်းကပုံစံနဲ့ အခုပုံစံ ဘယ်ပုံစံကို ပိုချစ်လဲပြော ..."

ကို မေးတော့မှ သူမမျက်ဝန်းထဲမှာ ပုံစံနှစ်ခုကို ပြန်မြင်ယောင်အောင် ကြည့်လိုက်မိသည်။

ပုဆိုးအရောင်ရင့်ရင့် ကွက်စိပ်လေးနှင့် ရှပ်အင်္ကျီအဖြူကို တွဲဝတ်ထားပြီး နှုတ်ခမ်းတင်းတင်းစေ့ထားသည့် မျက်ဝန်းထဲမှာ မထီတရီ အရိပ်များသာပါသည့် ခန ...

ယောပုဆိုးနှင့် ရှပ်အဖြူရောင် ... ပြီးတော့ ရွှန်းလဲ့သောမျက်ဝန်းနှင့် နွေးထွေးနူးညံ့သောနှုတ်ခမ်း ... (တစ်ခါတလေ အထက်စီးက ပြုံးလေ့ရှိသည့် အပြုံးမျိုးကို ပြုံးတတ်သေးသည့် ခန)

"အင်း ... ကျောင်းက ခနကို ပိုချစ်တယ် ... အခုခနကို ပိုမြတ်နိုးတယ်"

ကို့ မျက်နှာက အလိုမကျသလို တည်သွားသဖြင့် ...



www.burmeseclassic.com

"ကို ဘာဖြစ်လို့လဲ ..."

သူမ ပျာပျာသလဲ မေးမိပြန်တော့ သက်ပြင်းဖျော့ဖျော့နှင့် သူမကို အလျှော့ပေးလိုက်ပြီး ...

"ကဲ ... ရှင်းပြပါဦး ... ဘယ်လိုကြောင့်လဲ ..."

စာမေးကြမ်းသော ဆရာတစ်ယောက် ရှေ့မှာ ဆရာကို မကြောက်သော တပည့်တစ်ယောက်လို ခေါင်းကိုမော့ရင်း ရယ်ကျဲကျဲနှင့် သူမ ပြောနေမိသည်။

"ကျောင်းမှာတုန်းက ကို့ပုံစံကို ကြည့်မရဘူးလေ ... ဒါပေမယ့် အဲဒီပုံစံကိုပဲ မသိစိတ်က လက်ခံထားတယ်ထင်တယ် ... မကြာခဏ သတိရနေတတ်ရော ... အခုပုံစံကျတော့ ဒါ ကျွန်မချစ်သူလေး ... ကျွန်မအပေါ် ကြင်နာတယ် ... ညာတာတယ် ... နားလည်ပေးတယ်ဆိုပြီး မြတ်နိုးရတယ်လေ ..."

ကိုက သူမ စကားအဆုံး ...

"လူလည်မလေး ..."





ချစ်သူ ပေးသော ဘွဲ့ထူး၊ ဂုဏ်ထူးတွေ သူမမှာ တန်းစီလို့ ...

အရူးမလေး ...

လူလည်မလေး ...

ရုပ်ဆိုးမလေး ...

အိုး ... အများကြီးပေါ့ ...

ထူးဆန်းသည်မှာ ချစ်၍ခေါ်သော နာမ်အားလုံးကို ဘယ်လောက်အဓိပ္ပာယ်ဆိုးသည်ပဲဖြစ်ဖြစ်၊ သူမ နှစ်သက်နေလေသည်။



www.burmeseclassic.com

စာကြည့်ခန်းလေးတွင် အေးအေးလူလူစာဖတ်နိုင်ရန် အချိန်မရှိသော သူမအတွက် စာအုပ်များကို အဆောင်ယူပြီးဖတ်၊ ပြီးရင် ပြန်ထား၊ ပြန်ယူ ...။

ဘာလိုလို့နှင့် စာကြည့်ခန်းလေးက စာအုပ်အငှားဆိုင် သဖွယ် ...

အရင်က စာအုပ်ရောင်းသော ဆိုင်နေရာလေးဖြစ် ကြောင်းကိုတော့ ကိုက စိတ်ရှည်လက်ရှည် ရှင်းပြခဲ့ဖူးသည်။

"အရင်က ဒီဆိုင်လေးကစာအုပ်ရောင်းတဲ့ ဆိုင်လေးပေါ့၊ ကိုက ဘွားဘွားနဲ့နေတာ ... ဘွားဘွားအချစ်တော်ပေါ့ ... ဖေဖေနဲ့မေမေကလည်း စာအုပ်နဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ





ပဲ လုပ်တာလေ ... ဒီတော့ ကို့အတွက်ဆိုပြီး ဒီစာအုပ် ဆိုင်လေးကို ဘွားဘွားပေးတာ ... ဒါပေမယ့် အခုတော့ ကညစ် စာကြည့်ခန်းလေးပေါ့ ..."

"ကို့ မိဘနဲ့ ဘွားဘွားရော ဒီကိစ္စသိရဲ့လား ..."

ကိုက နားလည်စွာ ခေါင်းညိတ်ပြီး ...

"အားလုံးသိတယ် ... ကို လုပ်သမျှကို အိမ်ကအမြဲလက်ခံ နားလည်ပေးနေကျ ကညစ်ရဲ့ မပူနဲ့နော် ..."

ကို့မှာ ဒီလောက်အချစ်ခံရသော ဇာတာပါလာလေ သလား ...

"ကို့မှာ ဆန္ဒတစ်ခု အမြဲရှိတယ် ဘာလဲသိလား ..."

သူမ ခေါင်းခါပြီး ကို့စကားကို နားစွင့်နေလိုက် သည်။

"ကညစ်ရဲ့ လိုအပ်ချက်နဲ့ဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေး ဖို့ပဲ"

"ဟင်း ... ဒါနဲ့ပဲ ကညစ်ဆီက အချစ်တွေ ချူယူနေတယ်"



www.burmeseclassic.com

သူမ ချစ်စနိုးနှင့် စ,သည်ကိုလည်း ကိုက ကြည်ဖြူလျက် ...

သူမအတွက် သူမအပေါ် အချစ်ပြနိုင်ဆုံးနဲ့ သူမကလည်း အချစ်အများကြီးပေးနိုင်သောသူအဖြစ် ကို့အပေါ် ယုံကြည်မြတ်နိုးလွန်းစွာ ...။





သူမ ဖတ်နေသော စာအုပ်ကြားထဲက ထွက်လာသည့် စာအိတ်တစ်အိတ် ...

ဖောက်ဖတ်ပြီးသားဖြစ်သော စာအိတ်က နိုင်ငံခြားမှ ပို့လိုက်သောစာအဖြစ် ဖော်ပြနေသည်။

သို့သော် စာအိတ်ပေါ်က လိပ်စာညွှန်ထားသော လိပ်စာရှင်က 'ကို'မဟုတ်သော အခြားသူတစ်ယောက် ... ဒါပေမယ့် ကို့လိပ်စာဖြစ်နေသည်။

တေဇ ဟူသော သူမနဲ့ နားစိမ်းလွန်းသည့် နာမည်ကို တွေ့ရသည်။



www.burmeseclassic.com

ကို့စာအုပ်ထဲ ညှပ်ထားပြီး မေ့သွားသည်ထင့်။

သူမနဲ့ ပတ်သက်ခြင်း မရှိသော စာဖြစ်၍ သူမ ဒီအတိုင်း ပြန်ညှပ်ထားလိုက်သည်။

ဒါပေမယ့် ...

နောက်တစ်နေ့ ကို အဆောင်ရောက်လာပြီး ...

"ကညစ် ... ကို ... ကို့စာကြည့်ခန်းသော့ ခဏလောက်၊ ကို စာအုပ်တစ်အုပ်လိုချင်လို့"

ကို့ပုံစံက လောလောနှင့် တစ်ခုခုကို စိုးရိမ်နေသည့်ပုံ။

"ရတယ်လေ ... ကညစ် လိုက်ခဲ့ပေးရဦးမလား ..."

သူမ ခေါင်းထဲတွင် စာကိစ္စကို မေ့နေပြီး သဘောရိုးနှင့် ကို့ကို ကူရှာပေးချင်သော ဆန္ဒသာရှိနေသည်။

"ရတယ် ကညစ် ... ကညစ်က ကျောင်းသွားရဦးမယ် မဟုတ်လား ... ကျောင်းကောင်းကောင်းသွား ... ညနေမှ ကို လာခဲ့မယ်နော်"





ကိုက ထုံးစံအတိုင်း သူမ ခေါင်းကို ဖွဖွပုတ်ပြီး လှည့်ထွက်သွားတော့မှ သူမ စာကိစ္စကို သတိရလိုက်သည်။

"ကို ... ကိုရှာမှာ မြတန်းတင့်ရဲ့ လိုက်ခဲ့တော့ မြနန္ဒာစာအုပ် မဟုတ်လားဟင် ..."

သူမ မေးစဉ်က အဖြေကို မမျှော်လင့်ထား ... ကို ခေါင်းခါလိမ့်မည်ဟုပင် ထင်ခဲ့သည်။

သို့သော် ...

လှမ်းနေသော ကို့ခြေလှမ်းများက တုံ့ခနဲဖြစ်သွားပြီး လျင်မြန်စွာ ပြန်လှည့်လာသည်။

"ဟုတ်တယ် ... ကညစ်၊ ကို ရှာမှာ အဲဒီစာအုပ်ပဲ"

ကိုဖတ်ပြီးသားစာအုပ်တွေချည်းပဲလို့ ပြောခဲ့ဖူးတာမို့ ကို လိုချင်တာ ဒီဝတ္ထုမဖြစ်နိုင်တော့ ... ဝတ္ထုစာအုပ်ကြားရှိ စာလေးပဲဆိုတာ သေချာသွားသည်။

"ဒါဆိုရင် ကို စာရှာတာထင်တယ် ... ကညစ် မနေ့ကမှ သွားယူခဲ့တာ ... စာလေးတစ်စောင်ပါလို့ သပ်သပ်ဖယ်ပြီး သိမ်းပေးထားတယ် ..."



www.burmeseclassic.com

သူမ အခန်းထဲ တစ်ခေါက်ပြန်ပြီး ယူပေးလိုက်စဉ် ကိုက သူမ မျက်နှာကို အကဲခတ်သလို ကြည့်နေပြီး ...

"ကညစ် ... ဖတ်မိသေးလား ..."

စိုးရိမ်ကြီးနေသည့် ကို့ပုံစံက သံသယ ဝင်ချင်စရာ။

"ဟင့်အင်း ... ကညစ်နဲ့မှ မဆိုင်တာ ကိုရဲ့ မဖတ်ပါဘူး ... ပြီးတော့ ကို့ စာလည်း မဟုတ်ဘူးနော် ... ဘယ်သူ့စာလဲ"

ကိုက မျက်နှာပျက်နေပြီး ...

"သူငယ်ချင်းတစ်ယောက်ရဲ့စာပါ ကညစ်ရဲ့ ... အခုသူက အဲဒီစာထဲကလိပ်စာ လိုချင်တယ်ဆိုလို့"

"ဪ ... ဪ ..."

ကိုက စာကို လှမ်းယူလိုက်ပြီး ...

"ကညစ် တကယ်မဖတ်ပါဘူးနော်"





သူမ စိတ်တိုလာသဖြင့် ...

"ကို ... ဘယ်လိုဖြစ်နေတာလဲ ..."

သူမ အသံမာရင်တော့ ကိုက ပျာပျာသလဲ စိတ်ပူတတ်သူဖြစ်ပြီး ...

"ကညစ်ကို စချင်လို့ပါ ... သွားမယ်နော်"

ကိုက မူပျက်လျက်နှင့်ပင် သူမကို စပြီး ပြန်သွားလေသည်။ ကို ပြန်သွားတော့မှ သူငယ်ချင်းရဲ့ စာဖြစ်ပြီး ဘာဖြစ်လို့ 'ကို့'လိပ်စာတပ်ထားရတာလဲကို မေးဖို့ မေ့သွားတာကို သတိရလိုက်သည်။

"အို ... ငါနဲ့ ကိုနဲ့က ချစ်သူတွေပဲ ... သိပ်စပ်စုလို့ မကောင်းပါဘူးလေ"

မမေးမိတာကိုပင် ခပ်ကောင်းကောင်းဟု တွေးမိလိုက်ပြီး ထိုကိစ္စကို မေ့ထားလိုက်သည်။

ကို့ကို သူမ ချစ်နေရင် ...



www.burmeseclassic.com

ကိုက သူမကိုချစ်နေရင် အားလုံး ပြည့်စုံနေသည်ဟု ပဲထင်မိသည်။ မှားနေသော ခံယူချက်ဖြစ်နေသည့်တိုင် ပစ္စုပ္ပန်လေး အတွက် သူမ သာယာနေသည်။





သူမ အလုပ်မှတစ်ဆင့် ဆက်သွယ်ပေးမှုကြောင့် မဂ္ဂဇင်းနှစ်စောင်တွင် ပရုဖတ်အလုပ် ဆက်ရခဲ့ပြန်သည်။

မဂ္ဂဇင်းအလုပ်ဆိုသော်လည်း မဂ္ဂဇင်းတိုက်တွင် ထိုင်စရာမလို တစ်လစာ ကွန်ပျူတာရိုက်ပြီး စာမူများကို အဆောင်ယူပြီး ဖတ်ရုံသာ။

တစ်နေ့တစ်နေ့ ထိုမဂ္ဂဇင်းများ အပ်ထားသော ကွန်ပျူတာစာစီစာရိုက်များကို ဝင် စာမူယူ၊ အဆောင်မှာဖတ်၊ နောက်နေ့ မဂ္ဂဇင်းတိုက်ဝင်ပို့ ...

"ပင်ပန်းပါတယ် ကညစ်ရယ် ... အခုလည်း ကညစ် အလုပ်လုပ်တဲ့ဆီက လခပိုပေးတယ်ဆို"


www.burmeseclassic.com

ကိုက သူမ ပင်ပန်းတာကို မကြည့်ရက် ...

သူမအတွက်ကတော့ ဒီလိုပင်ပန်းခွင့်ရတာကိုပင် ဝမ်းသာနေသည်။

ကျောင်းစရိတ်ကို ကောင်းကောင်းလောက်သည့်အပြင် သူမအပ ◌ှက် အပိုသုံးစရာပင် ရနေသေးသည်။

"ကို့ကို ကညစ် မုန့်လိုက်ကျွေးချင်တယ်"

ချစ်သူတွေဖြစ်ပြီးသော်လည်း သူမ ကို့ကို မုန့်မကျွေးဖူးသေး။

"အင်း ... ကိုလည်း ကညစ်ဝယ်ကျွေးတာကို စားချင်တယ်"

သူမ ပြောတိုင်း မငြင်းတတ်သော ကို့ကို အပြာရောင်ဆိုင်လေးဆီသို့ပင် ခေါ်လာခဲ့လိုက်သည်။

"ကညစ် ဘာဝယ်ကျွေးမလဲ ..."

ကိုက ဆိုင်ထဲ ရောက်သည်နှင့် ကလေးတစ်ယောက်လိုပူဆာလေသည်။

"ကို စားချင်တာမှာလေ ... ကညစ် ဝယ်ကျွေးမှာပေါ့"





သူမနဲ့ကို့ကြားတွင် ခြားနားနေသော ငွေတံတိုင်းက ချစ်သူရဲ့ နားလည်ညှာတာပေးမှုကြောင့် ပျောက်ကွယ်မှေးမှိန်လို့။

ကို့စိတ်ကြိုက်မှာပြီး နှစ်ယောက်သား စားနေကြချိန်တွင် သူမတို့ရဲ့ တစ်ဖက်ဝိုင်းတွင် အတန်းထဲက လူများကို တွေ့လိုက်ရသည်။

ကိုနဲ့ ကျောင်းတုန်းက အတူထိုင်သော အောင်ခန့်နှင့် မျိုးမျိုးတို့အုပ်စု ...

သူမ လှမ်းကြည့်မိစဉ်ပင် အောင်ခန့်နှင့် အကြည့်ချင်းဆုံသွားသည်။ အောင်ခန့်က သူမမှတစ်ဆင့် သူမဘေးရှိ 'ကို့'ကို မြင်သွားသည်။

"ကို ... ဟိုဘက်ဝိုင်းမှာ ကို့သူငယ်ချင်းလေ ..."

သူမ ကို့ကို ခပ်တိုးတိုး ပြောနေစဉ်ပင် အောင်ခန့်က နေရာမှထလာပြီး ...

"ဓနု ... ကြည့်စမ်း ... ဘယ်တုန်းက ပြန်ရောက်နေတာလဲ"


www.burmeseclassic.com

ကိုက အောင်ခန့်ကိုကြည့်ပြီး အူကြောင်ကြောင် ပုံစံနှင့် ဖြစ်နေ၍ အောင်ခန့်ပါ ရှိုးတိုးရှန့်တန့် ဖြစ်သွားသည်။

"ခန ... မင်း နိုင်ငံခြားကပြန်လာတာ အတိတ်မေ့သွားလို့ လား"

ကို့ပခုံးကို ရင်းရင်းနှီးနှီး ပုတ်ပြီး ပြောလိုက်တော့မှ ...

"ရတ် ... ရတ်တရက်မို့လို့ ကြောင်သွားတာပါကွာ"

ကိုက ပြေပြေပြစ်ပြစ် ပြန်ပြောနေသော်လည်း ဟက်ဟက်ပက်ပက် မရှိတာကို သူမ သတိထားမိနေသည်။

"မင်းကလည်း ဖြစ်ရမယ် ... ကညစ်နဲ့ အဆင်ပြေနေတယ်ပေါ့ ... ငါပြောသားပဲ မင်း ရင်ထဲမှာ ကညစ်က ပြိုင်ဘက်တစ်ယောက် အနေအထားထက် မကပါဘူးလို့"

ကို ဘာတွေ ပြောထားသည်မသိ အောင်ခန့်က ဖော်ကောင်လုပ်နေသည်။

"အေးပါကွာ ... ငါဝန်ခံပါတယ် ... ကညစ် ရက်နေပါဦးမယ် ... မင်းတို့ဝိုင်းအတွက် ငါဒကာခံပေးမယ် ဟုတ်လား"





ကို့အသွင်က ဝတ္တရားထက်ပိုပြီး လှိုက်လှိုက်လှဲလှဲ မရှိ၊ ကျောင်းမှာတုန်းက အတန်းထဲမှာ အောင်ခန့်နှင့် တိုးတိုး၊ တိုးတိုးလုပ်နေသည့် ကို့အသွင်နှင့် မတူ။

အင်းလေ ... ကျောင်းက ကိုမှ မဟုတ်တော့တာ။

"ကညစ် ... ပြီးပြီလား ... ငါတို့ ကိစ္စလေးတစ်ခုရှိလို့ သွားဦးမယ်ကွာ ... နောက်မှ တွေ့တာပေါ့ ... မင်းတို့ဝိုင်း အတွက် ရှင်းသွားမယ်နော် ..."

ကိုက ကမန်းကတန်း သူမ လက်ကို ဆွဲပြီး ထွက်လာတာမို့ သူမ စိတ်ထဲမရှင်းသော်လည်း ဘာမှ စောဒက မတက်ဘဲ လိုက်လာခဲ့လိုက်သည်။

ဆိုင်အပြင်ရောက်သွားတော့မှ ...

"ဘယ်လိုဖြစ်တာလဲ ကိုရယ်"

ကိုက နောက်မှ မပြေးရုံတမယ် လိုက်လာရသော သူမကို ကရုဏာသက်စွာ ကြည့်ပြီး ...


www.burmeseclassic.com

"ဆောရီး ကညစ်ရယ် ... ဟိုကောင် စကားဆက်ရှည်နေမှာ စိုးလို့"

"ဟင် ... ကို့သူငယ်ချင်းပဲဟာ"

"ဒါပေမယ့် ... ကို သူ့ကို မပေါင်းချင်တော့ဘူး"

ကို့ရဲ့ မူပျက်နေပုံကို သူမ နားမလည်စွာ ...

ကို့ရဲ့ အကြောင်းပြချက်တိုင်းကို ယုံပေးဖို့အတွက် သူမ အချစ်များစွာက စေခိုင်းလျက် ...

ဒီမှာရှိပါလျက် နိုင်ငံခြားသွားသည်ဟု လိမ်ထားခြင်းကိုက ကို သူတို့နဲ့ ဝေးကွာစေချင်လို့ပဲဟု သူမ ဖြည့်တွေးနားလည်ပေးခဲ့သေးသည်။





ကျောင်းကနေ အဆောင်သို့အကူး လှည်းတန်းမီးပွိုင့်ကို အဖြတ်တွင် လက်မောင်းတစ်ဖက်ကို လှမ်းဆွဲသလို ခံစားလိုက်ရ၍ လှည့်အကြည့် ...

"ဟယ် ... ပွင့်ဖြူ"

သူမရဲ့သူငယ်ချင်း ပွင့်ဖြူ။ ကွဲသွားတာ ငါးနှစ်ခြောက်နှစ်ကျော်နေပြီဖြစ်သော်လည်း အရင်တုန်းကလို ဖော်ရွေရင်းနှီးသော အပြုံးမျိုးနဲ့ပင် ...

"မိန်းမ ... တူပါတယ်လို့ ကြည့်နေတာ ... လာ ... တစ်နေရာမှာ စကားပြောရအောင်"

ဆယ်တန်းအထိ နယ်ကျောင်းမှာ တတွဲတွဲ တွဲခဲ့သော သူငယ်ချင်းဖြစ်၍ သူမလည်း စကားတွေ ပြန်ပြောချင်နေသည်မို့ ...



www.burmeseclassic.com

"ဒါဆို မိန်းထဲက ဦးချစ်ဆိုင်မှာပဲ သွားထိုင်ရအောင်"

ပွင့်ဖြူနဲ့အတူ မိန်းထဲ ပြန်ဝင်ခဲ့ကြပြီး ဦးချစ်ဆိုင်သို့ ထိုင်လိုက်ကြသည်။

စာကူးစရာ ရှိနေသော နုထွေးက အတန်းထဲတွင် ကျန်ခဲ့ခြင်းဖြစ်ရာ နုထွေး အပြန်ကို စောင့်နေရာလည်း ရောက်သွားတာပေါ့။

"နင် အခု ဘာတက်နေလဲ"

ပွင့်ဖြူက ထိုင်လိုက်သည်နှင့် သူမကို မေးသည်။

"မဟာဝိဇ္ဇာနောက်ဆုံးနှစ်"

"ဘာမေဂျာလဲ"

"မြန်မာစာ"

ပွင့်ဖြူက ရယ်လိုက်ပြီး ...

"အတန်းထဲက အမြဲချီးကျူးခံရတဲ့ စာစီစာကုံးတွေ အလကားမဖြစ်တော့ဘူးပေါ့"

"ထားလိုက်ပါတော့ ... နင်ရော အခု ဘာလုပ်နေပဲ"





"ငါ FE ဘဏ်မှာ လုပ်နေတယ် ... လောလောဆယ် လေယာဉ်ကွင်းမှာ တာဝန်ကျနေတယ် ... တစ်ရက်နား တစ်ရက်ဆင်းပေါ့"

ဒီလိုနဲ့ သူမနဲ့ ပွင့်ဖြူ အရင်တုန်းကအကြောင်းရော၊ အခုလက်ရှိ အကြောင်းရော အားပါးတရ ပြောရ၍မဆုံး။

"နေပါဦး ... နင် မိန်းထဲကို ဘယ်တုန်းက ရောက်တာလဲ"

"ဂုဏ်ထူးတန်းတက်ကတည်းက ရောက်နေတာလေ ... ဘာဖြစ်လို့လဲ"

"ငါ ဒီမှာ သူငယ်ချင်းတစ်ယောက်ရှိလို့ လာလည်ဖူးတာပဲ၊ နင့်ကို မတွေ့ပါဘူး"

"ဘယ်မေဂျာကလည်း"

"မြန်မာစာကပဲလေ ..."

မြန်မာစာဆိုရင် သူမ အတန်းထဲက အားလုံးကို သူမ သိထားသည်ပဲ။



www.burmeseclassic.com

"ဘယ်သူ့ဆီ လာလည်တာလဲ ... စာသင်ချိန်ဆိုရင် ငါ အမြဲ အတန်းထဲမှာ ရှိပါတယ် ... ဘယ်သူလဲ ... နင့် သူငယ်ချင်းက အခု ရှိသေးလား"

ပွင့်ဖြူက လက်ဖက်ရည်ခွက်နှုတ်ခမ်းကို Tissues စနဲ့ တို့သုတ်လိုက်ပြီးမှ သောက်သည်။ ဒါ ... ရန်ကုန်စတိုင်ထင်ရဲ့။

သူမ ပွင့်ဖြူကို ကြည့်ပြီး ပြုံးမိသောအပြုံးက ပွင့်ဖြူ၏ နောက်ဆက်တွဲစကားကြောင့် တစ်ဝက်တစ်ပြက်နှင့် ရပ်သွားရသည်။

"ခနတဲ့ ... နင် သိလား"

ခန ... ခနနဲ့ ပွင့်ဖြူက သူငယ်ချင်းတွေတဲ့။

သူမအတွက် အံ့သြဝမ်းသာစရာပေါ့ ...

"ဒါပေမယ့် အခု ကျောင်းမတက်တော့ဘူး ... နိုင်ငံခြားထွက်သွားပြီ"

လာပြန်ပြီတစ်ယောက် ... သူမ နားမှာရှိနေသော ခနကို အားလုံးက အဝေးကို လှမ်းပို့နေကြသလိုပင်။





"ဟာ ... ရှိပါတယ် ... ဒီမှာပါပဲ ... ကျောင်းပဲမတက်တော့တာ ... သူ့အိမ်စီးပွားရေးလုပ်ငန်းတွေ လုပ်နေတယ် ပြောတာပဲ"

ပွင့်ဖြူက သူမကို မျက်လုံးပြူးကြီးနှင့် ကြည့်နေသဖြင့် သူမရဲ့ ပိုင်နိုင်တိကျသော အကြည့်ဖြင့် ရဲရဲပြန်ကြည့်လိုက်ပြီး ...

"နင်မယုံရင် နင့်ကို ငါ သူနဲ့ ဆုံပေးလို့တောင် ရတယ်"

"မဟုတ်သေးပါဘူး ကညစ်ရဲ့ ... နင် လူမှားနေတာဖြစ်မယ်"

လူမှားရလောက်အောင် သူမ အမြင်အာရုံရော ဦးနှောက်ပါ မချွတ်ယွင်းသေး ...

"အဲ ... ရန်ကုန်မြို့ပေါ်မှာ ထားလိုက်ပါတော့ ဒါက ကျယ်လွန်းသေးတယ် ... ငါတို့အတန်းထဲမှာ ခနဘယ်နှယောက် ရှိနိုင်လို့လဲ"

ပွင့်ဖြူက လက်ဖက်ရည်ကို ဆက်မသောက်တော့။



www.burmeseclassic.com

လက်ဖက်ရည်ထက် စိတ်ဝင်စားစရာကောင်းသော ငြင်းခုံမှု တစ်ခုကို တွေ့ထားလို့ပင်။

"နင်နဲ့ ဓန တော်တော်ရင်းနှီးလို့လား ကညစ်"

သူမ မဖြေရဲသေးပါ။ ဒါပေမယ့် ဝိနည်းလွတ်အောင် သာမန်တော့ ခေါင်းညိတ်လိုက်မိသည်။

"ဒါဆိုရင် ဓနမှာ အမြွှာညီ ရှိတယ်ဆိုတာရော သိလား"

ကို့ရဲ့ အမြွှာညီတဲ့ ...

ကိုလည်း တစ်ခါမှ မပြောဖူးသလို သူမလည်း တစ်ခါမှ မမေးခဲ့ဖူး။

"ဟင့်အင်း"

"ဒါဆို နင် သူနဲ့များ မှားတာလား ... ငါက ဓနကို လေဆိပ်မှာ သေသေချာချာ နှုတ်ဆက်ပြီး ပို့ပေးလိုက်ရတာ၊ အဲဒီတုန်းကတောင် ဓနညီနဲ့ ဆုံခဲ့သေးတယ် ... ခွဲလို့မရ အောင်ကို တူတာ"





သူမပဲ မှားနေသလား ...

ပွင့်ဖြူပဲ မှားနေသလား ...

"ဒါပေမယ့် တေဇက ကျန်းမာရေး မကောင်းဘူး ... ကိုးတန်းအထိပဲ ကျောင်းနေနိုင်တယ် ... ကျန်းမာရေးကြောင့် စိတ်အပင်ပန်းမခံနိုင်ဘူးလေ ... အခု ဓန နိုင်ငံခြားကိုသွားတာလဲ တေဇအတွက်ပဲ ... ဟိုမှာ တေဇ ဆေးကုဖို့ကိစ္စ သွားစုံစမ်းတာလို့ ပြောတယ်"

တေဇတဲ့ ...

ဒီနာမည် ကြားဖူးပါတယ် ...

ဘယ်မှာပါလိမ့် ... ဘယ်မှာပါလိမ့် ...

ကို့ရဲ့ မှုပျက်နေသောမျက်နှာ ... ပြီးတော့ စာအိတ်ပေါ်က နာမည်တစ်ခု ...

ဘုရားရေ ... တကယ်ပဲ သူမ မှားခဲ့တာလား ... မဟုတ်ပါဘူး ... မှားရအောင် အလိမ်ခံခဲ့ရတာလား ...



www.burmeseclassic.com

"ပွင့်ဖြူရယ် သေချာရဲ့လား ..."

ပွင့်ဖြူက မျက်နှာပျက်လာသော သူမကို အံ့သြသလို ကြည့်နေပြီး ...

"ငါတို့ မိဘချင်းလည်း ရင်းနှီးတယ် ကညစ်ရဲ့ ... ဒီမှာ ရှိနေတာက တေဇ ... နိုင်ငံခြားကို ထွက်သွားတာက ဓန"

သူမ မျက်လုံးထဲတွင် လက်ဖက်ရည်ခွက်ထဲက နီကျင်ကျင် အရည်များသည် ဖြူဖျော့သွားသည်။ ပြီးတော့ အဖြူရောင်ချည်းသက်သက် ... ထိုအဖြူရောင်ကပင် ဖြူလျော်နေသော မျက်နှာတစ်ခု ဖြစ်သွားပြန်သည်။ ပြီးတော့ သူမကို ကြည့်ပြီး ပိုင်နိုင်ကျွမ်းကျင်စွာ ပြုံးလျက် ...

"ဓနက သူ့ညီကိုသိပ်ချစ်တာ ... တစ်ရက်တည်း မွေးတာ မှန်ပေမယ့် အကောင်းတွေကို သူချည်းပဲရထားပြီး အဆိုးတွေကိုတော့ သူ့ညီကပဲ ရရှာတာတဲ့"





သူမ နားထဲတွင် ပွင့်ဖြူရဲ့အသံက နီးသွားလိုက်၊ ပျောက်သွားလိုက် ... တစ်ခါတစ်ရံ ပွင့်ဖြူရဲ့အသံက အာရုံထဲက ပျောက်သွားသေးသည်။ သူမရင်ထဲ သိနေသည့် အသိတစ်ခုမှာ သူမ ကမ္ဘာတစ်ခု ပျောက်ဆုံးနေခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

“ကဲ ... ပြော ... ကို့ကို ဒီခေါ်လာတာ ဘာကြောင့်လဲ ... ပြီးတော့ လမ်းမှာ စကားတစ်ခွန်းမှ မပြောတာရော ဘာဖြစ်လို့လဲ”

ကိုက ဝေဒနာတွေနှင့် ပြည့်နှက်နေသော သူမကို နှစ်သိမ့်ရန် ကြိုးစားနေသည်ထင်။ ကို့အသံက နွေးထွေးကြင်နာမှုအပြည့် ...

မဟုတ်ဘူး ... မဟုတ်ဘူး ... ဟန်ဆောင်လိမ့်ညာမှုအပြည့်နဲ့ပေါ့ ... သူမကို သူမ့ အထင်ကြီးတဲ့ ခံစားမှုမျိုး ဘေးဖယ်ထားရဦးမယ်လေ။





သူမ စာကြည့်ခန်းသော့လေးကို စားပွဲပေါ်သို့ လျှောခနဲ တင်ပေးလိုက်စဉ် ... ကို ... မျက်နှာပျက်သွားသည်။

အပြာရောင် လွမ်းမိုးလွန်းသောဆိုင်ကလေးက ဒီနေ့ ပို၍ မှိုင်းမှုန်နေသလိုပင်။

“ဒါ ... ဘာ ... ဘာလုပ်တာလဲ ကညစ်”

ကိုက ထိတ်လန့်တကြား သူမကို မေးလာစဉ် ...

တင်းကျပ်လွန်း၍ စကားလုံးရှာမရသော သူမ နှုတ်ခမ်းများက စေးထန်းလွန်းလျက် ...

“ကညစ် နောက်နေတာ မဟုတ်လား”

ခေါင်းကိုတော့ သူမ ပင်ပန်းတကြီးနဲ့ ခါပြလိုက်သည်။

ငြိမ်သက်လွန်သော သူမတို့နှစ်ယောက်ကြားရှိ ဆိတ်ငြိမ်မှုကို မခံနိုင်တော့သည့်အဆုံးမှ ...

“ကျွန်မ နောက်နေတာ မဟုတ်ဘူး တေဇ”



www.burmeseclassic.com

သူမ နှုတ်က တေဇဟုထွက်သွားသည့်တိုင် ကို့နှုတ်က တေဇ မဟုတ်ပါဘူး” ဟူသော အသံကို နားစွင့်ထားဆဲ မျှော်လင့်ထားဆဲ ...

မဟုတ်ပါဘူးလို့ ... ကို ငြင်းလိုက်စမ်းပါကွယ် ... အားလုံးက မှားနေတာပါ ... ကညစ်နဲ့ကို မမှားပါဘူးလို့ ဝန်ခံပြလိုက်စမ်းပါ။

ရင်ထဲက အရူးတစ်ယောက်လို မြည်တမ်းသံကို ကို ဘယ်ကြားနိုင်ပါ့မလဲ ...

ညိုသွားသော မျက်နှာနဲ့ ညှိုးလျော်သွားတဲ့ မျက်ဝန်းတွေကိုသာ ကို့ရဲ့အခြေအနေပဲပေါ့။

“ကညစ် သိသွားပြီကိုး ...”

ဒါကိုပဲ ရှင် မျှော်လင့်ခဲ့တာ မဟုတ်လားကွယ်။

ဝမ်းပမ်းတသာနဲ့ ကျွန်မကို ထားရစ်ခဲ့လိုက်ပါတော့။





“ရှင်းပြစရာတွေ အကြောင်းပြချက်တွေတော့ ရှိမှာပေါ့ ... ဒါပေမယ့် ကျွန်မ နားမထောင်ချင်တော့ဘူး ... ကိုယ့်အမှားကိုယ် မကြည်ရဲဝံ့သူလိုပဲ သတ်မှတ်လိုက်ပါတော့”

ကြည့်စမ်း ... ရင်ကော့ခေါင်းမော့၍ ဖြေနေနိုင်သည့်ကြားက ဒီမျက်ဝန်းတွေ ဘာကြောင့် ဝါးသွားရတာလဲ ...

ကိုက ခေါင်းကို လုံးဝ ငိုက်စိုက်အောက်ချထားလိုက်သည်။

“ကညစ် နားထောင်ချင်တဲ့တစ်နေ့ ကို ရှင်းပြပါ့မယ် ... ပြီးတော့ ကို့ရင်ထဲက ကညစ်ကို ဘယ်အကြောင်းပြချက်နဲ့မှ ဆွဲထုတ်မပေးနိုင်ဘူးလို့ ကို ပြောထားပါရစေ”

သူမ ချစ်ခဲ့တာ ခနေ ... အဲဒီအချစ်တွေကို ရှင်သန်ကြီးထွားစေခဲ့တာက တေဇ ... အားလုံးကြားမှာ ရူးသွပ်စွာ ကူးခတ်ခဲ့တာက သူမ ...

“ကျွန်မဘက်ကတော့ ဒီသော့လေးအပါအဝင် ကျွန်မရင်ထဲ



www.burmeseclassic.com

က အချစ်အားလုံးကိုပါ ပြန်ပေးခဲ့လိုက်ပြီ ... ကျွန်မကို ကျွန်မ ရင်ခွင်ဗလာကျင်းနေတဲ့ မိန်းမတစ်ယောက် အဖြစ် ရှင်သန်ရပ်တည် သွားတော့မယ် ... လှည့်စားခံရဖူးတယ် ဆိုတဲ့ ဒဏ်ရာက တစ်ယောက်တည်းလျှောက်မယ့် ဘဝခရီး မှာ အထောက်အပံ့ ဖြစ်သွားမှာပါ”

“ကညစ်”

တစ်ခုခုပြောဖို့ ကြိုးစားနေတာက ကို ...

အဲဒီတစ်ခုခုက သူမ မကြားချင်တဲ့ စကားလုံးတွေပဲ ဖြစ်မှာပေါ့ ...

“သွားတော့မယ် တေဇ ...”

ကိုက ကျန်ရစ်နေခဲ့စေလိုသော ဆန္ဒဖြင့် တားလို ဟန်။

ဒါတွေက အပျော့ဆွဲနဲ့ သူမကို အနိုင်ယူခဲ့တဲ့ နည်းတွေပါ။





နှုတ်ခမ်းပေခဲ့ဖူးတာက နွားနို့ကြောင့် မဟုတ်ဘူး ကို ... သောက်ခဲ့တဲ့ ကျွန်မတို့ရဲ့ အပြစ်တွေပဲပေါ့ ...။



www.burmeseclassic.com

ကို့ရှေ့မှာ မကျခဲ့သော မျက်ရည်များက နုထွေးရှေ့အရောက်တွင် အခါလွန်မိုးတစ်ခုနှယ် ...

"ငိုချလိုက် ကညစ် ... နင့်ရင်ထဲက သူ ထွက်သွားတဲ့အထိ ငိုပစ်လိုက်"

ငိုချလိုက်ရုံနဲ့ သူမ ရင်ထဲက အချစ်တွေ ထွက်သွားနိုင်မယ်ဆိုရင် သူမ မျက်လုံးတွေ ပေါက်ကွဲလွင့်စင်သွားတဲ့အထိ ငိုလိုက်မိမည်ထင်။

ဒါပေမယ့် သူမကို သူမ သိနေသည်။

သူမ ရင်ခွင်သည် လစ်လပ်သော ရင်ခွင်အဖြစ်သို့ ဘယ်သောအခါမှ ပြန်ရောက်တော့မည် မဟုတ်ပေ။





ကြမ်းတမ်းစွာဖြင့် သူမ သုတ်ချလိုက်သော မျက်ရည်များကို မြင်လျှင် ကို ဝမ်းသာနေမှာလား ...

"နင် ပါးရိုက်ခဲ့ဖို့ ကောင်းတယ် ကညစ်"

သူမ နာကြည်းခဲ့ခြင်းကို ကို့အသား နာကျင်စေခြင်းကလည်း ကုစားနိုင်မည်မဟုတ်။

"ကညစ်ရေ ... ဧည့်သည်ရောက်နေတယ်"

"နင်နေ ကညစ် ... ငါ ထွက်ကြည့်လိုက်မယ် ... တော‌ဇ ဆိုရင် ငါ အပြတ်ပြောခဲ့မယ်"

နုထွေးက သူမကို နှစ်သိမ့်အသိပေးပြီး ထွက်သွားသည်။ နုထွေး ချက်ချင်း ပြန်မဝင်လာသည်ကို ထောက်၍ ရောက်နေသူမှာ ကိုပင် ဖြစ်မည်ဟု ခန့်မှန်းမိလိုက်သည်။

သူမ 'ကို့'ကို ရှောင်ခဲ့သည်မှာ တစ်ပတ်ကျော်ခဲ့ပြီပဲ။

ကို ... တဲ့ ...

ဒီနာမ်စားကို ဘာဖြစ်လို့ သူမ အတွေးထဲက မထုတ်ပစ်နိုင်ရတာလဲ ...



www.burmeseclassic.com

အဲဒီ'ကို'က ဘယ်သူ့ကို ရည်ရွယ်တဲ့ 'ကို'လဲ ...

ခနကိုလား ...

တေဇကိုလား ...

သူမ စိတ်ရှုပ်နာကျင်စွာ ခေါင်းခါလိုက်မိသည်။

ထိုစဉ် နုထွေး ပြန်ဝင်လာပြီး ... ခုတင်ပေါ်သို့ ကြမ်းတမ်းစွာ ထိုင်ချလိုက်သည်။

"လာ လာရဲ့ကြသေးတယ် ... တောက်"

သူမ မေးစရာမလိုတော့၍ မမေးမိတော့ ...

ဒါပေမယ့် ... နုထွေးကတော့ ဒေါသတကြီး သူမကို တိုင်တည်ရေရွတ်နေလေသည်။

"ခု ညီဖြစ်လိုက် ... ခု အစ်ကိုဖြစ်လိုက်နဲ့"

သူမ ပြတင်းပေါက်မှ လှမ်းမြင်ရသော ကားထဲတွင် 'ကို'ကို တွေ့လိုက်ရသည်။

"ကညစ် ... အခုလာတာ တေဇ မဟုတ်ဘူး ... ခနတဲ့"

ခနတဲ့ ...





သူမ စိတ်လှုပ်ရှားသွားပြန်သည်။

အင်းလေ ... ဝေဒနာဆိုတာ စိတ်လှုပ်ရှားမှုနဲ့တော့ ဆက်စပ်နေဦးမှာပေါ့ ...

"ဘာတဲ့လဲ ..."

သူမ သိလိုခြင်းက တရားပါသည်။

"ကညစ်နဲ့ စကားပြောချင်တယ်လို့ပဲ ပြောတယ် ... ဘာမှ မပြောဘူး"

"နောက်တော့ရော ..."

"အပြာရောင်မှာ သူ ရှိနေမယ်တဲ့ ... ကညစ်ကို စောင့်နေမယ်လို့ပဲ ပြောသွားတယ်"

အပြာရောင်တဲ့ ...

ဒီဆိုင်လေးက သူမအတွက် ချစ်စရာရော နာကြည်းစရာတွေပါ မွေးဖွားပေးခဲ့တဲ့ ဆိုင်လေးပဲ ...

ခန ဒီဆိုင်လေးကို ချိန်းခဲ့တာ ဘာအဓိပ္ပာယ်နဲ့လဲ။



www.burmeseclassic.com

ဓနရေ ... ကျွန်မ ခံလိုက်ရတယ်ဆိုပေမယ့် ကြောက်တော့ မကြောက်သွားဘူးနော် ...

တေဇကို ရင်ဆိုင်ခဲ့ပြီးသွားပြီ။

အခု ဓနအလှည့်ပေါ့။

ကျွန်မချစ်ခဲ့တဲ့ 'ကို'က ပျောက်ဆုံးနေပြီလေ ... မဟုတ်သေးဘူး ... ကျွန်မ ဖျောက်ထားပစ်တော့မှာပါ။





"ငါ သွားမယ် နုထွေး ..."

နုထွေးက ချက်ချင်း အဝတ်ကောက်လဲလိုက်သော သူမကို အံ့သြစွာ ကြည့်နေသည်။

"ဒါဆို ငါလည်း အဖော်လိုက်ပေးမယ် ..."

"ရတယ် နုထွေး ... သူတို့ ဘယ်လို လှည့်စားဦးမလဲ ဆိုတာ သိရတာပေါ့"

ဒါ ... တကယ့်အကြောင်းပြချက်မှ ဟုတ်ရဲ့လား ...

မှန်ထဲက မျက်နှာပြောင် သူမကို အမြန်ဆုံးသနပ်ခါးဖြင့် ဖို့လိမ်းပစ်လိုက်သည်။

ဒါမှ နဂိုမူရင်း ကညစ် ဖြစ်သွားမှာပေါ့။



www.burmeseclassic.com

သူမရင်ထဲသို့ အပြည့်သိပ်၍ ထည့်ယူလာခဲ့သော နာကြည်းမှုများက လေးလံစွာ ...

အပြာရောင်ဆိုင်လေး၏ နှစ်ယောက်ထိုင်နေရာလေး တစ်ခုတွင် မနက ကျောပေးလျက် ထိုင်နေသည်။

ဟင်း ... စာအုပ်တစ်အုပ်ကို ဖတ်လျက် ...

ဒါဆို သူ့ အချိန်တွေက သူမအတွက် ဖြုန်းရာ ဘယ်ကျတော့ပါ့မလဲ။

မနရဲ့ မျက်နှာချင်းဆိုင်နေရာတွင် သူမ ရပ်လိုက်ပြီး စားပွဲပေါ်သို့ ပါလာသော ပိုက်ဆံအိတ်ကို အသံမြည်အောင် တင်လိုက်စဉ် ...

မနရဲ့ မော့ကြည့်လာသောမျက်နှာ ...

သေချာတယ် ... ဒါ မနပဲပေါ့ ...

ပျောက်ဆုံးနေတာ ကြာပြီဖြစ်တဲ့ မာကျောမှုတွေကို မန မျက်နှာပေါ်မှာ တပ်ဆင်လျက် ...

"နို့တစ်ခွက် ထပ်ပေးပါ"





သူမ အတွက် မှာပေးတာလား ... တေဇ ကာဝန် ကျေပေးရုံနဲ့ သူမ ကြည်နူးမိရမှာလား ... ဝေးသေး ...

"ကညစ် ဘာပြောချင်လဲ ပြော ..."

အလိုလေး ... စကားပြောရအောင် ချိန်းတာက သူ။ ရောက်လာပြီး စကားပြောခိုင်းသူကလည်း သူပဲ ဖြစ်နေပြန်သည်။

"ဘာမှ ပြောစရာမရှိဘူး ... ဒါပေမယ့် မန တို့ဘက်က စကားတွေကို ချေပဖို့စကားလုံးတွေနဲ့ ဒေါသတွေတော့ ပါတယ်"

မနက အေးဆေးတည်ငြိမ်စွာနှင့် ဖတ်လက်စ စာအုပ် ကြားထဲသို့ ဖဲကြိုးလေးကို ညှပ်ပြီး မှတ်သားကာ စာအုပ်ကို ပိတ်သိမ်းလိုက်လေသည်။

ဒီလောက်အေးဆေးတဲ့ အပြုအမူတွေကို တပ်ဆင်ထားနိုင်တာ ဘယ်လိုအင်အားကြောင့်ပါလိမ့်။



www.burmeseclassic.com

"ကညစ်ဘက်က ပြောစရာမရှိရင် ကျွန်တော် ပြောတာတွေ နားထောင်ပေးဖို့ ကျွန်တော် တောင်းဆိုပါရစေ ... ကျွန်တော် ပြောမယ့်စကားတွေက တေဇရဲ့အစ်ကိုတစ်ယောက်နေရာက ပြောပေးတယ်ဆိုတာထက် တေဇကိုယ်စား တေဇရင်ထဲက ခံစားချက်တွေကို ပြောနေတာပါလို့ ကြိုပြီး တောင်းပန်ထားပါရစေ"

မနဆိုတဲ့ အမည်တစ်ခု ...

တေဇဆိုတဲ့ အမည်တစ်ခု ...

ဒီအမည်နှစ်ခုအတွက် သူမ ခံစားချက်တွေ အေးစက်နေနိုင်ပေမယ့် 'ကို'ဆိုတဲ့ နာမ်စားလေးအတွက်တော့ သူမ ပူလောင်ကျွမ်းမြည့်နေဆဲ (ရင်ခုန်တမ်းမောနေဆဲပဲပေါ့)။

ကို မဟုတ်တဲ့ လူတစ်ယောက်ရဲ့ရှေ့မှာ (ကိုလို့ ထင်မှတ်မှားခဲ့သူ တစ်ယောက်ရှေ့မှာ) သူမ ဟန်မပျက်ဖို့တော့ လိုပေလိမ့်မည်။

"တေဇဟာ ကျွန်တော်နဲ့ တစ်ရက်တည်း မွေးခဲ့ပေမယ့်





ဘဝရဲ့ တောင်းတမှုမှန်သမျှကို မရခဲ့သူလေးပါ ကညစ် ... တေဇ ဘာဖြစ်လို့ ကျွန်တော့်ဟန်ဆောင်ခဲ့တာလဲလို့ မေးရင် အဖြေတစ်ခုပဲရှိတယ် ကညစ်"

သူမ အသိချင်ဆုံးနဲ့ မကြားချင်ဆုံးစကားတွေပေါ့ ... ဒါပေမယ့် သူမ နားထောင်ရပါသည်။

"အဲဒါ ကညစ်ကို သူ သိပ်ချစ်လို့ပဲ ကညစ်"

အချစ်တစ်ခုကို ဟန်ဆောင်လိမ်ညာယူတာဟာ ချစ်လို့ပါလို့ ပြောစတမ်းဆိုရင် သူ ရခဲ့တဲ့အချစ်အတွက် ဘယ်တရားပါ့မလဲလို့ မတွေးကြတော့ဘူးလား ...

ဆက်ပြောစမ်းပါဦး ... သူတို့ရဲ့ အကြောင်းပြချက်တွေက သူမနဲ့ ဘယ်လောက်ဆက်စပ်နေလဲလို့ ...

"ဘာဖြစ်လို့ အလွယ်တကူ ဟန်ဆောင်နိုင်တာလဲလို့ ပြောရရင် ကျွန်တော်နဲ့ တေဇက ဝါသနာတူလို့ပဲ ... စာဖတ်ဝါသနာတူတဲ့အပြင် ကညစ်ကို စိတ်ဝင်စားခဲ့တာလည်း တူခဲ့ပါတယ်"


www.burmeseclassic.com

သူမ တင်းထားသည့်ကြားထဲက ရင်ထဲ ဖိုနွေးသွားလေသည်။

"ကံကြမ္မာက မတရားဘူးဗျ ... မိနစ်ပိုင်းလေးပဲကွာတဲ့ ကျွန်တော်နဲ့ တေဇကြားမှာ ပေးထားတာတွေကြတော့ သိပ်ကွာလွန်းနေတယ် ... ကျွန်တော့်မှာ ဘာရောဂါမှမရှိဘဲ စိတ်သွားတိုင်း ကိုယ်ပါနိုင်ပေမယ့် တေဇမှာ အဲဒီကုသိုလ်ကံမပါဘူး ... မွေးရာပါ နှလုံးရောဂါက ပညာဆက်သင်လို့မရတဲ့အတွက် ကိုးတန်းနဲ့ ကျောင်းထွက်ခဲ့ရတယ် ... ကျွန်တော် လုပ်ချင်တာကို လုပ်နေနိုင်တဲ့အချိန်မှာ တေဇက ဆေးအကူအညီနဲ့ သူ့ကိုယ်သူ ညှာပြီး ဘာမှ လုပ်လို့မရခဲ့ဘူး"

အဲဒီလို ကံကြမ္မာကို အပြစ်တင်လို့ ရစတမ်းဆိုရင် သူမလည်း အပြစ်တင်လိုက်ချင်ပါသည်။ သူမအတွက် အချစ်ကို အလွယ်တကူ မွေးဖွားပေးပြီး၊ အလွယ်တကူ သေဆုံးခွင့်မပေးတဲ့အတွက်လေ ...





"စာအုပ်တန်းကို ကျွန်တော်နဲ့ လိုက်ခဲ့ရင်း ကညစ်ကို သူ တွေ့သွားခဲ့တယ် ... ကျွန်တော့်ဆီက ကညစ်နဲ့ပတ်သက်ပြီး ကညစ်အကြောင်းတွေ သူ မေးခဲ့တယ် ... ကုန်ကုန်ပြောရရင် တစ်နေ့တစ်နေ့ ကျွန်တော်နဲ့ကညစ် ဘာပြောလဲဆိုတာ ကအစ သူ မေးခဲ့တယ် ... ဒါကြောင့် သူ ကျွန်တော့်အဖြစ် အလွယ်တကူ ဟန်ဆောင်လို့ရသွားတာပေါ့"

ဒါဆို ဒီဖြစ်စဉ်တစ်ရပ်လုံးမှာ တာဝန်အရှိဆုံးအပြစ်အကြီးဆုံးက ရှင်ပဲပေါ့ မန ...

"ကျွန်တော် တေဇကို သိပ်ချစ်တယ် ... ကျွန်တော်မှ မဟုတ်ပါဘူး ... တစ်အိမ်သားလုံးကကို ချစ်ကြတာ ... တေဇမှာ ရောဂါသည်ဆိုတဲ့ အားနည်းချက်နဲ့ အလိုက်သိမှုဆိုတဲ့ အချက်တွေကြောင့်လေ ..."

ဟင့်အင်း ... ကျွန်မကတော့ ဒီအားနည်းချက်လောက်နဲ့ ခွင့်မလွှတ်နိုင်ဘူး ...

"တေဇ ကညစ်ကို ချစ်နေပြီဆိုတဲ့အချိန်မှာ ကျွန်တော်



www.burmeseclassic.com

လုပ်ပေးနိုင်တာက ကျွန်တော် ပျောက်ဆုံးသွားဖို့ပဲလေ ... မနု တစ်ယောက်ပဲ ရှိရမှာပေါ့ ... ဒါကြောင့် ကျွန်တော် ကျောင်းထွက်ပြီး နိုင်ငံခြားကို ထွက်သွားခဲ့တယ် ... ဒါပေမယ့် တေဇနဲ့တော့ စာအဆက်အသွယ် ဖုန်းအဆက်အသွယ် မပြတ်ခဲ့ဘူး ... ဒါကြောင့် ကညစ်တို့ကိစ္စအားလုံး သိခဲ့တာပေါ့"

မနုရယ် ...

ကမ္ဘာမြေပေါ်က တစ်နေရာမှာ ပုန်းရှောင်သွားရုံနဲ့ အဲဒီလူက ပျောက်ကွယ်နိုင်ရောလား ... အဲဒါဆို ကျွန်မလည်း ပုန်းချင်စမ်းပါဘိ ...

"တေဇက သူ့ကိုယ်သူ အားငယ်တယ် ... သူ့အခြေအနေကြောင့် ကညစ် သူ့ကို မချစ်မှာစိုးရိမ်တယ် ... ပြီးတော့ ကညစ်ကိုယ်တိုင်က သူ့ကို ကျွန်တော်လို့ထင်ပြီး အရေးပေးခဲ့တာကို ပျောက်သွားမှာ စိုးတယ်လေ ... ဒါကြောင့် သူ ကျွန်တော်လို့ လိမ်ခဲ့တာပါ"





နောက်ဆုံးတော့လည်း တေဇရဲ့အစ်ကိုတစ်ယောက် အနေနဲ့ ဘက်လိုက်ခဲ့တာပဲ မဟုတ်လား ...

"ဒါပဲလား မနု"

မနုက ရုတ်တရက် စကားစဖြတ်လိုက်သော သူမကြောင့် စကားစ တန့်သွားသည်။

ပြီးတော့ အယောင်ယောင်အမှားမှားနှင့် ခေါင်းညိတ်ပြသည်ကို တွေ့ရသည့်အတွက် ...

"ဒါဆို တေဇအတွက် ကျွန်မဆီက ခံစားမှုတွေကို ပြန်သယ်သွားပေးပါဦး"

တင်းမာခက်ထန်ဆဲ သူမ မျက်နှာကြောင့် အကောင်းဘက်ကို မမျှော်လင့်ရဲသောပုံစံနှင့် ...

"ကျွန်မ ရင်ထဲမှာ မနုလည်း မရှိဘူး ... တေဇလည်း မရှိလို့ ... ရင်ခွင်ဗလာနဲ့ မိန်းမတစ်ယောက်ဆီက ဘာမှ မမျှော်လင့်ပါနဲ့တော့လို့ ပြောပေးပါ"



www.burmeseclassic.com

သူမ စကားအဆုံး မနေက ခေါင်းကို ဖြည်းညင်းစွာ ခါပြသည်။

"တေဇအတွက် ကောင်းတဲ့စကားကိုပဲ ကျွန်တော် ပြောချင်တယ်"

"ကိစ္စမရှိပါဘူးလေ ... ပြောပြော မပြောပြော အရေးမကြီးတော့ပါဘူး"

သူမ ထိုင်ရာမှ ထလိုက်ရင်း ပြောမိသည်။

ချထားသော ပိုက်ဆံအိတ်ကို ကောက်အကိုင် ...

"ကညစ် ... တေဇ ဘယ်မှာရှိလဲ ဆိုတာရော စိတ်မဝင်စားဘူးလား"

သူမ ငြင်းလည်းမငြင်း ... လက်လည်းလက်မခံ ... ငြိမ်နေမိဆဲ၌ပင် ...

"တေဇက အခု ဆေးရုံမှာ ရှိနေတယ်"

လှမ်းယူကောက်ကိုင်လိုက်သော ပိုက်ဆံအိတ်သည် နွားနို့ခွက်နှင့် တိုက်မိပြီး ...





ဖြူသောနွားနို့များသည် အပြာရောင်ကြွေပြားပေါ်တွင် ပြာလွင်လူးလွန့်လျက် ...

ဖန်ကွဲစအပြာများက သူ့မကို ထိုးထိုးထောင်ထောင် မော့ကြည့်အသနားခံနေသလိုပင်။



www.burmeseclassic.com

ဆေးရုံကို ဘယ်လိုအနေအထား ဘယ်လိုပုံစံနဲ့ သူမ ရောက်လာသည်မသိ။

မောဟိုက်နွမ်းလျစွာဖြင့် လူနာခန်းတစ်ခန်းထဲတွင် သူမ ရပ်နေလျက် ...

နှေးကွေးလွန်းသော အသက်ရှူသံတစ်ခုက လွှဲ၍ တိတ်ဆိတ်နေသော အခန်း ...

အကောင်းဆုံး ဆေးရုံတစ်ခု၏ ဈေးအကြီးဆုံး အခန်းထဲတွင် သူမတို့ စုဝေးနေကြသည်မှာ အံ့သြစရာ ...

အမြင်အာရုံ တစ်ခုသာ အသုံးပြု၍ရပြီး ကျန်အစိတ်





အပိုင်းအားလုံးက စက်ပစ္စည်းများ ဆေးပစ္စည်းများ၏ အကူအညီကိုယူနေရသော "ကို" ...

ဟင့်အင်း ... တေဇပါ ...

ဒီအချိန်မှာတောင် သူမစိတ်ကို သူမမာနက အနိုင်ယူရန် ကြိုးစားနေသေးသည်။

ဓနက အခန်းထဲရှိ လူအားလုံးကို (သူနာပြုမှလွဲ၍) ခပ်တိုးတိုး ပြောလိုက်စဉ် အားလုံးက သူမကို လှည့်ကြည့်ပြီး အပြင်ထွက်ပေးကြလေသည်။

အားလုံး ထွက်သွားတော့မှ ဓနက ခုတင်ဘေးသို့ ကပ်သွားပြီး ...

"တေဇ .. ကညစ် ရောက်နေပြီ"

တိုးလျစွာ ပြောခြင်းဖြစ်သော်လည်း ဆိတ်ငြိမ်ခြင်းက ကြီးစိုးလွန်း၍ ကောင်းစွာ မြင်နေရသည်။

ဖြည်းညင်းနှေးကွေးစွာ ပွင့်လာသော မျက်လုံးများ...



www.burmeseclassic.com

အဲဒါကို သူမရဲ့ ကို မျက်ဝန်းပဲပေါ့ ...

ဖိကိုက်ထားတဲ့ နှုတ်ခမ်းသားတွေ နာကျင်လှပေါ့ ကိုရယ် ...

သူမ ခြေလှမ်းများက ခုတင်နံဘေးသို့ တရွေ့ရွေ့ ...

အကြည့်များဖြင့် စကားပြောချင်နေတာလား ကို ... ကို မခေါ်နိုင်ပေမယ့် ကညစ် ကြားနေရပါတယ် ...

အဲဒီ ရီဝေဝေ လေးတွဲ့တွဲ့ မျက်ဝန်းတွေထဲမှာ တိုးလျှိုးတောင်းပန်မှုတွေ ရှိနေတယ် မဟုတ်လား ...

ကညစ် ခွင့်လွှတ်ရမှာလား ကို ...

"ကညစ် တစ်ခုခုပြောလေ"

မနက သူမဘေးမှနေ၍ တိုက်တွန်းနေသည်။

ဟင့်အင်း ... ကျွန်မရဲ့ အကြည့်တွေကို "ကို" နားလည်နေမှာပါ ...

ကို့ရဲ့ ဆေးသွင်းထားသော လက်ကို သူမ ခပ်ဖွဖွ ကိုင်လိုက်ပြီး ကို့ကိုသာ ကြည့်နေမိတော့သည်။





စကားလုံးတွေထက် တိတ်ဆိတ်မှုက ပိုပြီး အဓိပ္ပာယ် ရှိနေပါတယ် "ကို" ...

ရွှေ့လျားနေတဲ့ ကို့မျက်ဝန်းထဲက စကားလုံးတွေကို ကညစ် ဖတ်မယ် ... ကညစ် မျက်ဝန်းထဲက အဓိပ္ပာယ်တွေကိုလည်း ကို ရှာဖွေပေါ့ ...

မနက တိတ်ဆိတ်လွန်းသော သူမကို ထပ်မံမတိုက်တွန်းတော့ ...

နိုင်ငံခြားမှာ ကို့နှလုံးကို စက်နဲ့ အစားထိုးဖို့ ကြံစည်နေဆဲ ကာလမှာ ကိုက ကျန်းမာရေးကို ဂရုမစိုက်ခဲ့လို့ ခုလို ဖြုန်းစားကြီး ဖြစ်သွားရတာတဲ့ ...

ကို့ကျန်းမာရေးကို သူမ ဘာဖြစ်လို့ သတိမထားမိခဲ့ရတာလဲ ...

အမြဲတမ်းလိုလို အနွေးထည်ဝတ်ထားတတ်တာ ... နည်းနည်းလေး ပင်ပန်းရုံနဲ့ ကိုက အများကြီး နွမ်းဟိုက်နေတတ်တာ ... မကြာခဏ အသက်ရှူကျပ်တတ်တာ ဖြူဖျော့နေသည်



www.burmeseclassic.com

ကိုပင် သာမန် သွေးအားနည်းသည်ဟုပဲ ညှံ့ဖျင်းစွာ ထင်နေတတ်မိတာ ...

ကိုက သူမ အပေါ်မှာ ဟန်ဆောင်ခြင်း အပြစ်ကို ကျူးလွန်ခဲ့သလို ... သူမကလည်း အရိပ်တကြည့်ကြည့် မချစ်တတ်ခဲ့သူအဖြစ် အပြစ်ရှိနေခဲ့သူပင် ဖြစ်သည်။

"ကညစ် ... တေဇကို ခွင့်လွှတ်တယ်လို့ ပြောလိုက်ပါနော်"

သူမကို တောင်းပန်နေသော ခနအား တစ်ချက်မော့ကြည့်လိုက်မိသည်။ သို့သော် ခေါင်းတော့ မညိတ်ပြမိ။

ကိုကို ကညစ် ခွင့်မလွှတ်နိုင်ဘူးကွယ် ... ဒါပေမယ့် ကိုကို ကညစ် ချစ်ပါတယ် ...

ချစ်နေတာနဲ့ ခွင့်လွှတ်တာနဲ့ကိုတော့ သူမ ရောထွေးမထားနိုင်တာ ကို နားလည်ပါလိမ့်မည်။

ကိုက ခနဆီသို့ အကြည့်လွှဲလိုက်ပြီး တစ်ခုခုကို ပြောလိုဟန် ရှိသဖြင့် ခနက ချက်ချင်းပင် ကို့မျက်နှာဆီသို့ ခေါင်းထိုးပေးလိုက်သည်။





ကိုက အကြည့်များကို ရွေ့လျား၍ စားပွဲပေါ်သို့ ညွှန်ပြလိုက်သဖြင့် ခနက ချက်ချင်းပင် စားပွဲပေါ်သို့ လိုက်ကြည့်လေသည်။

စားပွဲပေါ်မှာ အပြာရောင် ဖန်လုံးလေးတစ်လုံး၊ အထဲတွင် လိပ်ပြာနုနုလေးတစ်ကောင်၊ ပြီးတော့ သော့တွဲလေး။

"ကညစ်ကို ပေးဖို့လား"

သူတို့ ညီအစ်ကိုအချင်းချင်း နားလည်သော နားလည်မှုမျိုးထင် ...

"ကညစ် အတွက်တဲ့ ... ဒါ သူမှာလို့ ကျွန်တော် နိုင်ငံခြားက ဝယ်လာပေးတာ"

မြန်မာပြည်မှာလည်း ရှိကောင်း ရှိနိုင်ပေလိမ့်မည်။ ဒါပေမယ့် အရောင်စုံ၍ နုထွေးသော လိပ်ပြာပုံမျိုးတော့ ရှိမည်မထင်။

သော့တွဲလေးကိုတော့ သူမ ကောင်းကောင်းမှတ်မိနေပါသည်။



www.burmeseclassic.com

သူမတို့ရဲ့ စာကြည့်ခန်းသော့လေးပဲပေါ့ ...

သူမ လှမ်းမယူဘဲ ထိုပစ္စည်းများကိုသာ ကြည့်နေမိသည်။

"ယူလိုက်ပါ ကညစ် ... တေဇ စိတ်ချမ်းသာအောင်လို့ပါ"

ကို့ရဲ့ ဖျော့တော့သော မျက်ဝန်းများကို လှမ်းကြည့်ပြီး ထိုပစ္စည်းလေးများကို ယူလိုက်သည်။

ကို့ရဲ့ အရောင်ရှိသည် ဆိုရုံလေး လက်သွားသော မျက်ဝန်းများကို သူမ နောက်ဆုံးမြင်ခဲ့ရခြင်းပင် ဖြစ်သည်။

ကို့ မျက်လုံးများက ခဏလေး မှိတ်သွားခြင်းဖြစ်သော်လည်း အားလုံးကို ကို ထားသွားခဲ့သည့် အချိန်အထိ ပြန်ဖွင့်မလာခဲ့တော့ပေ။

နောက်သုံးရက်အကြာတွင် ကို အားလုံးကို ခွဲခွာသွားခဲ့လေသည်။

ကို့ရင်ခုန်သံ မဟုတ်သော စက်တစ်ခု၏ ရင်ခုန်သံကို သူမ မုန်းတီးလွန်းလှသည်။





"တေဇက ပြောခဲ့တယ် ... သူသေမယ်ဆိုရင် သေသွားပစေတဲ့ ... စက်တွေ ဘာတွေနဲ့ အတင်း အသက်ဆက်ထားတာမျိုး မလုပ်ပါနဲ့တဲ့"

ထိုစကားကြောင့်ပင် အားလုံးက "ကို့"ကို လွတ်လပ်စွာ လွတ်မြောက်ခွင့် ပေးခဲ့ကြလေသည်။



www.burmeseclassic.com

ဖန်လုံးလေးကို ကို့ရဲ့ အုတ်ဂူထဲတွင် မြှုပ်ထားပေးခဲ့ပြီး သော့တွဲလေးကိုမူ ခနအား ပြန်ပေးလိုက်သည်။

"ကျွန်တော် မယူပါရစေနဲ့ ကညစ် ... ဒါ တေဇရဲ့ဆန္ဒပဲ ... ကျွန်တော်တို့အားလုံး ဖြည့်ဆည်းပေးမှာပေါ့"

သူမရင်ထဲမှာ "ကို့"အချစ်တွေ ရှိနေလျှင် လုံလောက်နေပြီဖြစ်သည်။

"ကျွန်မမှာ ဒီသော့ရှိနေလည်း အလကားပဲ ခန၊ ဘာဖြစ်လို့လဲဆိုတော့ ဒီသော့ကို ကျွန်မ အသုံးပြုဖြစ်တော့မှာမဟုတ်လို့ပဲ"

ခနက လေးပင်စွာ သော့ကို လှမ်းယူလေသည်။





အားလုံး ပြန်သွားပြီ ဖြစ်သော်လည်း ကို့ရဲ့ အုတ်ဂူနံဘေးတွင် သူမနဲ့ ခနသာ ကျန်ရစ်လျက် ...

ကို့ရဲ့မိဘများအဖြစ် သူမရဲ့ အလုပ်ရှင်များကို တွေ့ခဲ့ရချိန်ကစ၍ သူမရဲ့ ကံကောင်းမှုများသည် ကို့ရဲ့ဖန်တီးမှုများသာဖြစ်ကြောင်း သူမ သိခဲ့ပြီးလေသည်။

သားရဲ့ဆန္ဒအားလုံးကို ဖြည့်ဆည်းပေးသော မိဘနှင့် ညီရဲ့ ဆန္ဒကို လိုက်လျောပေးသော အစ်ကို၊ သူမကရော ချစ်သူကို ခွင့်လွှတ်မှုလေးတောင် မပေးခဲ့တဲ့ ချစ်သူလား ...။

သူမ ခံယူရဲပါသည်။

သူမ ပေးခဲ့သော အချစ်နှင့် ထိုက်တန်စွာ ကို့ကို ခွင့်မလွှတ်နိုင်ခြင်းကလွဲ၍ သူမသည် ကို့ရဲ့ချစ်သူသာ ထာဝရ ဖြစ်နေပေလိမ့်မည်။

"ကို ... ကညစ် နှုတ်ဆက်ခဲ့ပါတယ် ... ကညစ် ခွင့်မလွှတ်ခဲ့တဲ့အတွက် ကို့ဝိညာဉ်လေး ကညစ်ဆီမှာ တွယ်ကပ်နေပါနော်"



www.burmeseclassic.com

သူမ ခပ်တိုးတိုး ရေရွတ်ပြောဆိုလိုက်စဉ် ဓနက တိတ်ဆိတ်စွာ နားထောင်နေလျက် ...

"ကျွန်မ သွားပြီ ဓန"

ဓနက သူမကို တားရန် မကြိုးစားတော့၊ ခေါင်းငိုက်စိုက် ကျန်နေရစ်ခဲ့သည်။

သူမမှာ အဖော်အဖြစ် ကို လိုက်ခဲ့ပါနော်။







သူ ကညစ်ကို စွန့်လွှတ်လိုက်ခြင်းသည် အပြီးတိုင် စွန့်လွှတ်ခဲ့ခြင်း ဖြစ်သော်လည်း ထိုစွန့်လွှတ်မှုအတွက် သူ့ရင်ထဲ နာကျင်ကျွမ်းမြည့်လွန်းနေသည်။

အချစ်ဆုံးညီ လက်ထဲကို ကြည်ဖြူစွာ အပ်နှင်းခဲ့သော သူရဲ့ရလဒ်က အားလုံးကို ဆုံးရှုံးခဲ့ခြင်းပင်။

ကညစ်ရေ ...

ငါ ချစ်တဲ့ အချစ်တွေကို ငါ့ရင်ထဲ ထာဝရ ထိန်းသိမ်းထားမှာပါ ...

နင်လည်း ငါ့အတွက် မဟုတ်တဲ့ နင့်ရဲ့အချစ်တွေကို အမြဲ သိမ်းထားဦးမယ် မဟုတ်လား ...



www.burmeseclassic.com

ငါတို့နှစ်ယောက်စလုံး ပိုင်ဆိုင်ခွင့် မရှိတဲ့ အချစ်တွေနဲ့ ရှင်သန်နေကြရဦးမယ် ...

နင်က နင့်အရိပ်နားက ဝိညာဉ်တစ်ခုကို တမ်းတနေချိန်မှာ ငါကလည်း ငါ့အာရုံထဲက ပုံရိပ်တစ်ခုကို လွမ်းဆွတ်နေမှာပါ ...

နင့်ကို ငါ သိပ်ချစ်တယ် ကညစ် ...။

မနဲ ...။

အိမ့်မာဆမ်



www.burmeseclassic.com

# ဒိုမယသမင်

အပြာရောင်အိပ်မက်မျှော်စင်



www.burmeseclassic.com